
www.burmeseclassic.com

မောင်ခုခံ့

# ပန်းတို့ခါ နိုင်ငံကို

စာပေဗိမာန်စာမူဆု
(လူငယ်စာပေ ပထမဆုရ)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာပေဝတ္ထု၊ ရတုကဗျာ
လင်္ကာပန်းမိုး၊ ရွာသွန်းဖြိုးလျက်
အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်
စာပေဂုဏ်ကိုမြှင့်တင်မည်။
နိုင်ငံဂုဏ်ရည်စွမ်းဆောင်တည်။

**နိုင်ငံဂုဏ်ရည်စာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်** ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာ
**အုပ်ရေ** ၁၀၀၀
**တန်ဖိုး** ၁၈၀
**မျက်နှာဖုံး** အယ်လ်ဖာ
**ကွန်ပျူတာ** နိုင်ငံ့ဂုဏ်ရည်စာပေတိုက်

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

**ထုတ်ဝေသူ** ဦးအုန်းမောင်
ယာယီအမှတ် (၅၃၁)

**ဖြန့်ချိရေး** စာပေဗိမာန်စာအုပ်ဆိုင်
၅၂၉၊ ၅၃၁-ကုန်သည်လမ်း၊ ရန်ကုန်

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၀၀ ပြည့်နှစ်
# စာပေမာန်စာမူဆုရ လူငယ်စာပေ
# ပထမဆုရ

## ပန်းတို့၏ ဒိုင်ယာရီ

မောင်ခိုင်ခန့်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | စာရေးသူအမှာ | ၉ |
| ၂။ | ရွှေအစကားပြောတတ်ပြီ | ၁၁ |
| ၃။ | ငှက်ဆိုးမဟုတ်ပါ | ၃၁ |
| ၄။ | ရိုးသားခြင်းဂုဏ် | ၅၁ |
| ၅။ | ဝါသနာအရင်းခံ | ၆၇ |
| ၆။ | အတွေးအမြင်သစ်တို့နားခိုရာ | ၈၃ |
| ၇။ | ပန်းတို့၏ဒိုင်ယာရီ | ၉၇ |
| ၈။ | ဘိုးဘွားတို့အမွေ | ၁၁၁ |
| ၉။ | လူငယ်တို့အားမာန် | ၁၂၇ |


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ ကိုယ်ရေးရာဇဝင်အကျဉ်း



အဖ ဦးလှမောင်နှင့် အမိဒေါ်သန်းကြည်တို့မှာ ၁၉၅၈ ခုနှစ်တွင် စစ်ကိုင်းတိုင်း မြောင်းမြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၃ခုနှစ် တွင် စိုက်ပျိုးရေးဒီပလိုမာဘွဲ့ရရှိပြီး ၁၉၈၄ ခုနှစ်တွင် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ ဝန်ကြီး၏ ဧည့်သည်တော်အဖြစ်မြန်မာပြည်အနှံ့ထူးချွန်သူများလေ့လာရေးခရီးသွားရောက်ခဲ့သည်။

၁၉၈၄ခုနှစ်မှ၁၉၈၉ခုနှစ်အထိမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ဗန္ဓုလကုမ္ပဏီတွင် လက်ထောက်မန်နေဂျာ ကရုဏာမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ၊မြတ်ပန်းဝေဘာသာရေးမဂ္ဂဇင်းနှင့် ရွှေမြန်မာဂျာနယ်တို့တွင်အယ်ဒီတာချုပ်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့၊ဒုတိယအကြိမ်စာပေညီလာခံတွင် စာတမ်းပြုစုရေးကော်မတီအတွင်းရေး မှူး၊၂၀၀၀ပြည့်နှစ်ဗဟိုဦးစီးအစည်းအဝေး စီမံခန့်ခွဲရေးကော်မတီ၊စာတမ်းပြုစု ရေးကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့တွင် အတွင်းရေးမှူးနှင့်တွဲဖက် အတွင်းရေးမှူးတာဝန်များကို ဆောင်ရွက်ခဲ့ပါသည်။

၁၉၇၃ခုနှစ်တွင်“လွတ်လပ်ရေးအောင်ပွဲဆီသို့”ကဗျာဖြင့်စာပေလောက သို့စတင်ဝင်ရောက်ခဲ့သည်။မြို့နယ်အဆင့်၊တက္ကသိုလ်ကောလိပ်ပေါင်းစုံ စာပေပြိုင်ပွဲများတွင်ပထမဆုများရရှိခဲ့ဖူးပြီ ၁၉၉၅ခုနှစ်၊စာပေဗိမာန်စာမူ ဆုပြိုင်ပွဲတွင်“စပါးသီးနှံဖျက်ပိုးမွှားရောဂါနှင့် ပေါင်းပင်များကာကွယ်နှိမ်နင်း ရေး” သုတပဒေသာ(အသုံးချသိပ္ပံ)စာမူဖြင့် ဒုတိယ၊ ၁၉၉၈ခုနှစ်၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင်“မြစိမ်းရောင်ပုံရိပ်များ”စာမူဖြင့် လူငယ်စာပေ ပထမဆု၊၂၀၀ပြည့်နှစ်အတွက်စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင်“ပန်းတို့၏ ဒိုင်ယာရီ”စာမူဖြင့် လူငယ်စာပေပထမဆုနှင့် ၂၀၀၀ပြည့်နှစ်အတွက် အမျိုးသားစာပေဆုကို “မြစိမ်းရောင်ပုံရိပ်များ”စာအုပ်ဖြင့်ရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုကဗျာ၊ဆောင်းပါးပုဒ်ရေ(၃၀၀)ကျော်ခန့်ရေးသားခဲ့ပြီး၊လုံးချင်းစာအုပ်(၁၀)အုပ်၊ ဘာသာရေးရုပ်ပြဇာတ်ညွှန်း(၄၂)အုပ်ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

ယခုအခါစာပေရေးသားခြင်းဖြင့်အသက်မွေးဝမ်းကျောင်းပြုလျက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ပညာရေးဌာနတွင်အဖွဲ့မှူး(စာတည်းမှူးချုပ်)အဖြစ်လည်းကောင်း၊ဗဟန်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဗဟိုဦးစီးအဖွဲ့ဝင်၊ တတိယအကြိမ်စာပေညီလာခံအတွက်စီမံခန့်ခွဲရေးကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် စာတမ်းပြုစုရေးကော်မတီတွဲဖက်အတွင်းရေးမှူးတာဝန်များကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

အမည်ရင်းမှာဦးအောင်သိန်းဝင်းဖြစ်ပြီးအမှတ်၃၂၊ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် ဇနီးဒေါ်သင်းသင်းလှိုင်၊သမီးမခင်ရတနာခိုင်ခန့်၊ သားမောင်သန့်ရာဇာခိုင်ခန့်တို့နှင့်အတူနေထိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

လောကသဘာဝပတ်ဝန်းကျင်တွင် ပန်းမျိုးစိတ်ပေါင်းများစွာ ရှိသည်။ ရေမြေရာသီဥတုအလိုက် ပန်းတို့၏အရောင်အဆင်းအနံ့ အရသာကွဲပြားကြသည်။ ခြားနားကြသည်။

သို့သော် ပန်းတိုင်းလည်း မပွင့်၊ပွင့်သောပန်းတိုင်းလည်းမလှ ကြပေ။ ထိုနည်းတူစွာပင် ပွင့်၍လှသော ပန်းတိုင်းလည်း မမွှေးကြသည် မှာ သဘာဝနိယာမပင်ဖြစ်သည်။

ပန်းတိုင်းပွင့်၍လှပစေရန်နှင့် သင်းပျံ့မွှေးကြိုင်စေရန်မှာ ဥယျာဉ်မှူးတို့၏ တာဝန်ဖြစ်သည်။ သို့အတွက် ဥယျာဉ်မှူးတို့အနေဖြင့် မိမိစိုက်ပျိုးထားသည့်ပန်းတိုင်းအား ပွင့်စေ၊လှစေ၊မွှေးစေလိုကြသည်။ မိမိဆန္ဒအတိုင်း ထပ်တူဖြစ်စေရန်အတွက် ပန်းကလေးများအား မြေဆီ မြေသြဇာကျွေး၍ ရေလောင်းပေါင်းသင်ပေးကြသည်။ ထိုအခါ ဥယျာဉ် မှူး၏ ပြုစုယုယမှုအောက်တွင် ပန်းကလေးများအား ဖူးပွင့်ကြရသည်။ အရောင်အဆင်းအနံ့အရသာ ပြည့်စုံစွာဖြင့် လန်းဆန်းကြရသည်။

ပန်းတို့နည်းတူ လူငယ်များလည်း အမိအဖ၊ ဆရာသမား၊အုပ် ထိန်းသူတို့၏ ပြုပြင်သွန်သင်ဆုံးမမှုနှင့် ကြီးထွားအောင်မြင်ကြရသည်။ လူငယ်တိုင်းတွင် သိလိုစိတ်၊ တီထွင်လိုစိတ်၊စူးစမ်းလိုစိတ်များရှိကြသည်။ ယင်းစိတ်များကို မှန်ကန်သောအတွေးနှင့် ရင့်ကျက်သောစိတ်ဓာတ် ကောင်းများခံယူကျင့်သုံးနိုင်ရေးအတွက် သွန်သင်ဆုံးမနည်းလမ်းပြပေး ရန်တာဝန်မှာ အမိအဖ၊ဆရာသမားများနှင့် အုပ်ထိန်းသူတို့၏တာဝန် သာဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


လူငယ်တို့၏ ပင်ကိုယ်သဘာဝစိတ်မှာ ဖြူစင်သည်။ ရိုးသားသည်။ ရဲရင့်သည်။ သတ္တိရှိသည်။ ဇွဲရှိသည်။ အရာရာကို စူးစမ်းလိုစိတ်များရှိသည်။

ယင်းသို့ ဖြူစင်ရိုးသားသော လူငယ်တို့အတွက် ပတ်ဝန်းကျင်ကောင်းနှင့်တွေ့ရန်လိုသည်။ အထူးသဖြင့် လူငယ်တို့ဘဝနှင့်စိတ်ဓာတ်ရေးရာသည် ပြုပြင်သွန်သင်နည်းလမ်းပြသူများအပေါ် မူတည်ကာ အတွေးအခေါ်မှန်ကန်၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ဖြစ်ထွန်းစေပါသည်။

ပန်းတိုင်းပွင့်စေ၊လှစေ၊မွှေးစေရန် ဥယျာဉ်မှူးတို့၏ တာဝန်ဖြစ်သကဲ့သို့ လူငယ်တို့၏ဘဝ အေးချမ်းသာယာစွာ အောင်မြင်လျက်မှန်ကန်သော အတွေးအခေါ်များဖြစ်ထွန်းစေရန်မှာ အမိအဖ၊ဆရာသမား၊ အုပ်ထိန်းသူများ တာဝန်သာဖြစ်သည်။

လူငယ်တို့ဘဝမှာ ပန်းနှင့်တူသည် . . . ။

စာရေးသူအနေဖြင့် လူငယ်တို့ဘဝကို ပန်းနှင့်ထပ်တူပြုလျက် ပန်းတိုင်းပွင့်စေချင်သည်။လှစေချင်သည်။မွှေးစေချင်သည်။ သို့အတွက် ပန်းနှင့်တူသော လူငယ်တို့၏ဘဝတစ်စိတ်တစ်ဒေသအပိုင်းအစအချို့ကို "ပန်းတို့၏ဒိုင်ယာရီ" အဖြစ် တင်စားကာ ရေးသားလိုက်ရခြင်းဖြစ်ပေသည်။

"ပွင့်သောပန်းတိုင်း လှပါစေ၊ မွှေးကြပါစေ"

**မောင်ခိုင်ခန့်**

www.burmeseclassic.com

www.burmeseclassic.com

# ရွှေအစကားပြောတတ်ပြီ

“သန်းတိုးအောင်ကွ . . .”

“မျိုးလှိုင်ဝင်းကွ . . .”

“ဆွဲ. . . ဆွဲ. . . ဆွဲသွား၊ ဟော့ကောင် ရှေ့က ဒွေးဝင်းကိုပေး လိုက်လေကွာ. .”

“ရော့ဟော့ . . . ဒွေးဝင်း”

“ဘုန်း”

“ထိန်းမနေနဲ့ ဂိုးသွင်းတော့လေကွာ”

“မြင့်အောင်. . . လိုက်ဖျက်၊ လိုက်ဖျက်”

“ဘုန်း”

“ဂိုး. . . .”

“ဂိုးပြီကွ”

ကျောင်းရှေ့တွင် အဋ္ဌမတန်းကျောင်းသားကလေးများဘောလုံး

www.burmeseclassic.com

www.burmeseclassic.com


ကစားနေကြသည်။ မောင်အေးကို သန်းတိုးအောင်ဟု အမည်ပေးထားကြသည်။ ထို့အတူ ဌေးဝင်းကိုလည်း မျိုးလှိုင်ဝင်းဟု ခေါ်သည်။

မောင်အေးနှင့်ဌေးဝင်းတို့ကလည်း မြန်မာ့လက်ရွေးစင်ဘောလုံးသမားများဖြစ်သည့်သန်းတိုးအောင်နှင့်မျိုးလှိုင်ဝင်းဟုအော်ဟစ်အားပေးခံရလျှင် သဘောကျနှစ်ခြိုက်ကြသည်။မောင်အေးနှင့်ဌေးဝင်းတို့နှစ်ဦးမှာ အထကလက်ရွေးစင်ဘောလုံးသမားနှစ်ဦးဖြစ်သည်။

ဘောလုံးအပေးအယူ အချိတ်အဆက်မိသူနှစ်ဦးဖြစ်၍ အတွဲလည်းညီသည်။

ယခုလည်း မောင်အေးပေးလိုက်သော ဘောလုံးကိုဌေးဝင်းကန်သွင်းလိုက်သဖြင့် ဂိုးဝင်သွားသည်။ ဘောလုံးပွဲကြည့်နေသည့် ကျောင်းသားပရိသတ်များကလည်း လက်ခုပ်သြဘာတီး၍ အားပေးကြသည်။

တစ်ဘက်အသင်းမှ မောင်လှကမူ ခေါင်းငိုက်စိုက်ချလျက်ဘောလုံးပိုက်ကာ ကွင်းလယ်သို့ လာခဲ့သည်။

နေ့လယ် ၁ နာရီတိတိထိုးပြီ။

"ဒေါင် . . . ဒေါင် . . . ဒေါင်"

စာသင်ကျောင်းပေါ်မှ ကျောင်းတက်တဲ့သံချောင်းခေါက်သံကြားရသည်။ ကျောင်းသားကလေးများလည်း ဘောလုံးပွဲ သိမ်း၍ကျောင်းပေါ်သို့ တက်လာသည်။

အဌမတန်းစာသင်ခန်းအတွင်းတွင် မောင်ထူးတစ်ယောက်သာရှိသည်။ မောင်ထူးမှာ ကျောင်းသူကျောင်းသားအများစုက ရွှေအ ဟုခေါ်ကြသည်။ မောင်ထူးမှာ ငယ်စဉ်ကတည်းက စကားမပြောတတ်သဖြင့် ရွှေအ ဟုခေါ်ကြခြင်း ဖြစ်သည်။ ကျောင်းသားအများစုက မောင်ထူး စကားမပြောတတ်သည်ကို အကြောင်းပြု၍ အခေါ် အပြောမလုပ်ကြ။ ကစားဖော် ကစားဖက် မရှိရှာသည့် မောင်ထူးမှာ

www.burmeseclassic.com

www.burmeseclassic.com


သူ့ကိုယ်သူ စိတ်အားငယ်နေရှာသည်။

ကျောင်းသို့ရောက်သည်နှင့် စာသင်ခန်းအတွင်းတွင် မောင်ထူး ထိုင်နေတတ်သည်။ နေ့ခင်းကျောင်းတက်ချိန် စာသင်ခန်းအတွင်း၌ မောင်ထူးတစ်ယောက်တည်းထိုင်နေသည်။ ကျောင်းတက်သံချောင်း ခေါက်သံကြောင့် ကျောင်းသူကျောင်းသားများသည် အသီးသီးဝင်လာ ကြသည်။

"ဒီနှစ် ကျောင်းပေါင်းစုံပြိုင်ပွဲမှာ ငါတို့ကျောင်းက ပထမရ အောင် ကန်ရမယ်ကွ"

"တို့ကျောင်းဘောလုံးအသင်း ပထမရမှာသေချာပါတယ်ကွာ"

"ဟုတ်တာပေါ့ကွ။ သန်းတိုးအောင်နဲ့မျိုးလှိုင်ဝင်းတို့ပါနေတာ ပဲကွ"

"ဟား . . . ဟား"

မောင်အေးနှင့်ဌေးဝင်းတို့အုပ်စု စာသင်ခန်းအတွင်းသို့ စကား တပြောပြောနှင့် ဝင်လာကြသည်။ တစ်ဦးကိုတစ်ဦး ပြောင်လှောင်ရယ် မော၍လာကြသည်။စာသင်ခန်းအတွင်းသို့မိန်းကလေးအုပ်စုများလည်း အသီးသီးဝင်လာကြသည်။

"ဟား . . . ဟား"

"ခစ် . . . ခစ် . . . ခစ်"

"ဟိတ်နင်တို့ဘယ်သူ့ကိုလှောင်ပြီးရယ်တာလဲ"

"ဟဲ့ . . . အိုးမလုံ အုံမပွင့် မနေကြနဲ့ နင်တို့ရယ်တာ မဟုတ် ဘူး။ ကျောက်သင်ပုန်းပေါ်က စာဖတ်ပြီး ရယ်တာဟဲ့"

မိန်းကလေးအုပ်စုထဲက ရွှေမိစကားကြောင့် အခန်းတွင်းသို့ ဝင်လာသည့်ကျောင်းသားကျောင်းသူများလည်း ကျောက်သင်ပုန်းပေါ်သို့ လှမ်း၍ကြည့်လိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဆရာမဖက်တီးပုတ်၊ အစားပုတ်"

ကျောက်သင်ပုန်းပေါ်တွင် ရေးထားသည့်စာကို ကျောင်းသားတချို့အသံထွက်၍ ဖတ်လိုက်ကြသည်။ ထိုနောက် သံပြိုင်ရယ်လိုက်ကြသည်။

"ဝါး . . . ဟား . . . ဟား"

မိန်းကလေးများကလည်း ပြုံးစိစိနှင့် တခစ်ခစ်ရယ်မောနေကြသည်။

"ဟေ့ . . . ရှူး . . . ရှူးတိုးတိုး . . . ဟိုမှာဆရာမလာနေပြီ"

ကျောင်းရှေ့စကြံန်ဘက်ဆီမှ ဆရာမဒေါ်ခင်စန်းလာနေသဖြင့် အချင်းချင်း သတိပေးလိုက်ကြသည်။ ဆရာမဒေါ်ခင်စန်းလာသည်နှင့် စာသင်ခန်းအတွင်းမှ ကျောင်းသားများအားလုံး ငြိမ်သက်သွားသည်။ အသက်ရှူသံပြင်းပြင်းကိုပင် မကြားရ။

"မင်္ဂလာပါ ဆရာမ"

စားပွဲရှေ့သို့ ဆရာမဒေါ်ခင်စန်းရောက်သည်နှင့် ကျောင်းသူကျောင်းသားအားလုံး မက်တပ်ရပ်၍ သံပြိုင်နှုတ်ဆက်လိုက်ကြသည်။

"အေးကွယ် . . . မင်္ဂလာပါ တပည့်တို့ . . . ထိုင်ကြ . . . ထိုင်ကြ"

ကျောင်းသူကျောင်းသားများအားလုံးဆရာမဒေါ်ခင်စန်းကိုအာရုံစိုက်၍ ကြည့်နေသည်။ ဆရာမဒေါ်ခင်စန်းက အမှတ်တမဲ့ပင် လုပ်ရိုးလုပ်စဉ်အတိုင်း ဘောဖျက်ကိုယူ၍ ကျောက်သင်ပုန်းပေါ်မှ စာများကို ဖျက်မည်ပြုလိုက်စဉ် မျက်နှာတစ်ခုလုံး ရဲသွား၏။ ဒေါသလည်းထွက်သွား၏။

"ဟေး . . . ဒီစာကိုဘယ်သူရေးတာလဲဟေ့"

ကျောင်းသင်ပုန်းပေါ်မှ မညီမညာရေးထားသည့်စာကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com


လက်ထောက်၍မေးလိုက်သည်။ ကျောင်းသူကျောင်းသားများထံမှ တုံ့ပြန်သည့် အဖြေစကားထွက်မလာ။ ထိုအခါ ဆရာမဒေါ်ခင်စန်းမှာ ပို၍ ဒေါသထွက်လာသည်။

"ဒီစာဘယ်သူရေးတာလဲ. . . မှန်မှန်ပြောကြစမ်း။ မေးနေတာ မကြားဘူးလား . . . ပြောလေ"

"ကဲ . . . ဒီလောက်တောင်မပြောချင်တဲ့ဟာတွေ . . . တစ်တန်းလုံး ခုံပေါ်တက် မတ်တတ်ရပ်ကြ"

"ဘယ်သူရေးသလဲဆိုတာ ဆရာမကို မပြောမချင်း မင်းတို့အားလုံး ရပ်နေရမယ်"

"ဆရာ . . . ဆရာမှန်းမသိ၊ နောက်စရာပြောင်စရာများ အောက်မေ့နေသလား မသိဘူး"

ကျောင်းသားကျောင်းသူများထံမှ တုံ့ပြန်အဖြေစကား ထွက်မလာ။ ဆရာမဒေါ်ခင်စန်းတစ်ယောက်တည်းသာ ပြောနေသည်။ မေးနေသည်။ သို့တိုင် ကျောက်သင်ပုန်းပေါ်မှ စာကြောင်းနှင့်ပက်သက်၍ တစ်ယောက်မျှ မဖြေ။အချိန်အနည်းငယ်ကြာသည့်အခါဆရာမဒေါ်ခင်စန်းလည်း ဒေါသအရှိန်ပြေလာသည်။ သို့သော်ကျေနပ်မှုမရှိသေးသည်မှာသေချာသည်။

"ကဲ . . . အားလုံးထိုင်ကြ၊ ထိုင်ကြ"

ပြောပြောဆိုဆိုနှင့် ကျောက်သင်ပုန်းပေါ်မှ စာကြောင်းကို ဘောဖျက်နှင့်ဖျက်လိုက်သည်။

"ဒီစာကို ဘယ်သူရေးတယ်ဆိုတာမင်းတို့အချင်းချင်း သိကြမှာပါ။ ပြောရမှာ အားနာလို့လား . . . ဒါမှမဟုတ် ကြောက်လို့လား . . ဆရာမ ရေးတဲ့သူကို မရိုက်ပါဘူး။ နားလည်အောင်၊ သိအောင်ဆုံးမစကားပြောချင်လို့ပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com


ဆရာမဒေါ်ခင်စန်းက ခြောက်၍တစ်မျိုး၊ ချော့၍တစ်သွယ် မေးသည်။ တစ်ဦးတစ်ယောက်မျှ ဖြေမည့်သူမရှိသဖြင့် တရားခံရှာ၍ မတွေ့နိုင်အောင် ဖြစ်နေသည်။

"ကဲ . . . တပည့်တို့ ရေးတဲ့သူကို မင်းတို့မဖြေချင်ရင်လဲ စာသင်ခန်းထဲ အရင်ဆုံးရောက်တဲ့သူကိုတော့ သိကြတယ် မဟုတ်လား"

"သိပါတယ် ဆရာမ"

ဆရာမဒေါ်ခင်စန်း၏အမေးကို ကျောင်းသူကျောင်းသားအားလုံး ပြိုင်တူဖြေလိုက်ကြသည်။

"ကဲ . . . ဒါဖြင့် ဒီအခန်းထဲကို ဘယ်သူအရင်ဆုံးရောက်တာလဲ"

"မောင်ထူးပါ"

"ရွှေအပါဆရာမ"

ကျောင်းသူကျောင်းသားများက မောင်ထူး (ခေါ်)ရွှေအဖြစ်ကြောင်းတစ်ယောက်တစ်ပေါက်ဖြေကြသည်။ မောင်ထူးမှာ မျက်စိမျက်နှာပျက်သွားသည်။ ဆရာမဒေါ်ခင်စန်းကလည်း မောင်ထူးအား သတိပြု၍ကြည့်လိုက်သည်။

"ကဲ. . . မောင်ထူး။ ဒီအခန်းထဲ မင်းအရင်ဆုံးရောက်တာဟုတ်ရဲ့လား . . . "

ဆရာမဒေါ်ခင်စန်းအမေးကို မောင်ထူးက ခေါင်းညိတ်၍ အဖြေပေးလိုက်သည်။

"ဒါဖြင့် . . . ဟောဒီကျောက်သင်ပုန်းပေါ်က စာကို ဘယ်သူရေးတာလဲ။ ဆရာမကို မှန်မှန်ပြောစမ်း"

ဆရာမဒေါ်ခင်စန်းအမေးစကားကို မောင်ထူးမဖြေနိုင်။

"မင်းမရေးဘူးဆိုရင် ဘယ်သူရေးတာလဲ ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com


မောင်ထူးမှာ သူမသိကြောင်း ဦးခေါင်းကို ဘယ်ညာရမ်းပြနေသည်။ ဆရာမဒေါ်ခင်စန်းသည် မောင်ထူးထံမှ အဖြေထွက်မလာသည့်အခါ အတန်းရှေ့တွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။ ထိုနောက် မောင်ထူးရပ်နေသည့်နေရာသို့ သွား၍ ဆုံးမစကားပြောသည်။

"မောင်ထူး . . . မင်းအခုဘဝမှာ ဘာလို့စကားမပြောတတ်လဲသိလား . . . "

ဆရာမဒေါ်ခင်စန်း၏အမေးကို မောင်ထူးက ခေါင်းခါ၍ပင်မသိကြောင်းဖြေ၏။

"တပည့်မောင်ထူး. . . မင်းဟာ ရှေးရှေးဘဝကသူများကို လိမ်ပြောခဲ့လို့ညာပြောခဲ့လို့အခုဘဝမှာစကားမပြောတတ်တာ။ အေး . . ငါ့တပည့်အနေနဲ့ ဒီဘဝမှာလဲ ဆက်ပြီးလိမ်နေဦးမယ်ညာဦးမယ်ဆိုရင် နောက်ဘဝမှာ စကားပြောတတ်ဖို့ နေနေသာသာ ထမင်းစားဖို့ ပါးစပ်တောင်ပါမှာ မဟုတ်တော့ဘူးကွဲ့"

"လိမ်တယ်ဆိုတာ ကိုယ်တိုင်လုပ်မှ မဟုတ်ဘူး။ သူများလုပ်တာကို သိရဲ့မြင်ရဲ့နဲ့ မမြင်ဘူး၊ မသိဘူး၊ မပြောဘူးဆိုရင်လဲ လိမ်တာညာတာနဲ့ အတူတူပဲကွဲ့"

"တပည့်တို့အားလုံးနားလည်ကြရဲ့လား . . . "

"နားလည်ပါတယ် ဆရာမ"

"ကဲ . . ဒါဖြင့်ဒီစာကိုဘယ်သူရေးလဲ မှန်မှန်ပြောကြစမ်း။ တော်ကြာမောင်ထူးလို နောက်ဘဝမှာ စကားမပြောတတ်ပဲ နေဦးမယ်နော်"

ဆရာမဒေါ်ခင်စန်း၏ ဆုံးမစကား၊ အမေးစကားတို့ကြောင့် တစ်ခန်းလုံးငြိမ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မရေးတာပါဆရာမ"

နောက်ဆုံးတန်းမှ ကျောင်းသားတစ်ဦး မတ်တတ်ရပ်၍ဖြေလိုက်သည်။ အသံလာရာဘက်သို့ ကျောင်းသူကျောင်းသားများအားလုံးကြည့်ကြသည်။ ထိုအတူ ဆရာမဒေါ်ခင်စန်းသည်အံ့သြခြင်းများစွာနှင့်အတူ လှမ်း၍ကြည့်လိုက်မိသည်။

"ဟဲ့ . . . သမီးတင်တင်ရီ ဆရာမဆီလာပါဦး "

တင်တင်ရီလည်း ဆရာမဒေါ်ခင်စန်းခေါ်သဖြင့် အတန်းရှေ့သို့ထွက်လာသည်။ ဆရာမဒေါ်ခင်စန်းလည် သူ့တူမတင်တင်ရီကို အတန်းရှေ့တွင် ရပ်စေသည်။ ထို့နောက် . . .

"တပည့်တို့ ဟောဒီတပည့်မလေးတင်တင်ရီက သူရေးတဲ့ အကြောင်းဝန်းခံလိုက်တော့ အားလုံးရှင်းသွားပြီ။ အမှန်ကိုပဲဖြစ်ဖြစ်၊ အမှားကိုပဲဖြစ်ဖြစ် ဝန်ခံရဲတဲ့သူဟာ သတ္တိရှိတယ်လို့ခေါ်တယ်ကွဲ့။ တစ်ယောက်အတွက်နဲ့အများဒုက္ခမရောက်ဘူးပေါ့ကွယ်။ တင်တင်ရီသာ စောစောကမဖြေရင် မင်းတို့အားလုံးမတ်တပ်ရပ်ပြီးဒဏ်ခတ်မခံရဘူးပေါ့"

"သမီးဆရာမကို ဘာလို့ ဒီလိုရေးရတာလဲ"

"ဆရာမက သင်္ချာမရရင် ရိုက်လို့ရေးမိတာပါ။ အဟင့် . . . ဟင့်. . . "

"အို . . . မငိုပါနဲ့ သမီးရယ်။ ဆရာမက အစားလည်းကြီး၊ဝလဲဝတော့ သမီးရေးတာစိတ်မဆိုးပါဘူး။ ကဲ . . . ကဲ . . . ကိုယ်နေရာကိုယ်ပြန်ထိုင်တော့ "

ဆရာမဒေါ်ခင်စန်းသိလိုသည်မှာ တင်တင်ရီသူ့အပေါ်တွင် မကျေမနပ်ဖြစ်ကာနောက်ပြောင်ရေးသားသည့်အချက်ပင်ဖြစ်သည်။ထို့အတွက် သူ့တပည့်များကို ဆုံးမစကားပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ကဲ . . . တပည့်တို့၊ ဆရာမကို တင်တင်ရီက စာနဲ့ရေးပြီး နောက်ပြောင်တာကို ဆရာမခွင့်လွှတ်ပါတယ်။ ဒါပေမယ့် ဆရာဆိုတဲ့ ဂုဏ်ကို စော်ကားရင်၊ နောက်ပြောင်ရင် မကောင်းတဲ့ဒဏ်၊ ဆင်းရဲတဲ့ ဒဏ်တွေ ခံရတတ်တယ်"

" ဆရာဆိုတာ ဘုရား၊ တရား၊ သံဃာ၊ မိဘတွေနဲ့ တစ်ဂိုဏ်း တည်းပဲ။ အနန္တောငါးပါးထဲမှာပါတယ်။ အဲဒီတော့ ငါ့တပည့်တွေအား လုံးဟာဆရာသမားတွေကိုမစော်ကားမနောက်ပြောင်မိကြစေနဲ့။ မပြစ် မှားမိကြစေနဲ့ ဟုတ်လား"

"မောင်ထူးလဲ ဒီဘဝမှာ နောက်ထပ်လိမ်မပြောမိစေနဲ့တော့။ ဒါမှ အခုဘဝမှာရော ၊ နောင်ဘဝမှာပါ စကားပြောတတ်လာမှာ"

"ဒေါင် . . . ဒေါင် . . . ဒေါင် "

ဆရာမဒေါ်ခင်စန်းဆုံးမစကားပြောနေဆဲတွင် စာသင်ချိန် တစ်ချိန်ကုန်သွားသည်။

"ကျေးဇူးဒတင်ပါတယ် ဆရာမ"

"ဆရာပြောတာကို တပည့်တို့ မသေမချင်းမှတ်ထားကြနော် . . ကဲ. . . ကဲ. . . ထိုင်ကြ. . . ထိုင်ကြ"

ဆရာမဒေါ်ခင်စန်းသည် သူ့တပည့်များကို နှုတ်ဆက်၍ စားပွဲမှ ခြင်းတောင်းကိုဆွဲကာ စာသင်ခန်းအတွင်းမှ ထွက်ခွာခဲ့သည်။

* * * * *

မောင်ထူးမှာ ညနေကျောင်းဆင်း၍ အိမ်ပြန်ရောက်သည့်တိုင် ဆရာမဒေါ်ခင်စန်းဆုံးမသည့် စကားများကို သတိရနေသည်။ အကြိမ် ကြိမ် ပြန်လည်ကြားယောင်နေမိသည်။စကားမပြောတတ်သည်ကိုလည်း စိတ်မကောင်းခြင်းများစွာဖြစ်မိသည်။ ထို့အတူ ရှေးရှေးဘဝ လိမ်ညာ

www.burmeseclassic.com

www.burmeseclassic.com


ပြောဆိုခဲ့သည်ကိုလည်း သူ့ကိုသူ နာကြည်းနေသည်။

ဆရာမဒေါ်ခင်စန်းဆုံးမစကားအတိုင်း လိုက်နာကျင့်သုံးရန် မောင်ထူးဆုံးဖြတ်လိုက်သည်။ အိမ်အပြန်လမ်းတစ်လျှောက်လုံး စဉ်းစားဆုံးဖြစ်ရင်း အိမ်သို့ပြန်ရောက်လာခဲ့သည်။ မောင်ထူးအိမ်ပြန်ရောက်သည့်အခါမိခင်ကြီးဒေါ်မြက ညနေစာထမင်းချက်နေသည်။ အစ်မကြီးဖြစ်သူမြမြအေးက ထုံးစံအတိုင်းခရေပန်းကောက်သွားနေသည်။ မောင်ထူးလည်း လွယ်အိပ်ကို တိုင်တွင်ချိတ်၍ အစ်မကြီးမြမြအေး ခရေပန်းကောက်ရာသို့ လိုက်သွားသည်။

မောင်ထူးတို့မိသားစုမှာ မြို့အလယ်ရပ်တွင် နေထိုင်ကြသည်။ သက်ကယ်ချောင်ဟုလည်း ခေါ်ကြသည်။ မိဘနှစ်ပါးလုံးမှာဆင်းရဲသားလက်လုပ်လက်စားများဖြစ်ကြသည်။ဖခင်ဖြစ်သူဦးကြီးမောင်မှာကျပန်းလုပ်ကိုင်စားသောက်သူဖြစ်သည်။ အရက်လည်းသောက်သည်။ ဖဲလည်းရိုက်သည်။ မောင်ထူးတို့မိသားစုမှ နေ့စဉ်နှင့်အမျှ ထမင်းနပ်မှန်အောင်စားနိုင်ရန် ရုန်းကန်လှုပ်ရှားကြရသည်။

သို့အတွက် မောင်ထူးတို့မောင်နှမလည်း ခရေပန်းပေါ်ချိန်၌ ခရေပန်းကောက်၍ ရောင်းရသည်။ ဝင်ငွေရှာကြရသည်။မောင်ထူးအဖို့ ခရေပန်းသာကောက်နေရသည်။ စိတ်မပါ။ စိတ်မပါသော်လည်း ပန်းကောက်ရင်းနှင့်ပင် စကားကုံးတစ်ခုလုံး ပြည့်သွားသည်။ နွားရိုင်းသွင်းချိန်သို့လည်း ရောက်ရှိလာသည်။

"မောင်လေး. . . ခရေပန်းတွေ အများကြီးရနေပြီ။မိုးချုပ်နေပြီ ပြန်ကြစို့ . . ."

မြမြအေးက အိမ်ပြန်ရန် မောင်ထူးကို လှမ်းပြောလိုက်သည်။ မောင်ထူးက သူ့အမမြမြအေးအား ခေါင်းညိတ်ပြသည်။

မောင်ထူးတို့မောင်နှမ အိမ်ပြန်ရောက်သည့်အခါ ညီအစ်ကို

www.burmeseclassic.com

www.burmeseclassic.com


မသိတသိအချိန်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ မိခင်ကြီးဒေါ်မြက ညနေစာချက်ပြုတ်ပြီး၍ အိမ်ရှေ့ကွပ်ပျစ်တွင် ဆေးလိပ်ထိုင်ဖွာနေရာမှ မောင်ထူးနှင့်မြမြအေးတို့အား လှမ်းပြောလိုက်သည်။

"သားတို့ . . . သမီးတို့ ပြန်လာကြပြီလား။ ထမင်းစားကြရအောင်"

"အဖေလာမှ စားကြရအောင် အမေ . . . "

" အို . . . ညည်းအဖေက ဘယ်အချိန်ပြန်လာမှန်းမှမသိတာ။ စောင့်မနေနဲ့။ အမေထမင်းပြင်လိုက်မယ် "

ဒေါ်မြလည်း သမီးမြမြအေးအား ပြောပြောဆိုဆိုနှင့်ထ၍ ထမင်းပွဲပြင်သည်။ထို့နောက်သားအမိသုံးဦး ညစာထမင်းစားကြသည်။ မြမြအေးနှင့်မောင်ထူးတို့မှာ ခရေပန်းသီရဦးမည်ဖြစ်သဖြင့်တက်သုတ်ရိုက်၍ ထမင်းစားကြသည်။

ထမင်းစားပြီးသည်နှင့် မောင်နှမနှစ်ယောက်စလုံးအိမ်ရှေ့ကွပ်ပျစ်တွင် နှီးစကလေးများဖြင့် ခရေပန်းသီကြသည်။ မိခင်ဒေါ်မြမှာမူ အိုးခွက်ပန်းကန်များကို ဆေးကြောပြီးမှ သမီးနှင့်သားကောက်လာသည့် ခရေပန်းများကို ဝိုင်းကူ၍ သီပေးသည်။

ည ကိုးနာရီဆယ်နာရီခန့်တွင် ခရေပန်းများ သီ၍ပြီးသည်။

"ကဲ . . . သားနဲ့သမီးတို့ စောစောအိပ်ကြတော့။ မနက်စောစော ပန်းရောင်းထွက်ကြရဦးမယ် မဟုတ်လား"

" ဟုတ်ကဲ့အမေ . . . သမီးတို့ အိပ်တော့မယ်"

မြမြအေးနှင့် မောင်ထူးတို့ မောင်နှမ အိပ်ရာဝင်ခဲ့ကြသည်။ သို့တိုင် ဖခင်ကြီးဖြစ်သူ ဦးကြီးမောင် ပြန်မရောက်သေး။ မောင်ထူးမှာ ထလူးလူးတလိမ့်လိမ့်ဖြင့်အိပ်မပျော်နိုင်။ ဆရာမဒေါ်ခင်စန်းပြောလိုက်သည့် စကားများကို အကြိမ်ကြိမ် ပြန်လည်ကြားယောင်နေသည်။ထိုစဉ်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြင်မှ ဖခင်၏ခေါ်သံကို မောင်ထူးကြားလိုက်ရသည်။

"မမြ . . မမြ . . တံခါးဖွင့်ပါဦးဟ"

ဒေါ်မြလည်းသူ့ယောကျ်ားခေါ်သံကြားသည်နှင့်အိမ်ရှေ့တံခါးထ၍ ဖွင့်ပေးသည်။

"ကိုကြီးမောင် . . . ဘာထုပ်ကြီးလဲတော့။ ဆန်ဝယ်တာလား"

"ရှုးတိုးတိုးလုပ်စမ်းပါ မမြရာ . . . နင်မသိပါဘူးဟာ"

အိပ်မပျော်သေးသည့် မောင်ထူးလည်း မိခင်ကြီးအမေးစကားကြောင့်အိပ်ရာထဲမှခေါင်းထောင်ကြည့်မိသည်။ဦးကြီးမောင်နှင့်နောက်လိုက်တစ်ဦးတို့ မီးဖိုချောင်ကျပ်ခိုးစင်ပေါ်သို့ ဂုံနီအိတ်နှင့်ထုတ်ထားသည့်အထုပ်နှစ်ထုပ် တင်နေကြသည်။ မောင်ထူးလည်း သူနှင့်မဆိုင်၍ ပြန်အိပ်နေလိုက်သည်။

"ဦးကြီးမောင် . . . ကျုပ်ပြန်တော့မယ်။ အခြေအနေကြည့်ပြီးနောက်မှ ဆက်လုပ်ကြတာပေ့ါ"

"အေး . . . အေး . . . သတိဝီရိယနဲ့လဲ နေဦးနော် "

ဦးကြီးမောင်နှင့်အတူပါလာသည့်ဧည့်သည်လည်းနှုတ်ဆက်၍ပြန်သွားသည်။ ထိုအခါ ဦးကြီးမောင်အတွက် ဒေါ်မြက ထမင်းပြင်ပေး၏။ သူ့အဖေ ဘယ်အချိန်က ထမင်းစားပြီးသည်ကို မောင်ထူးမသိတော့။ စိတ်ပင်ပန်း၊ လူပင်ပန်းကာ အိပ်ပျော်သွားသည်။

* * * * *

နံနက်မိုးလင်းသည့်အခါ မောင်ထူးတို့မောင်နှမ အိပ်ရာကစောစောထကာ ဈေးသို့ပန်းရောင်းထွက်ကြသည်။ ခုနှစ်နာရီခန့်တွင်မောင်ထူးတို့ ခရေပန်းကုံးများကုန်သွားသည်။ ကျောင်းချိန်မှီရန် အိမ်သို့အပြေးအလွှားပြန်လာကြရသည်။ အိမ်သို့ရောက်သည်နှင့် ခရေပန်းဖိုး

www.burmeseclassic.com

www.burmeseclassic.com


ငွေများကို မိခင်ကြီးဒေါ်မြအား အပ်ကြသည်။

ထိုနောက်မောင်ထူးက ကျောင်းသွားရမည်ဖြစ်၍ရေမိုးချိုးကာ ထမင်းစားသည်။ နံနက်ကိုးနာရီခန့်တွင် မောင်ထူးကျောင်းသို့သွားသည်။

မောင်ထူးကျောင်းသို့ ရောက်သည့်အခါတွင် ကျောင်းသား အချို့ဘောလုံးကန်နေသည်။ သန့်ရှင်းရေးတာဝန်ကျ အဝါအသင်း ကျောင်းသားကျောင်းသူများက တံမြက်စည်းလှည်းနေသည်။ မောင်ထူး လည်း အဝါအသင်းကျောင်းသားဖြစ်၍ အခန်းတွင်းသို့ လွယ်အိတ်ဝင် ထားသည်။ ထို့နောက်သောက်ရေအိုးစင်များမှ သောက်ရေအိုးများကို ရေခပ်၍ဖြည့်သည်။ အခန်းတွင်းမှကျောင်းသားအချို့နှင့်တံမြက်စည်း ကူလှဲပေးသည်။

သန့်ရှင်းရေးကိစ္စအဝဝ ပြီးဆုံးသည့်အခါ အဝါအသင်းက ကျောင်းသူကျောင်းသားများလည်း အောက်သို့ဆင်း၍ ကစားကြသည်။ မောင်ထူးကမူ ထုံးစံအတိုင်း စာသင်ခန်းအတွင်း၌ တစ်ယောက်တည်း ထိုင်၍ စာဖတ်နေသည်။ ဆရာ၊ ဆရာမအားလုံးလည်း ကျောင်းရုံးခန်း အတွင်းသို့ ရောက်ရှိနေကြပြီးဖြစ်သည်။

" မနေ့ကသတင်း ကြားပြီးပြီလား ဆရာမ "

ဆရာ၊ ဆရာမများ ရုံးခန်းအတွင်းက တစ်ယောက်တစ်ပေါက် ပြောဆိုနေသည့် စကားသံများအနက် ဆရာဦးတင်၏ စကားသံမှာ ထူးခြားစွာထွက်ပေါ်လာသည်။ ဆရာ၊ ဆရာမများလည်း ဆရာဦးတင် ၏သတင်းစကားကို ကြားလိုသဖြင့် ငြိမ်သွားသည်။ ကျောင်းရုံးခန်းမှာ မောင်ထူးတို့စာသင်ခန်းနှင့် ကပ်နေသည်။ သို့အတွက် ဆရာဦးတင်၏ စကားကို မောင်ထူးလည်း ကြားနေရသည်။

"ဘာသတင်းထူးများလဲ ဆရာရဲ့ . . . ကျွန်မတို့တော့မကြားမိ

www.burmeseclassic.com

www.burmeseclassic.com


ဘူး"

"ရွှေပေါ်ကျွန်းဘုရားထဲက ဆင်းတုတော်နှစ်ဆူ ပျောက်သွားလို့တဲ့"

"ဒါများ ထူးထူးဆန်းဆန်းဆရာရယ် . . . တန်ဆောင်မုန်းလပြည့်နေ့ ဘုရားပို့မလို့ ယူသွားတာနေမှာပေါ့ "

ဆရာမတစ်ဦးက နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်း လပြည့်နေ့ကာလသားတစ်ချို့က ရွှေပေါ်ကျွန်းဘုရားတွင်းမှ ဘုရားများပင့်၍အိမ်များသို့ ဘုရားပို့လေ့ရှိသဖြင့် အမှတ်တမဲ့ ပြောလိုက်မိသည်။

"မဟုတ်ဘူး ဆရာမရဲ့ . . . တန်ဆောင်မုန်းလပြည့်နေ့လဲ မရောက်သေးဘူး၊ နောက်ပြီး ပျောက်သွားတဲ့ ဘုရားနှစ်ဆူကလဲ အင်းဝခေတ်လက်ရာ ပဉ္စလောဟာဘုရားနှစ်ဆူဖြစ်နေတယ်တဲ့ဗျ"

"ပဉ္စလောဟာဘုရားဆိုတာ ဘယ်လိုများလဲဆရာ"

"ပဉ္စလောဟာဘုရားဆိုတာ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ ငါးမျိုးနဲ့ လုပ်ထားတဲ့ဘုရားကို ပြောတာဆရာမရဲ့။ အဲဒီဘုရားတွေက သိပ်ပြီးရှားပါးနေပြီ"

"ဒါဆိုနှမြောစရာကြီးနော် ဆရာ"

"အေးဗျာ . မြန်မာရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မယ့်သူတွေ မရှိတော့ ပျောက်ရှဆုံးရှုံးရတာပေါ့ ဆရာရယ် . . . "

"ဘုရားလူကြီးတွေက ရဲမတိုင်ဘူးလာဆရာ "

"တိုင်တော့ တိုင်ထားတယ်။ ဒါပေမယ့်ပြန်ရဖို့ မလွယ်ပါဘူး ဆရာမရယ်. . . "

ဆရာဆရာမများ ရုံးခန်းအတွင်းမှ အချီအချပြောဆိုနေသည်များကို မောင်ထူးအတိုင်းသားကြားနေရသည်။ သို့သော် မောင်တူးတစ်

www.burmeseclassic.com

www.burmeseclassic.com


ခုမျှ ကောင်းကောင်းနားမလည်။ ထိုနေ့က မောင်ထူးမှတ်သားမိသည်မှာ ရွှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာဘုရားနှစ်ဆူဟူသောစကားပင်ဖြစ်သည်။

* * * * *

ဒီဇင်ဘာလသို့ ရောက်ရှိလာပြီ။ ဒုတိယအစမ်းစာမေးပွဲများဖြေဆိုရတော့မည်။ ကျောင်းသူကျောင်းသားများလည်း အသံတိတ်တစ်မျိုး၊ အသံထွက်၍တစ်ဖုံ စာဖတ်နေကြသည်။

မောင်ထူးလည်း ဒုတိယအစမ်းစာမေးပွဲအတွက် စာဖတ်နေရသည်။ မောင်ထူး၏ ဖခင်ဦးကြီးမောင်ကမူ အိမ်ရှေ့မီးဖိုတွင် ဧည့်သည်တစ်ဦးနှင့် မီးလှုံရင်း အရက်ဝိုင်းဖွဲ့နေ၏။

"ဦးကြီးမောင် . . . ကျုပ်တို့ပစ္စည်းတွေ ထုတ်ရင်ရပြီဗျ"

"မဖြစ်သေးဘူးနဲ့တူတယ်ကွ။ မြို့အထွက်မှာ ကားတွေရှာနေသေးတယ် မဟုတ်လား"

"မရှာတာ တစ်ပတ်လောက်ရှိပြီဗျ။ ကျုပ်တို့ ဘုရားနှစ်ဆူကရှေးဟောင်းဘုရားတွေဆိုတော့ ဈေးကောင်းရနိုင်တယ်"

ဖခင်ဦးကြီးမောင်နှင့် ဧည့်သည်တို့ ပြောနေသည့်စကားကိုမောင်ထူးအတိုင်းသား ကြားနေရသည်။ လွန်ခဲ့သည့်နှစ်လခန့်က သူ့အဖေဦးကြီးမောင်နှင့်လူစိမ်းဧည့်သည်ကြီးတို့ ထမ်းလာသည့်အထုပ်ကြီးနှစ်ထုပ်ကို မီးဖိုချောင်ကြပ်ခိုးစင်ပေါ်တင်နေသည်ကိုလည်း မောင်ထူးပြန်လည်မြင်ယောင်နေ၏။

"ဒါဖြင့်လဲ ဒီလိုလုပ်ကွာ. . .။ မနက်ဖြန်ည မင်း အိမ်မှာလာအိပ်၊ သဘက်ခါမနက် စောစော မန္တလေးကိုကားနဲ့ သွားရောင်းကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးမောင် အစီအစဉ်ကောင်းတယ်ဗျ။ မနက်စောစောဆို တော့ လူမရိပ်မိပါဘူးပေါ့ဗျာ"

"ကဲ. . . သူငယ်ချင်း. . အောင်စေ အောင်သားတစ်ခွက်တစ် ဖလား မော့ချလိုက်ကြဦးစို့ . . . "

မောင်ထူးခမျာ သူ့အဖေဦးကြီးမောင်နှင့် ဧည့်သည်တို့ စကား ပြောတိုင်ပင်နေသည်ကို ကြားရသဖြင့် စိတ်မကောင်းဖြစ်မိသွားသည်။ စာကိုပင် ဆက်မဖတ်နိုင်တော့။ စာအုပ်များကိုသိမ်း၍စောစောအိပ်ရာ ဝင်လိုက်သည်။ သူ့ဖခင်ဦးကြီးမောင်နှင့် ဧည့်သည်တို့ထံမှ ကြားလိုက်ရ သည့် စကားများကို ပြန်လည်စဉ်းစားနေမိသည်။

"ဩော်. . အဖေတို့က လက်စသတ်တော့ ရွှေပေါ်ကျွန်းဘုရား ထဲက ရှေးဟောင်းဘုရားတွေ ခိုးလာတာကိုး. . ဟင်း. . . "

မောင်ထူးလည်း အိပ်မပျော်နိုင်သဖြင့် သက်ပြင်းအကြိမ်ကြိမ် ချလျက်စဉ်းစားနေမိသည်။ ထိုစဉ် တစ်ချိန်ကဆရာမဒေါ်ခင်စန်းဆုံးမ ခဲ့သည့်စကားများကို ပြန်လည်ကြားယောင်လာသည်။

"တပည့်မောင်ထူး. . . မင်းဟာရှေးရှေးဘဝက သူများကို လိမ် ပြောခဲ့လို့ ညာပြောခဲ့လို့ အခုဘဝမှာ စကားမပြောတတ်တာ။ ငါ့တပည့် အနေနဲ့ ဒီဘဝမှာလဲ လိမ်ဦးမယ်၊ ညာဦးမယ်ဆိုရင် နောက်ဘဝမှာ စကားပြောတတ်ဖို့ နေနေသာသာ ထမင်းစားဖို့ ပါးစပ်ပေါက်တောင် ပါလာမှာ မဟုတ်တော့ဘူး. . . "

"လိမ်တယ်ဆိုတာ ကိုယ်တိုင်လုပ်မှ မဟုတ်ဘူး။ သူများလုပ် တာကို သိရဲ့နဲ့ မမြင်ဘူး၊ မသိဘူး၊ မပြောဘူးဆိုရင်လဲ လိမ်ညာတာနဲ့ အတူတူပဲကွဲ့. . . "

ဆရာမဒေါ်ခင်စန်း၏ ဆုံးမစကားကို ပြန်လည်ကြားယောင်မိ သည့်အခါ မောင်ထူးမှာ ကြောက်လန့်၍ သူ့ပါးစပ်ကို သူပြန်စမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com


သည်။ ထို့နောက် ကျောင်းရုံးခန်းအတွင်း၌ ဆရာ၊ ဆရာမများပြောဆို ခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဟူသော စကားသံများကို လည်း ပြန်လည်ကြားယောင်မိသည်။

သို့အတွက် မောင်ထူးသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင် နိုင်ချ၍ အိပ်ပျော်အောင် အိပ်လိုက်သည်။

* * * * *

နောက်တစ်နေ့နံနက်တွင် မောင်ထူးအိပ်ရာမှ စောစောထ သည်။ မောင်ထူး၏မျက်နှာမှာခါတိုင်းရက်များနှင့်မတူ။ကြည်လင်လန်း ဆန်းနေသည်။သွားတိုက်၊ မျက်နှာသစ်ပြီးသည့်အခါ မြန်မာစာလေ့ကျင့် ခန်းစာအုပ်ကို လွယ်အိတ်ထဲမှ ထုတ်ယူလိုက်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်၍ အိမ်ပြတင်းပေါက်ဝတွင် ထိုင်သည်။ မြန်မာစာလေ့ကျင့် ခန်းစာအုပ်ကိုလှန်သည်။ စာရွက်လွတ်တစ်ရွက်တွင် သူပြောလိုသည့် စကားများကို ရေးချလိုက်သည်။

မောင်ထူးလည်း သူပြောလိုသည့်စကားများကို ရေးလိုက်ရ သဖြင့်ဝမ်းသာသွားသည်။ သူရေးထားသည့်စာများကိုပြန်ဖတ်လိုက်၏။ ထို့နောက် သက်ပြင်းတစ်ချက်ချလိုက်သည်။ ထိုစဉ် ဦးကြီးမောင် အိပ် ရာမှနိုးလာပြီး မောင်ထူးအနီးသို့လာ၏။

"သား. . . မောင်ထူး မနက်စောစောစီးစီးဘာလုပ်နေတာလဲ"

ဦးကြီးမောင်၏အမေးကိုမောင်ထူးခေါင်းငုံ့လျက်ပင် လက်ဟန် ခြေဟန်ဖြင့် အမှန်အတိုင်းဖြေလိုက်သည်။ သို့သော် မောင်ထူး၏အသား များ တဆတ်ဆတ်တုန်နေသည်။ မောင်ထူးကိုဦးကြီးမောင် သတိမထား မိပေ။သူပြောလိုသည့်စကားများကိုသာ မောင်ထူးအားပြောပြနေသည်။

"ငါ့သား စကားပြောတတ်အောင် အဖေဆေးကုပေးမယ်။

www.burmeseclassic.com

www.burmeseclassic.com


နောက်ရက်ဆို အဖေ ငွေတွေအများကြီးရတော့မယ် သားရဲ့။ ငါ့သား ဝမ်းမသာဘူးလား”

မောင်ထူးသည် ဖခင်ကြီးဦးကြီးမောင်၏စကားများကို နား ထောင်ရင်း မျက်ရည်များ စီးကျလာသည်။ သူ့အဖေ၏ စကားများကို ဆက်၍ နားမထောင်လိုတော့သဖြင့် မပြောမဆို အိမ်ရှေ့ထွက်လာခဲ့ သည်။ သူနှင့်အတူ မြန်မာစာလေ့ကျင့်ခန်းစာအုပ်ကို လက်ထဲကမလွတ် တမ်း ယူခဲ့သည်။ ထို့နောက် အိမ်ရှေ့ကွပ်ပျစ်တွင် ခဏထိုင်သည်။

ခဏအကြာတွင် မောင်ထူးတစ်ယောက် မြန်မာစာလေ့ကျင့်ခန်း စာအုပ်ကိုလက်တွင်ကိုင်လျက် အိမ်ခြံထဲမှထွက်ခဲ့သည်။ ဘုရားလမ်း အတိုင်းပြေးရင်း ဦးစိုးဝင်းအိမ်ထောင့်အရောက်တွင် ညာဘက်ချိုး၍ မြောက်အရပ်သို့ပြေးပြန်သည်။ ကလေးငယ်တစ်ဦး လိုက်သူမရှိဘဲ ပြေး နေသည့်တိုင် ပတ်ဝန်းကျင်ကသတိမပြုမိကြ။ မောင်ထူးကလည်း မည် သူ့ကိုမျှ ဂရုမစိုက်ဘဲ သူသွားလိုသည့်နေရာကို ဦးတည်၍ပြေးနေ၏။

ဦးအောင်ထွန်း ဆံပင်ညှပ်ဆိုင်ထောင့်မှဘယ်ဘယ်ချိုး၍ရဲစခန်း အတွင်းသို့ ပြေးဝင်သွားသည်။ ထိုစဉ် ရဲစခန်းအတွင်းမှ တာဝန်ကျရဲ အုပ်ဦးဝင်းဆောင်ထွက်လာသည်နှင့် ပက်ပင်းကြုံနေသည်။

“ကလေး. . . ဘာဖြစ်လာလို့လဲ. . . ဦးကိုပြောပါဦး”

“ဟောဟဲ. . ဟောဟဲ”

ရဲအုပ်ဦးဝင်းဆောင်မေးသည်ကို မောနေသဖြင့် မောင်ထူး ချက်ချင်းမဖြေနိုင်။သူ့လက်ထဲမှ မြန်မာစာလေ့ကျင့်ခန်းစာအုပ်ကိုလည်း သတိမထားမိ။ သူပြောလိုသည့်စကားများကို ပြောချလိုက်သည်။ မောင် ထူးစကားပြောတတ်သွားပြီ။

“ရဲ. . . ရဲကြီးခင်ဗျား၊ ကျွန်တော့်အဖေဦးကြီးမောင် ရွှေပေါ် ကျွန်းဘုရားထဲက ရွှေဟောင်းဘုရားနှစ်ဆူကို ခိုးပြီး အိမ်မှာဝှက်ထားပါ

www.burmeseclassic.com

www.burmeseclassic.com


တယ်။ မနက်ဖြန်မနက် မန္တလေးသွားရောင်း. . . ရောင်းတော့မှာမို့လာ . . . လာဖမ်းကြပါ”

မောင်ထူးစကားကြောင့် ရဲအုပ်ဦးဝင်းဆောင်အံ့ဩသွားသည်။ သူသိလိုသည့်အချက်များကို မောင်ထူးအားမေးသည်။

“ကလေးတို့အိမ်က ဘယ်နားမှာလဲကွ။ ဘုရားတွေကို ဘယ်နားမှာ ဝှက်ထားတယ်ဆိုတာရော သိလား”

“ကျွန်တော်တို့အိမ်က အလယ်ရပ်ထဲက သက်ကယ်ချောင်မှာပါ။ ဘုရားတွေကို ကျွန်တော်တို့အိမ်. . . အိမ်က မီး. . . မီးဖိုချောင်ကြပ်ခိုးစင်ပေါ်မှာပါ”

“မင်းအဖေက ဦးကြီးမောင်နော်”

“ဟုတ်. . . ဟုတ်ပါတယ်”

ရဲအုပ်ဦးဝင်းဆောင်လည်း နယ်ထိန်းဦးတင့်အောင်ကိုခေါ်၍ အစီအစဉ်များ ပြောပြနေသည်။ထိုစဉ်မောင်ထူးကိုလက်ဖက်ရည်တိုက်၍ မုန့်များကျွေးထားသည်။ အစီအစဉ်များ ရေးဆွဲပြီးသည့်အခါ ရဲအုပ်ဦးဝင်းဆောင်နှင့်အဖွဲ့သည် မောင်ထူးအားခေါ်ဆောင်၍ ရဲစခန်းမှထွက်လာခဲ့ကြသည်။ မောင်ထူးကိုယ်တိုင် သူ့အိမ်ကို လမ်းပြခေါ်ဆောင်လာသည်။

အိမ်ပေါက်ဝအရောက်တွင် မောင်ထူး နေရစ်သည်။

မကြာမီ ဦးကြီးမောင်အား လက်ထိပ်ခတ်၍ ရဲများ အိမ်ထဲမှထွက်လာသည်။ မောင်ထူးလည်း သူ့အဖေအားကြည့်၍ မျက်ရည်များစီးကျနေသည်။ မောင်ထူးအနီးသို့ သူ့အဖေဦးကြီးမောင် ရောက်ရှိလာသည့်အခါ. . .

“အဖေ. . . ကျွန်တော်စကားပြောတတ်ပြီ။ ကျွန်တော့်ကို ခွင့်လွှတ်ပါအဖေ. . . ”

www.burmeseclassic.com

www.burmeseclassic.com


မောင်ထူးပြောလိုက်သည့် စကားသံကြောင့် ဦးကြီးမောင်အံ့သြသွားသည်။ သက်သေများဖြစ်သည့် ရပ်ကွက်လူကြီးများလည်း အထူးအံ့သြရသည်။ ထို့အတူ အကြောင်းစုံကြားသိလိုက်ရသည့် ရဲအုပ်ဦးဝင်းဆောင်တို့အဖွဲ့လည်း ထပ်မံအံ့သြကြရသည်။

“သား. . . မောင်ထူး. . . သားကိုအဖေ ဆေးမကုလိုက်ရဘဲ စကားပြောတတ်သွားပြီ။ အဖေရဲ့ စေတနာအမှားကို သားနားလည်ပါကွယ်။ ငါ့သားကို ဘုရားကဆေးကုပေးလိုက်ပြီ။ ဘုရားပေးတဲ့ဆုကိုရလိုက်ပြီ။ အဖေဝမ်းသာပါတယ် သားရယ်. . . သားကိုအဖေ ခွင့်လွှတ်ပါတယ်ကွယ်”

ထို့နောက် ဦးကြီးမောင်အား ရဲအုပ်ဦးဝင်းဆောင်နှင့်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ မောင်ထူးမှာ သူ့အဖေကို ရဲများဖမ်းသွား၍ စိတ်မကောင်းဖြစ်လျက် ကျန်နေခဲ့သည်။

မောင်ထူးခမျာ ကျောင်းမှဆရာ၊ ဆရာမများ၏ ဆုံးမစကားကြောင့် သူ့စကားပြောတတ်လာသဖြင့် ဝမ်းသာသည်။ သို့သော် မျက်ရည်များက စီးဆင်းနေဆဲပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ငှက်ဆိုးမဟုတ်ပါ

မြကုန်းကျေးရွာကလေးသည် အလွန်သာယာသည်။

သစ်ပင်များ စိမ်းလန်းစိုပြည်မှုသည် မြရောင်ကဲ့သို့ ရှိသည်။

ရွာသူရွာသားများသည် တောင်သူလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်ကြသည်။ အလုပ်ကြိုးစားကြသည်။

မြေပဲ၊ ဆေး၊ နှမ်း၊ ပဲအမျိုးမျိုးတို့ စိုက်ပျိုးကြသည်။ သီးနှံများကို ဧရာဝတီမြစ်ရေချိန်ကျ၍ စိုက်ရသည့်အောက်တောတွင်လည်းစိုက်ကြသည်။ မိုးရေဖြင့် စိုက်ရသည့် ကြည်းတောမြေများတွင် စိုက်ပျိုးကြသည်။

ဧရာဝတီမြစ်ကမ်းနှင့် အလှမ်းမကွာဝေးလှသည့် အချို့ရွာသူရွာသားများ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။

အများအားဖြင့် စီးပွားရေးချောင်လည်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ ဘာသာရေးကိုင်းရှိုင်းကြသည်။ တစ်ဦးကိုတစ်ဦးရိုင်းပင်းကူညီကြသည်။လေးစားချစ်ခင်တတ်ကြသည်။ ညီညွတ်မှုလည်း ရှိကြသည်။

သာရေးနာရေးကိစ္စများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်တတ်ကြသည်။

ဆီးပင်နှင့် မာလကာပင်များ အိမ်တိုင်းတွင်ရှိသည်။

ဝါဆို၊ ဝါခေါင်ရေကြီးချိန်တွင် ရွာထဲသို့ ရေဝင်သည်။ မိုးအခါတွင် လှေငယ်များဖြင့်သွားလာကြသည်။ နွားများကိုအခြားကျေးရွာများသို့ သွား၍ထားသည်။ အထူးသဖြင့် မြို့ပေါ်သို့ ပြောင်းရွှေ့ထားကြသည်။

နှစ်ကြိမ်သုံးကြိမ်ခန့် မီးအကြီးအကျယ်လောင်ဖူးသဖြင့် မီးဘေးအန္တရာယ်အတွက် အထူးသတိပြုကြသည်။ မီးနှင့်ပတ်သက်လာလျှင် စည်းကမ်းကြီးသည်။ ကလေးငယ်များကစ၍ မီးကိုရိုသေကြသည်။

မြကုန်းရွာတွင်မူလတန်းကျောင်းများသာရှိသဖြင့် အလယ်တန်းအထက်တန်းအဆင့်သို့ ရောက်ရှိလျှင် မြောင်မြို့သို့ပြောင်းရွှေ့ပညာသင်ကြရသည်။

မိဘများ၏အဆင်မပြေမှု၊ ငွေကြေးချို့တဲ့မှုကြောင့် အလယ်တန်းပညာကိုပင် ဆုံးခန်းတိုင်အောင် မသင်ယူနိုင်သည့်လူငယ်နှစ်ဦးမှာ ခွေးနီနှင့် ကြွက်တိုးပင်ဖြစ်သည်။

ခွေးနီကို အရက်သမား၊ ဘိန်းစားသားဟု အထင်သေးကြသည်။

ကြွက်တိုးကိုမူ ဓားပြ၊ ထောင်ထွက်သားဟု ကဲ့ရဲ့ကြသည်။

ခွေးနီ၏ ဖခင်သည် အရက်သောက်စရာ၊ ဘိန်းစားစရာမရှိလျှင် ရွာထဲက ရရာပစ္စည်းခိုးပြေးသည်။ အပြေးသန်၍ ခိုးမှန်းသိသော်လည်း ပစ္စည်းပြန်မရပေ။

www.burmeseclassic.com

www.burmeseclassic.com


ကြွက်တိုး၏ဖခင်မှာ သေနတ်ပစ်ဖြောင့်သည်။ ဓားပြတိုက်ရာတွင် သူ့လက်သုံးတော် ခြောက်လုံးပြူးဖြင့် ပစ်လျှင်မလွဲ။

ခွေးနီမှာ ဖခင်ကဲ့သို့ အပြေးမြန်သည်။ သန်သည်။

ကြွက်တိုးကား လေးခွဖြောင့်သည်။

ခွေးနီနှင့်ကြွက်တိုးမှာ တစ်အိမ်နှင့်တစ်အိမ်နီးသည်။ ဘဝတူချင်းဖြစ်၍ အတွဲများသည်။

ဖခင်များ၏ မကောင်းမှုဒဏ်ကြောင့် ရွာသူရွာသားအချို့၏ယုံကြည်မှုအားနည်းခြင်းကို ခံရသည့်ကလေးငယ်နှစ်ဦးဖြစ်သည်။ ကလေးငယ်နှစ်ဦး၏ အထီးကျန်ဘဝမှာ သနားစရာကောင်းသည်။

ကလေးငယ်များသည် ရိုးသားကြသော်လည်း ဖခင်များ၏ ဆိုးကျိုးအရိပ်မည်းများကြောင့် ကလေးငယ်အချင်းချင်းဝိုင်းပယ်ခြင်းကိုခံရသည်။ ပြောင်လှောင်ခြင်းကို ခံရသည်။

ခွေးနီနှင့်ကြွက်တိုးတို့မှာ ဖခင်ကြောင့်ပတ်ဝန်းကျင်၏ လှောင်ပြောင်မှုကဲ့ရဲ့မှု၊ အထင်သေးမှုဒဏ်ကို ခါးစည်းခံကြရရှာသည်။

* * * * *

မြင့်သန်း၊ တင်ဦး၊ ဝင်းအောင်တို့ ဘုန်းကြီးကျောင်းထဲတွင် ဘောလုံးကန်နေကြသည်။

ဘောလုံးကန်သည့်နေရာသို့ ခွေးနီနှင့်ကြွက်တိုးရောက်လာသည်။

"မြင့်သန်း. . . ငါတို့လဲ ကန်ချင်တယ်ကွာ. . ."

"ဟ. . . မင်းကန်ချင်ရင် တို့လို ဘောလုံးဝယ်ထားပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com


မြင့်သန်းက ခွေးနီကို ပြန်ပြောသည်။ မြင့်သန်းစကားမဆုံး တင်ဦးက ဝင်၍ပြောသည်။

"လူဆိုး၊ ထောင်ထွက်သားတွေကန်တဲ့ ဘောလုံးပွဲမဟုတ်ဘူးကွ ဟေ့ကောင်တွေလာ. . . တော်စို့. . . တော်ကြာ တို့ဖိနပ်တွေ၊ အကျီ တွေခိုးသွားဦးမယ်"

"တင်ဦး. . . မင်း တို့ကိုဒီလိုမပြောနဲ့ကွာ"

"ပြောတော့ ဘာဖြစ်လဲကွ၊ မင်းက မိုက်လို့လား"

တင်ဦးနှင့်ခွေးနီ တစ်ယောက်တစ်ခွန်းစကားများကြသည်။ ရန် ဖြစ်တော့မည်။ ကြွက်တိုးက သူငယ်ချင်းခွေးနီကို ဆွဲသည်။

"လာပါ. . . ခွေးနီရာ. . . မင်းသတ္တိကိုဒီနေရာမှာ မပြစမ်းပါနဲ့'

"ကြွက်တိုး မဆွဲနဲ့ကွာ. . . ဒီကောင်တွေ လွန်ကိုလွန်တယ်"

တင်ဦးက ခွေးနီကို ထပ်၍ရန်စသည်။

"ဟေ့ကောင် ခွေးနီလူကြောက်. . . ခွေးနီလူကြောက်"

"ခွေးနီ. . . မင်းအသာနေစမ်း. . . "

"တင်ဦး မင်းတော်တော့ကွာ"

ကြွက်တိုးက ခွေးနီကိုထားခဲ့ပြီး တင်ဦးကိုထားသည်။ တင်ဦးက ကြွက်တိုးစကားကို လက်မခံ။

"ဓားပြသား. . . မင်းအသာနေစမ်း၊ မတော်တော့ မင်းဘာလုပ် ချင်လို့တုန်း"

ကြွက်တိုးဒေါသဖြစ်သွားသည်။ ရုတ်တရက်တင်ဦး၏ မျက်နှာကို လက်သီးနှင့်ထိုးသည်။

တင်ဦး၏နှာခေါင်းကို ထိုးမိသည်။

ကြွက်တိုး၏ လက်သီးတစ်ချက်တည်းဖြင့် ရန်ပွဲပြီးသွားသည်။

တင်ဦးနှာခေါင်းမှ နှာခေါင်းသွေးများ ကျလာသည်။ တင်ဦး

www.burmeseclassic.com

www.burmeseclassic.com


ငိုသည်။ တင်ဦး၏ ငိုသံကြားသဖြင့် သူ့အမေရောက်လာသည်။

"ဟဲ့သား. . . ဘာဖြစ်တာလဲ။ အို. . . သွေးတွေနဲ့ပါလား"

"ကြွက်တိုးက လက်သီးနဲ့ထိုးတာ။ အီး. . . ဟီး. . . အီး"

"ဟဲ့. . . မားပြသား။ နင်က ငါ့သားကိုလက်သီးနဲ့ထိုးတော့ ငါကလဲ နင့်ကို. . ."

ကြွက်တိုးကို တင်ဦးအမေမရိုက်မီ ဘုန်းကြီးရောက်လာသည်။

"ဒကာမကြီး မလုပ်နဲ့. . . ဒေါသရှေ့ထားရင် မှားမှာပေါ့. . . ဒကာမကြီးရယ်"

"တပည့်တော်သားမှာ သွေးတွေနဲ့ဆိုတော့"

"ကလေးချင်းရန်ဖြစ်တာပဲ ဒကာမကြီးရယ်. . . နှာခေါင်းသွေးထွက်သွားတာပါ။ ဟော့. . . ကိုရင်နန္ဒိယ. . . ရေတစ်ခွက်ယူခဲ့စမ်း"

ကိုရင်နန္ဒိယ ဘုန်းကြီးထံရောက်လာသည်။

"သွား. . . တင်ဦးနှာခေါင်းကသွေးတွေကို ပြောင်အောင်လုပ်ပေးလိုက်စမ်း"

"တင်ပါ့ဘုရား. . ."

"ဒီကလေးတွေ ရန်မဖြစ်ခင် စကားများနေကတည်းက ဘုန်းကြီးမြင်တယ် ဒကာမကြီးရဲ့။ ဖြစ်တာက ခွေးနီနဲ့ ထိုးတော့ကြွက်တိုးကထိုးတာ။ဒကာမကြီးရဲ့သားကလဲ သားပဲ။ ခွေးနီနဲ့ရန်ဖြစ်တော့ ကြွက်တိုးကဆွဲတယ်။ ခွေးနီနဲ့ ရန်မဖြစ်ဖို့ ဒကာမကြီးရဲ့သားကိုပြောတော့ ဒကာမကြီးရဲ့သားကထောင်ထွက်သား၊ဓားပြသားဆိုပြီးထရန်လုပ်တယ်။ ကြွက်တိုးက ဒေါသဖြစ်ပြီး ထိုးလိုက်တာ ဒကာမကြီး။ ဟဲ့. . . ခွေးနီနဲ့ကြွက်တိုး ဒီကိုလာစမ်း. . ."

"တင်ပါ့ဘုရား"

ဘုန်းကြီးရှေ့တွင် ခွေးနီနှင့်ကြွက်တိုး ကျုံ့ကျုံ့ကလေးဝင်ထိုင်

www.burmeseclassic.com

www.burmeseclassic.com


သည်။

"နောက်ကို ရန်မဖြစ်ကြနဲ့။ ကြားလား. . . နောက်တစ်ခါဆို ရင် ရိုက်ခံရမယ်"

"တင်ပ့ါဘုရား"

"ကဲ. . . ကဲ. . . ဒကာမကြီးပြန်. . . ပြန်"

"ကိုရင်နန္ဒိယ သွေးတွေ ပြောင်ပြီလား"

"တင်ပ့ါဘုရား"

တင်ဦးနှင့်သူ့အမေ ဘုန်းကြီးကို ကန်တော့၍ ပြန်သွားသည်။ ကြွက်တိုးနှင့်ခွေးနီကို ဘုန်းကြီးက ဆုံးမ၍ ပြန်လွှတ်လိုက်သည်။

တင်ဦးနှင့်ရန်ဖြစ်သည့်အတွက် ဘုန်းကြီးမရိုက်၍ တော်သေး သည်။

ခွေးနီနှင့်ကြွက်တိုး နောက်ထပ်ရန်မဖြစ်တော့ဟု ဆုံးဖြတ်လိုက် ကြသည်။ ဘုန်းတော်ကြီး၏စကားကိုနားထောင်ကြမည်ဟုဆုံးဖြတ်လိုက် ကြသည်။

* * * * *

သချိုင်းကုန်းတွင် တိတ်ဆိတ်ငြိမ်လှသည်။

ချိုးသံ၊ ဆက်ရက်သံ၊ သပိတ်လွယ်ငှက်ကလေးများ၏ အသံများ မှတစ်ပါး မည်သည့်အသံမှ မကြားရပေ။

ကုက္ကိုပင်ရိပ်များကြောင့် ခရီးသွားတို့အတွက် နားခိုရာလည်း ဖြစ်သည်။ တောင်သူဦးကြီးများ ထွန်ပြန်ချိန်တွင် ခေတ္တနားကြသည်။

နေ့ခင်းဘက်တွင် ခရီးသွားများ မရှိတော့ပေ။

နွေနေ့လယ်ခင်း၏ အပူရှိန်မှာ ခြစ်ခြစ်တောက်နေသည်။

ကွင်းထီးထီးရှိ သချိုင်းကုန်းဇရပ်သည် လေတဖြူးဖြူးနှင့်

www.burmeseclassic.com

www.burmeseclassic.com



အရသာရှိသည်။

ဦးသိန်းဆင် မြေပဲခင်းဘက်ဆီမှ ကလေးငယ်နှစ်ဦး သချိုင်းကုန်းဘက်သို့ ဦးတည်၍လာနေသည်။ ထို့အတူ ရွာဦးကျောင်းဘက်ဆီမှ ချိုင်းထောက်တစ်ဖက်နှင့် လူတစ်ယောက်နှေးကွေးစွာ လမ်းလျှောက်လာနေသည်။

သချိုင်းဇရပ်တွင် သုံးဦးသား ဆုံမိကြသည်။

သချိုင်းကုန်းဇရပ်ပေါ်တွင် သုံးဦးသားထိုင်ထိုင်ချင်း တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ကြ။

ခွေးနီက လွယ်ထားသည့်လွယ်အိတ်ကို ဘေးသို့ချလိုက်သည်။

ကြွက်တိုးကား ပုဆိုးနှင့်ထုပ်ထားသည့် မြေပဲထုပ်ကိုဖြန့်၍ကြည့်လိုက်သည်။ ထို့အတူ ခြေတစ်ဖက်ပြတ်နှင့် အဖိုးကြီးအိုရုပ်ပေါက်နေသူအား ချိုင်းထောက်ကို ပြတ်နေသည့် ညာဘက်ခြေထောက်ဘေးတွင် ကပ်၍ချထားသည်။

"ကလေးတို့ ဘယ်ကပြန်လာတာလဲကွ"

"ဦးသိန်းဆင်ကုန်းဘက်က မြေပဲကောက်သင်းကောက်လာတာပါ ဘကြီး"

ခြေတစ်ဖက်ပြတ်အဘိုးကြီး၏ စကားကို ကြွက်တိုးနှင့်ခွေးနီပြိုင်တူဖြေမိကြသည်။

"သြော်. . . တလောက ဘုန်းကြီးကျောင်းမှာ ရန်ဖြစ်တဲ့ကလေးတွေနဲ့တူတယ်"

"ဟုတ်ပါတယ် ခင်ဗျ"

ခွေးနီက ပြန်ဖြေသည်။ ကြွက်တိုးကမူ. . .

"ကျွန်တော်တို့ နောက်ထပ်ဘယ်တော့မှ ရန်မဖြစ်တော့ဘူးလို့ဆုံးဖြတ်လိုက်ပါပြီ ဘကြီးရာ. . . အဲဒီနေ့ကလဲ မခံချင်စိတ်နဲ့ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


လက်သီးနဲ့ ထိုးလိုက်မိတာပါ"

"အေးကွယ်. . . မင်းတို့ရန်ဖြစ်ကြတာ၊ စကားများကြတာကို ဘကြီးအစအဆုံးကြားရတယ်။ မြင်ရတယ်ကလေးတို့ရဲ့ တစ်ဖက်သတ် အနိုမ်ခံရလွန်းတော့လဲ လုပ်မိတာပေါ့ကွာ"

ခြေတစ်ဖက်ပြတ်နှင့် အဘိုးကြီးက ချိုင်းထောက်ကိုဘေးသို့ အသာရွှေ့ချလိုက်သည်။ မူလစကားကို ပြန်ဆက်သည်။

"လူတွေကလဲ ခက်တယ်ကွာ. . . ဘကြီးမင်းတို့ကို ကိုယ်ချင်း စာပါတယ်။ ဘကြီးတုန်းကလဲ မင်းတို့လိုပဲ အပြောခံ၊ အနိုမ်ခံခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွှေ့ပါဘူး။ ကလေးတို့လဲ မခံချင်စိတ်နဲ့ ကောင်းအောင်နေပြကြပေါ့ကွာ။ ရိုးသား ခြင်းကို ဂုဏ်ယူစမ်းပါ ကလေးတို့ရယ်. . ."

အဘိုးကြီး၏အပြောကို ကြွက်တိုးကပြန်မေးသည်။

"ဘကြီးပြောတာ ကျွန်တော်တို့ သိပ်မရှင်းဘူး"

ကြွက်တိုးစကားကို ပြန်မဖြေမီ အဘိုးကြီးက ပုဆိုးထဲမှ ပလတ် စတစ်အထုပ်တစ်ထုပ်ကို ထုတ်ယူလိုက်သည်။

အိတ်ထဲမှ ကွမ်းရွက်တစ်ရွက်ကိုထုတ်ကာ ထုံးသုတ်လိုက်သည်။ ထို့နောက် ကွမ်းသီးစိတ်ကလေးများနှင့် မြန်မာဆေးအနည်းငယ်ထည့် ကာ ကွမ်းယာလိုက်သည်။ ပါးစပ်တွင်းသို့ ထည့်သည်။ တစ်ချက်နှစ်ချက် ခန့်ဝါးပြီးသည့်အခါ. . .

"ကလေးတို့ မိန်ကောင်ကိုမြင်ဖူးကြလား. . . လင်ကောင်ပိုး ငှက်လို့လဲ ခေါ်တယ်"

"ဂီး. . . ဂီးနဲ့ ညဘက်မှာ အော်တဲ့ငှက်ကို ပြောတာလား" ဟု ခွေးနီကမေးသည်။

"မှန်လိုက်လေ ကလေးတို့ရယ်. . .။ ငှက်ဆိုးလို့လဲ ခေါ်ကြ

www.burmeseclassic.com

www.burmeseclassic.com


တယ်ကွ။ အဲဒီငှက်ကို လူတွေက အကောင်းမပြောကြဘူး ကလေးတို့ရဲ့။ အဲဒီအကောင်မြည်ရင် လူတွေက မင်္ဂလာမရှိဘူး။ ဖွဟဲ့. . . ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ပြောတတ်ကြတယ်"

"ဟုတ်တယ်ဘကြီး. . . အဲဒီအသံကြားရင် ကျွန်တော်တို့အမေတောင် သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ခဏခဏပြောသံကြားဖူးတယ် ဘကြီး"

ခွေးနီက သူ့အမေထံမှ ကြားရသည်ကို ပြန်ပြောပြသည်။ ထို့နောက် မေးခွန်းတစ်ခုကို မေးလိုက်သည်။

"အဲဒါ ဘာဖြစ်လို့လဲ ဘကြီး"

"ဘာဖြစ်ရမလဲဆိုတော့ အတိအကျမသိဘူးပေါ့ကွာ။ အကြမ်းဖျင်းပြောရရင် သူ့အသံကြောင့်ဆိုရမှာပဲ"

ကြွက်တိုးက ငြိမ်၍နားထောင်နေရာမှ ဝင်ပြောသည်။

"ဟုတ်တယ် ဘကြီးရ. . . ဂီး. . ဂီးနဲ့ ဆိုတဲ့အသံကြီးက ညဘက်ဆိုရင် သိပ်ကြောက်စရာကောင်းတယ်"

အဘိုးကြီးက ကွမ်းတံတွေးကို ပျစ်ခနဲမြည်အောင် ထွေးလိုက်သည်။

"ဘယ်ဟုတ်ပါ့မလဲ ကလေးရယ်. . . ဂီး. . . ဂီး ဆိုတဲ့ အသံဟာ မိန်ကောင်တွေရဲ့သဘာဝအသံပဲကလေးရဲ့. . . ညထွက်ကောင်တွေဆိုတော့ ညဘက်မှာမြည်တာ သဘာဝကျတယ်။ တကယ်တော့ အဲဒီမိန်ကောင်တွေက တောင်သူအကျိုးပြုတဲ့ မိတ်ဆွေပိုးကလေးတွေပါကွာ"

"ဘာဖြစ်လို့လဲ ဘကြီး"

ခွေးနီနှင့်ကြွက်တိုး စိတ်ဝင်စားဖြင့် ပြိုင်တူမေးလိုက်ကြသည်။

အဘိုးကြီးကား ခွေးနီနှင့်ကြွက်တိုးကို စိတ်ရှည်လက်ရှည်ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီ မိန်ကောင်တွေရဲ့ အစာဟာ ကြွက်တွေကွ၊ သီးနှံစိုက်ခင်းတွေကို ဖျက်ဆီးတဲ့ကြွက်တွေကို စားပေးတော့ သီးနှံတွေ အပျက်အစီးနည်းတာပေါ့ကွာ။ လူတွေကို ကူညီတဲ့သဘောပေါ့။ လူတွေကသာ အဲဒီ မိန်ကောင်ငှက်တွေကို အကောင်းမပြောပဲ မိန်ကောင်ငှက်ကလေးတွေကတော့ လူတွေအတွက် သီးနှံစိုက်ခင်းတွေမှာကျတဲ့ ကြွက်တွေကို ဖမ်းပြီးစားပေးနေရတာ သူတို့တာဝန်လို့ ထင်နေကြတာ။ သနားစရာကောင်းတဲ့ ငှက်ကလေးတွေပါကွာ. . . "

အဘိုးကြီးက စကားဖြတ်၍ တံတွေးထွေးလိုက်သည်။ လက်ညှိုးဖြင့်အာခေါင်ဘေးမှ ကွမ်းအမှုန့်ကို ထိုးထုတ်သည်။ ပြီးတော့ ပြန်ဝါးသည်။ ထို့နောက် စကားဆက်ပြောသည်။

"ကလေးတို့လဲ ရွာထဲကလူတွေ၊ ကလေးတွေက ဓားပြသားခေါ် လိုက်၊ အရက်သမား ဘိန်းစားသားခေါ် လိုက်နဲ့ တကယ်တော့ ကလေးတို့ဟာဓားပြလဲမတိုက်ဘူး။ သူများပစ္စည်းလဲ မခိုးဘူး။အရက်မသောက် ဘိန်းမစားကြပေမယ့် သက်သက်ပြောနေကြတာ။ ကလေးတို့ဟာ လူတွေကို အကျိုးပြုတာပဲ"

"ကျွန်တော်တို့က ဘာအကျိုးပြုလို့လဲ ဘကြီး" ဟု ကြွက်တိုးနှင့်ခွေးနီတစ်ပြိုင်တည်း မေးလိုက်သည်။

"ဒီလိုလေကွာ. . . မင်းတို့အခုမြေပဲ ကောက်သင်းကောက်လာကြတယ်မဟုတ်လား. . . "

"ဟုတ်ပါတယ်. . . "

"ကဲ. . . ဒီမြေပဲတွေကို ကောက်သင်းမကောက်ရင် ဘယ်လိုဖြစ်သွားမလဲ. . . ပြောပါဦး"

'ပျက်စီးသွားမှာပေါ့ဘကြီးရဲ့"

ခွေးနီကပြောသည်။ ကြွက်တိုးက တစ်နည်းဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com


"အလကားဖြစ်သွားမှာပေါ့. . . "

"အေး. . . အဲဒါပြောတာပေါ့ကွ၊ အခုလို မင်းတို့ ကောက်သင်းကောက်လာတော့ လူတွေမစားရဘူးလား"

"စားရပါတယ် ဘကြီး"

ခွေးနီနှင့်ကြွက်တိုးတို့ တစ်ယောက်မျက်နှာကိုကြည့်ရင်း သံပြိုင်ပြောလိုက်ကြသည်။

"အဲဒီတော့ ကလေးတို့ဟာ မိန်ကောင်တွေကို လူတွေကဲ့ရဲ့သလိုခံစားကြရပေမယ့် အကျိုးပြုတဲ့ကလေးတွေ၊ တန်ဖိုးရှိတဲ့ကလေးတွေပေါ့ကွာ။ ကလေးတို့လို ကောက်သင်းကောက်တဲ့သူတွေ များများရှိလေ၊ လူတွေအတွက် အကျိုးပိုရှိလေပေါ့ကွာ"

"ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် ကိုယ့်ရဲ့လုပ်အားနဲ့ လူသားတွေအကျိုးပြုရမယ်။ လူတစ်ကိုယ်မှာ ပညာတစ်မျိုးစီ ရှိတယ်ကွ။ ကိုယ်တတ်တဲ့ ပညာနဲ့ လူတွေအတွက် ကူညီနိုင်အောင် အကျိုးရှိအောင်လုပ်ဖို့တော့ လိုတယ်ကလေးတို့ရေ။ ဒါနဲ့မင်းက ခွေးနီနော်"

"ဟုတ်ပါတယ် ဘကြီး"

"မင်းက. . . ကြွက်တိုးပေါ့ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"ရွာထဲကလူတွေ ပြောသံကြားဖူးတယ်။ ခွေးနီက အပြေးသန်တယ်။ ကြွက်တိုးကတော့ လေးခွဖြောင့်တယ်ဆိုတာ ဟုတ်လား"

"လွတ်လပ်ရေးနေ့ အပြေးပြိုင်ပွဲမှာ ကျွန်တော်ခဏခဏ ပထမရတယ်ဘကြီး၊ ကြွက်တိုးက လေးခွပစ်တဲ့ပြိုင်ပွဲတိုင်း ပထမချည်းရလို့ပြိုင်ပွဲကလူကြီးတွေက ပြိုင်ပွဲတောင်ဝင်ခွင့်မပြုတော့ဘူး ဘကြီးရ"

"အေးကွာ. . . ကိုယ်တတ်တဲ့ပညာနဲ့ လူတွေအကျိုးရှိအောင်လုပ်ကြကွာ။ ကိုယ့်ပညာနဲ့ကိုယ် လူပြောမခံကြနဲ့။ အကျိုးရှိအောင်လုပ်

www.burmeseclassic.com

www.burmeseclassic.com


ကြ၊ တို့ဘုန်းကြီးပြောသလိုပေါ့ကွာ. . . လူလိုနေချင်ကြ၊ လူလိုနေကြ၊ ခွေးလိုသေချင်ရင် ခွေးလိုနေကြတဲ့ကွ. . . ဟုတ်ရဲ့လား"

အဘိုးကြီးကလည်း စကားပြောရင်းမောသွားဟန်ရှိသည်။ အနည်းငယ်နားပြီးမှ စကားဆက်ပြောသည်။ ခွေးနီနှင့်ကြွက်တိုးတို့ ငြိမ်၍ နားထောင်နေသည်။

"ကဲ. . ဘကြီးနာမည် မှတ်ထားကြ။ စစ်ပြန်ဘမောင်လို့ ခေါ်တယ်။ ဘကြီးမောင်ပေါ့ကွာ။ ရွာဦးက ဘုန်းကြီးကျောင်းမှာနေတယ်။ ပျင်းတဲ့အခါ။ အကူအညီလိုတဲ့အခါ လာကြပေါ့ကွာ။ ကဲ. . . နေလဲ အတော်မြင့်သွားပြီ. . . ပြန်ကြစို့"

သုံးဦးသား စကားဖြတ်၍ သချိုင်းကုန်းဇရပ်ပေါ်မှ ဆင်းလိုက်သည်။ ရွာထဲသို့ ပြန်ခဲ့ကြသည်။

* * * * *

"ဘကြီးမောင် . . . ဘကြီးမောင်"

မိုးအတော်ချုပ်နေပြီ။

လမိုက်ရက်ဖြစ်၍ ကြယ်ရောင်ကလေးများ၏ အလင်းရောင်သည်တန်ဖိုးရှိလှသည်။ရွာဦးကျောင်းဘက်ဆီမှ ကလေးနှစ်ဦး၏ခေါ်သံကို ဘကြီးမောင် ရုတ်တရက်မကြား . . .။

"ဘကြီးမောင် . . ."

"ဟေ. . . ဘယ်သူတွေလဲ"

"ခွေးနီနဲ့ကြွက်တိုးပါ ဘကြီးမောင်"

ဘကြီးမောင် တံခါးလာဖွင့်ပေးသည်။ ခွေးနီနှင့်ကြွက်တိုး အိမ်ထဲဝင်သည့်အခါ မီးခွက်ထွန်းလိုက်သည်။ ရေနံဆီနည်းသဖြင့် မီးရောင်မှာ မှိန်ဖျော့ဖျော့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကလေးတို့ မိုးချုပ်လှချည်လား. . . ဘာကိစ္စရှိလို့လဲ"

"အရေးကြီးကိစ္စ ပြောချင်လို့ပါ . . ဘကြီးမောင်"

"ဟေ. . ဘယ်လိုအရေးကြီးကိစ္စလဲ . . ပြောပါဦးကလေးရဲ့"

"ဒီလို . . ဘကြီးမောင်ရဲ့ . . ကျွန်တော်တို့ မြေပဲကောက်သင်းကောက်ပြီး မိုးချုပ်မှ ပြန်လာကြတာ။ သချိုင်းကုန်းရောက်တော့ ဂူတွေကြားထဲက လူသံတွေကြားရတယ်"

ခွေးနီက ကြွက်တိုးကို တစ်ချက်ကြည့်လိုက်သည်။ ပြောလက်စစကားကို ဆက်၍ ပြောသည်။ အသံက ခပ်တိုးတိုးနှင့် . .

"ကျွန်တော်နဲ့ ကြွက်တိုး ကုက္ကိုပင်ကြီးကွယ်ပြီး သူတို့စကားပြောတာ ချောင်းနားထောင်တော့ ရွာအရှေ့ပိုင်းက ဦးသာမောင်အိမ်ကိုဓားပြတိုက်မလို့ တိုင်ပင်နေကြတာ ကြားရတယ်ဘကြီးမောင်"

"ဟုတ်တယ်ဘကြီးမောင်. . . သိသိချင်း ကျွန်တော်တို့လဲ ဘာလုပ်ရမှန်းမသိဘူး။ရွာထဲက လူတွေကို ပြောရင်လဲ ယုံကြမှာမဟုတ်ဘူး။ နောက်ကျမှ ဘကြီးမောင်ကို သတိရလို့ ဘကြီးမောင်ဆီလာခဲ့တာပဲ"

ခွေးနီ၏စကားကို ဘကြီးမောင် မယုံချင်။ ခွေးနီနှင့်ကြွက်တိုးတို့မှာ ရွာလယ်ပိုင်းမှ ပြေးလာကြရသဖြင့် မောနေသည်။ ဘကြီးမောင်က ခွေးနီနှင့်ကြွက်တိုးမျက်နှာကို အသေအချာအကဲခတ်သည်။

"သေချာရဲ့လား ကလေးတို့ရယ်. . . "

"သေချာပါတယ် ဘကြီးမောင်ရဲ့ . . . "

"အဲဒီဓားပြတွေ ဘယ်နှစ်ယောက်ရှိလဲ။ ဘာလက်နက်တွေပါလဲ ဆိုတာ မှတ်မိကြလား"

"မှတ်မိပါတယ် ဘကြီးမောင်။ လူငါးယောက်၊ သေနတ်နှစ်လက်၊ ဓားရှည်သုံးလက်နဲ့ပါ"

"ဘယ်အချိန်ရွာထဲ ဝင်မှာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com


"ဒီနေ့ ညဆယ်နာရီမှာ ရွာထဲဝင်မယ်လို့ ပြောသံကြားရတယ်"

ဘကြီးမောင်နှင့်ကြွက်တိုးတို့ အမေးအဖြေလုပ်ကြသည်။ ဘကြီးမောင်၏အမေးကို ကြွက်တိုးကဖြေသည်။ ဘကြီးမောင်သိလိုသည့် အချက်များကိုသိရသည့်အခါ ခွေးနီနှင့်ကြွက်တိုးကို အနားသို့ တိုးစေသည်။

"ဆယ်နာရီဆိုတော့ အချိန်ကသိပ်နီးနေပြီ. . . ဒီလိုလုပ် ခွေးနီက အပြေးသန်တယ်ဆိုတော့ မြို့ပေါ်ကရဲစခန်းကိုသွား. . . ကလေးရဲစခန်းရောသိရဲ့လား"

"သိပါတယ် ဘကြီးမောင် . . . ဆေးရုံနားမှာပါ"

"အေး. . ဒါဆိုသွားတော့ . . . ကလေးသွားရဲရဲ့လား"

"သွားရဲပါတယ် ဘကြီးမောင်"

"ဟိုရောက်ရင်ဘကြီးမောင်ပြောသလိုပြော။ မြန်မြန်ပြေးနော်"

"စိတ်ချပါ ဘကြီးမောင်"

ခွေးနီက ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထပြေးသည်။ ကြွက်တိုးနှင့် ဘကြီးမောင်နှစ်ယောက်သာ ကျန်ခဲ့သည်။ ဘကြီးမောင်ငြိမ်နေသည်။ ကြွက်တိုးက ဘကြီးမောင်ပြောမည့်စကားကို စောင့်နေသည်။

"ကြွက်တိုး. . လေးခွပါတယ်နော်"

"ဒီမှာ . . ဘကြီးမောင်"

ကြွက်တိုးက လေးခွကို လွယ်အိတ်အတွင်းမှ ထုတ်ပြသည်။ကြွက်တိုး၏ လက်သုံးတော်လေးခွမှာ သားရေပင်ခပ်တိုတိုနှင့် . . . ။

"လောက်စာလုံး သုံးလေးလုံးတစ်ခါတည်းကိုင်ပြီး ဆက်တိုက်ပစ်တတ်တယ်နော်. . . လောက်စာရော များများ ပါရဲ့လား"

"ပစ်တတ်ပါတယ် ဘကြီးမောင်။ လောက်စာလဲ များများပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ကဲ . . . ဒါဖြင့်သွားစို့"

ဘကြီးမောင်ကချိုင်းထောက်ဖြင့်အားယူ၍ ထလိုက်သည်။

"အဓိကပစ်မှတ်ကို ပစ်"

"ဟုတ်ကဲ့ ဘကြီးမောင်"

ဘကြီးမောင်နှင့် ကြွက်တိုးတို့ ဦးသာမောင်၏အိမ်ရှိရာ ရွာထဲသို့ရောက်လာခဲ့ကြသည်။

ဦးသာမောင်၏အိမ်နှင့် ရွာဦးကျောင်းက သိပ်မဝေးလှ။

လမိုက်သဖြင့် ရွာထဲတွင် လူသွားလူလာကျဲသည်။ ညဥ့်ငှက်သံကလေးများမှတစ်ပါးအခြားသံများမကြားရ။ရံဖန်ရံခါ ခွေးဟောင်သံကို ကြားရ၏။

ဦးသာအောင်အိမ်အနီးသို့ရောက်လာသည်။

အိမ်ရှေ့လမ်းဘက်မှမဝင်ဘဲ အိမ်နောက်ဖေးလမ်းကြားမှဝင်သည်။ဘကြီးမောင်က ဦးသာမောင်၏ခြံဝင်းအတွင်းသို့ အကဲခတ်ကြည့်သည်။အိမ်ရှေ့အဝင်ပေါက်တွင်သေနတ်ကိုင်ထားသည့် လူတစ်ယောက်နှင့် လှေခါးခုံတွင် ဓားရှည်ကိုင် လူတစ်ယောက်ရှိသည်။ အိမ်ပေါ်တွင် သုံးယောက်ရှိမည်ဟု ခန့်မှန်းသည်။

"ကလေး . . . အဲဒီပြတင်းပေါက်နဲ့တည့်တည့် သရက်ပင်ပေါ်တက်။ အခြေအနေကြည့်ပြီး အဓိကပစ်မှတ်ကို ရွေးပစ်. . . ကြားလား"

"ဟုတ်ကဲ့ . . . "

"ကဲ. . . သွားတော့"

ကြွက်တိုးနှင့်ဘကြီးမောင်တို့ တိုးတိုးနှင့် စကားပြောကြသည်။ ဘကြီးမောင်က ကြွက်တိုးကို သရက်ပင်ပေါ် တက်ခိုင်းသည်။

ကြွက်တိုးက သရက်ပင်ပေါ်သို့တက်သည်။

ဘကြီးမောင် အသံလုံအောင်သွားရင်း လမ်းဘက်အိမ်ခြံပေါက်

www.burmeseclassic.com

www.burmeseclassic.com



မှ အစောင့်ဓားပြနားသို့ကပ်သွားသည်။ ဓားပြသည် လမ်းဘက်သို့ လှည့်နေသဖြင့် ဘကြီးမောင်ကို မမြင်ရ။

ဘကြီးမောင်က တဖြည်းဖြည်းအနားသို့ တိုးသွားပြီး ချိုင်းတောက်နှင့်ဓားပြဇက်ပိုးကို ရိုက်ချလိုက်သည်။ ဓားပြခမျာ အသံပင် မထွက်နိုင် လဲကျသွားသည်။

ဘကြီးမောင်လည်း ခြေတစ်ဖက်လွတ်သွားသဖြင့် သူ့ကိုယ်သူ မဟန်နိုင်ဘဲ လဲကျသွားသည်။ သေနတ်ကြည့်လိုက်တော့ လုပ်သေနတ် အသုံးဝင်သည့်သေနတ်မဟုတ်သည်ကို ဘကြီးမောင်သိသည်။

ချိုင်းထောက်ဖြင့် အားယူ၍ မတ်တတ်ရပ်လိုက်သည်။

ကြွက်တိုးကလည်း သရက်ပင်ပေါ်မှ အိမ်အပေါ်ထပ်သို့ ကြည့်သည်။ဦးသာမောင်ကို အိမ်တိုင်တွင်ကပ်၍ကြိုးနှင့်တုပ်ထားသည်။မီးခွက်ထွန်းထားသော်လည်း ကြိုးတုပ်ထားသည့် ကျန်နှစ်ယောက်ကို သဲသဲကွဲကွဲ မမြင်ရ။

မီးခွက်ဘေးတွင် ဓားပြတစ်ယောက်က သေနတ်နှင့် . . . ။

တစ်ယောက်က ဓားရှည်ကိုင်၍ မတ်တတ်ရပ်သည်။ တစ်ယောက်ကထိုင်လျှက် ဦးသာမောင်ကို ဘာတွေပြောနေသည်မသိ။

ကြွက်တိုးက သရက်ပင်ခွကြားတွင် ကျကျနနထိုင်သည်။ ဘယ်သူ့ကိုစ၍ အရင်ပစ်ရမည်ကို စဉ်းစားသည်။ ဆုံးဖြတ်ချက်တစ်ခုကိုချသည်။ ထိုနောက်သေနတ်ကိုင်ထားသည့်သူ၏လက်ကို ပစ်သည်။ တည့်တည့်မတ်မတ်ထိသဖြင့် လက်ထဲမှသေနတ်လွတ်ကျသွားသည်။ ဦးသာမောင်ရှေ့ ဓားပြ၏နားထင်သို့ တစ်ချက်၊ မတ်တတ်ရပ်နေသည့်လူ၏ နှာယောင်ကြားတည့်တည့်သို့ တစ်ချက်ပစ်လိုက်သည်။ ပစ်မှတ်အားလုံး ထိသည်။

နောက်ထပ်လောက်စာလုံး သုံးလုံးအမြန်ထုတ်ကာ သေနတ်

www.burmeseclassic.com

www.burmeseclassic.com


သမား၏ နဖူးကိုပစ်သည်။ ထိသည်။

သားရေပင်တိုတို့နှင့် လေးခွဒဏ်ကို မခံနိုင်ကြပါ။

ဦးသာမောင်ရှေ့မှာ ခဲပြမှာ တစ်ချက်တည်းနှင့် ငြိမ်ကျသွား သည်။

ကြွက်တိုး၏ဆုံးဖြတ်ချက် မှန်သွားသည်။ သေနတ်သမားမှာ အဝေးသို့ပစ်နိုင်သဖြင့် သေနတ်သမားကို အရင်ရှင်းရသည်။ ဦးသာ မောင်အနီးမှ ခဲပြသည်သေနတ်သမားကိုလေးခွထိလျှင် ဦးသာမောင် ကိုအန္တရာယ်ပေးနိုင်သဖြင့် ဒုတိယရှင်းရသည်။ မတ်တတ်ရပ်နေသည့် ခဲပြမှာဦးသာမောင်နှင့်ဝေးသဖြင့် ချက်ချင်းအန္တရာယ်မပေးနိုင်သဖြင့် နောက်ဆုံးမှ ရှင်းရသည်။

သေနတ်သမားသည် သေနတ်ပြန်ကောက်၍ ပစ်နိုင်သဖြင့် ကြွက်တိုး နောက်တစ်ချက်ထပ်ပစ်ရသည်။

ကြွက်တိုး ဆုံးဖြတ်ချက်မှန်သွားသည်။

ကြွက်တိုး နောက်တစ်ကြိမ် စဉ်းစားရပြန်သည်။ သီတင်းကျွတ် လပြည့်နေ့ကို သတိရသည်။

သီတင်းကျွတ်လပြည့်နေ့က ခွေးနီနှင့်အတူ အိမ်ခြံဝင်းထိပ်တိုင်း များပေးတွင် ထွန်းညှိထားသည့် ဖယောင်းတိုင်များကို ဖယောင်းတိုင် မလဲအောင် လေးခွနှင့်ပစ်၍ မီးငြိမ်းအောင် ပစ်နိုင်ခဲ့သည်ကို အမှတ်ရ လိုက်သည်။

မီးရောင်ရှိနေလျှင် ခဲပြများ လက်နက်ပြန်ကောက်နိုင်မည်။ မီးရောင်မရှိလျှင် လက်နက်များအလွယ်တကူကောက်၍ မရနိုင်။ ကြွက် တိုးသေသေချာချာ စဉ်းစားသည်။ လက်နက်မရှိသည့် ခဲပြများကို အလွယ်တကူ ဖမ်းနိုင်သည်။ မီးခွက်ကို ထိလျှင် အိမ်ပါမီးလောင်နိုင် သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြွက်တိုးစိတ်ကိုတင်းလိုက်သည်။ သူ့လက်ကိုယုံကြည်သည်။ စိတ်ချသည်။

ချက်ချင်းမီးခွက်ကို လေးခွဖြင့်ပစ်၍ ငြိမ်းလိုက်သည်။

မီးငြိမ်းသွားသည်။

ဓားပြနှစ်ယောက် အိမ်အောက်သို့ ဆင်းပြေးကြသည်။ ကျန်တစ်ယောက်က သတိမေ့လဲနေသည်။

သရက်ပင်ပေါ်မှ ကြွက်တိုးအမြန်ဆင်းလိုက်သည်။

ဘကြီးမောင်နှင့် ဓားပြတစ်ယောက် အပြန်အလှန်တိုက်ခိုက်နေသည်။

ဘကြီးမောင်က ချိုင်းတောက်နှင့် ဓားပြက ဓားရှည်နှင့် အလွန်ကြည့်၍ကောင်းသည်။ ကြွက်တိုးကပစ်မှတ်ကိုရှာသည်။ဓားပြမှာ ကြွက်တိုးဘက်သို့ နောက်ကျောပေးရောက်ရှိနေချိန် နောက်စိတည့်တည့်ကို ပစ်လိုက်သည်။ ဓားပြလဲကျသွားသည်။

"ဟော့ . . . တစ်ယောက်မှ မလွတ်နဲ့ . ."

ပြည်သူ့ရဲတပ်ဖွဲ့ဝင်များလည်း အချိန်မီရောက်လာသည်။

ဓားပြငါးဦးစလုံးကို အရှင်မိလိုက်သည်။ အိမ်ရှင်ဦးသာမောင်ကလည်း ဦးဘမောင်၊ ကြွက်တိုးနှင့် ခွေးနီတို့ကို ကျေးဇူးတင်ကြောင်းတဖွဖွ ပြောနေသည်။

စခန်းမှူးဦးဆန်းထွန်းကလည်း လူငယ်နှစ်ယောက်၏သတ္တိကို ချီးမွမ်းကာ ဓားပြများကို ဖမ်းဆီးခေါ်ဆောင်သွားတော့သည်။

* * * * *

ဆွမ်းခံချိန်ရောက်ပြီ . . .။

နေမင်း၏အပူရှိန်သည် ပူပြင်းသည်မဟုတ်သော်လည်း ဆူရိုး

www.burmeseclassic.com

www.burmeseclassic.com


သွားများအဖို့ အနည်းငယ်ချွေးစို့စေသည်။မြကုန်းရွာကလေးထဲသို့ ဝင်လိုက်လျှင် ဆီးပင်ရိပ်မှာ ချွေးတိတ်စေသည်။

ရင်ကိုအေးမြသွားစေသည်။

ရွာထိပ်က အိုးစည်ဗုံမောင်းသံများကို ကြားနေရသည်။

သည်နေ့ မြကုန်းတစ်ရွာလုံး ရွှင်လန်းတက်ကြွနေသည်။ လူငယ်ကလေးများလည်း ပျော်ရွှင်နေကြသည်။

ဓားပြများကို ဖမ်းဆီးပေးနိုင်သဖြင့် ခွေးနီနှင့်ကွက်တိုးတို့ကို မြို့နယ်က ဂုဏ်ပြုပွဲကျင်းပပေးသည့်နေ့ . . . ။

ဂုဏ်ပြုပွဲမှ ပြန်လာသည့်ကလေးနှစ်ဦးကို မျှော်နေကြသည်။

သဲချောင်းကိုဖြတ်၍ မောင်းလာသည့် လှည်းတစ်စီးကိုမြင်ရသည်။ ပြည်တောင်စုအလံကို လွှင့်ထားသဖြင့် သေချာသွားပြီ။

အိုးစည်ဗုံမောင်းသံများ ညံသွားသည်။

ရွာထိပ်သို့ရောက်သည့်အခါ လူငယ်များက ပန်းကုံးစွပ်ပေးသည်။ရွာလူကြီးများကနှုတ်ဆက်ကြသည်။ပျော်ရွှင်ကြည်နူးမဆုံးဖြစ်နေသည်။

"ငါတို့ မိသားစုအသက်ကိုရော. . . ပစ္စည်းတွေကိုရော ကာကွယ်ပေးတဲ့မင်းတို့ နှစ်ယောက်ကို ကျေးဇူးတင်ပါတယ်ကွာ။ တို့နဲ့ ဘောလုံးလာကန်ကြနော် . . . တို့တစ်တွေ အတူတူကစားကြတာပေါ့ကွာ . . နော် . . သူငယ်ချင်း . . . ငါ့အမှားကို တောင်းပန်ပါတယ် သူငယ်ချင်းတို့ရာ . . . "

တင်ဦး၏စကားကို ခွေးနီနှင့်ကွက်တိုး အပြုံးနှင့် အသိအမှတ်ပြုသည်။

ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်သည်။ တစ်ရွာလုံးကို လက်ပြနှုတ်ဆက်လိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ရှိုးသားခြင်းဂုဏ်

“သီရိဝင်းထွန်း ရှိလား”
“ရှိပါတယ်ရှင့် . . ”
“တင်မျိုးလှိုင် . . ”
“ရှိပါတယ်ရှင့် . . ”
“မဖြူဖြူ”
“ရှိပါတယ်ရှင့် . . ”
“မောင်ဟိန်းကျော် . . ”
“ရှိပါတယ် ခင်ဗျာ”
“နန္ဒာအေးကို”
“ရှိပါတယ် . . ”

အဌမတန်းကဆရာမတစ်ဦး၏ နာမည်ခေါ်သံကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းသားများ၏ နာမည်ခေါ်သံမဆုံးမီ လွယ်အိတ်ငယ်ကလေးကိုပိုက်လျက် ကျောင်းသားတစ်ဦးဝင်လာသည်။

" ဆရာမ . . . ကျွန်တော်ကို ဝင်ခွင့်ပြုပါ"

"မောင်မျိုးဝင်းကို . . . ဒီကိုလာပါဦး။ဒီနေ့ . . မင်းဘာလို့ကျောင်းနောက်ကျတာလဲ . . . ပြောပါဦး"

"ထမင်းမကျက်သေးလို့ပါ ဆရာမ"

"ဟား . . . ဟား . . . ဟား"

ကျောင်းသားကျောင်းသူများ ဝိုင်း၍ရယ်ကြသည်။ ဆရာမ အော်လိုက်မှ ကျောင်းသားများအရယ်ရပ်သွားသည်။

"မင်းအမေကို ထမင်းစောစောချက်ခိုင်းပေါ့ မောင်မျိုးဝင်းကိုရဲ့"

"အိမ်မှာဆန်မရှိလို့ သူများအိမ် သွားချေးနေလို့ပါ ဆရာမ"

"အေး . . အေး . ကဲ . . ထိုင်ထိုင်"

"အီး . . ဟီး . . ဟီး "

ဆရာမစကားမဆုံးမီ ကလေးငယ်တစ်ဦး၏ ငိုသံကိုကြားရသည်။

"သဲစုစုကြည် . . . ဘာလို့ငိုနေတာလဲ . . ပြောစမ်း"

"အီး . . . ဟီး . . ဟီး"

"ဘာလို့ ငိုတာလဲ ဆရာမကို ပြောပါဦး"

"ဖြူဖြူက ခဲတံနဲ့ထိုးလို့ပါ ဆရာမ"

သဲစုစုကြည်ကဆရာမကိုမဖြေမီဘေးမှ ကျောင်းသူတစ်ဦးက ထဖြေသည်။

"ဟုတ်လား သမီး"

"ဟုတ်ပါတယ် ဆရာမ"

ဆရာမအမေးစကားကိုသဲစုစုကြည်ငိုရင်းဖြေသည်။ဆရာမက

www.burmeseclassic.com

www.burmeseclassic.com


သဲစုစုကြည်ကို ကြည့်လိုက်သည်။ သဲစုစုကြည့်၏ လက်မောင်းတွင် အနည်းငယ်သွေးစို့နေသည့်ဒဏ်ရာကို တွေ့ရသည်။

ဆရာမဒေါသဖြစ်သွားသည်။

ဖြူဖြူက ခဲတံနဲ့ထိုးလို့၊ ပေတံစောင်းနဲ့ခုတ်လို့၊ ရိုက်လို့ ဟူသော ပြစ်ဒဏ်များကလည်း မနည်းတော့ . . .။

"ဖြူဖြူ . . . "

ဖြူဖြူကို ဆရာ မခေါ်လိုက်သည်။ ဖြူဖြူကခပ်တည်တည်။ ဆရာမခေါ်သည်ကိုမထူး။

ဆရာမနောက်တစ်ကြိမ်ခေါ်လိုက်ရာမှ ဆရာမကိုကြည့်သည်။ မှုန်တေတေ။ ပေကပ်ကပ်လုပ်နေသည်။

ဆရာမက ဖြူဖြူကို စားပွဲရှိရာသို့ခေါ်သည်။ ဖြူဖြူမလာချင်လာချင်နှင့်လာသည်။

"ကဲ . . သမီး . . သဲစုစုကြည်ကို ဘာလို့ ခဲတံနဲ့ ထိုးတာလဲ ပြောစမ်း"

"သမီးစာအုပ်ကို ယူကိုင်လို့ပါ ဆရာမ"

"စာအုပ်ယူကိုင်တာလေးနဲ့ ခဲတံနဲ့ ထိုးရသလား။ မကိုင်နဲ့လို့ ပြောပေါ့ ဖြူဖြူရဲ့ . . . မရရင် ဆရာမကိုတိုင်ပေါ့"

"သမီး ဒေါသဖြစ်လို့ ထိုးလိုက်တာပါ"

"ဒါဆို သမီးမှာအပြစ်ရှိသလား။ ဆရာမကို မတိုင်ဘဲနဲ့ ခဲတံနဲ့ ထိုးတာ သမီးမှာ အပြစ်ရှိသလား . . . ပြောစမ်း"

"ရှိ . . . ရှိပါတယ် . . . ဆရာမ"

ဖြူဖြူက မကြားတကြားဖြေသည်။

မျက်နှာငယ်ကလေးနှင့် သနားစရာ။ ဆရာမက စားပွဲပေါ်မှ ဝါးခြမ်းပြားကို ကောက်ကိုင်လိုက်သည်။ ဖြူဖြူကို နှစ်ချက်ဆင့်၍ ရိုက်

www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။နောက်တစ်ချက်ဆက်၍ ရိုက်ရန်ဟန်ပြင်နေစဉ် အမျိုးသား တစ်ဦးခေါ်သံကို ကြားရသည်။

"ဆရာမ . . . ဆရာမ . . . ကျွန်တော့်ကို ဝင်ခွင့်ပြုပါ"

"ဘာကိစ္စများ ရှိပါလို့လဲရှင်"

ဆရာမက ဖြူဖြူကိုသူ့နေရာသူ ပြန်ခိုင်းလိုက်သည်။ ဖြူဖြူက သွက်လက်စွာဖြင့် သူ့ထိုင်ခုံတွင်ပြန်ထိုင်သည်။ ဖြူဖြူက ဆရာမရိုက်သည်ကို မငို။ ဆရာမက ဖြူဖြူကို တစ်ချက်လှမ်းကြည့်ပြီး ဝါးခြမ်းကို စားပွဲပေါ်တင်လိုက်သည်။ အမျိုးသားတစ်ဦးနှင့် ကလေးငယ်တစ်ဦး ဆရာမရှေ့သို့ လျှောက်လာသည်။

"ဆရာမ . . . ကျွန်တော်သား ကျောင်းအပ်ဖို့ကိစ္စ လာစုံစမ်းတာပါ။ ကျွန်တော်က စာရေးဆရာယုဝေပါ ဆရာမ"

"ဩော် . . . ဟုတ်ကဲ့ရှင့်။ ကျောင်းအပ်ဖို့ကိစ္စတော့ ကျောင်းအုပ်ဆရာမကြီးနဲ့ ညှိပါ။ ဒါနဲ့ ကလေးက ဘယ်နှစ်တန်းလဲ၊ ဘယ်က ပြောင်းလာကြတာလဲရှင့်"

"ခြောက်တန်းပါ ဆရာမ။ သန်လျင်က ပြောင်းလာတာပါ"

"ကျောင်းအပ်ဖို့ ကိစ္စကိုတော့ ဆရာမကြီးနဲ့ညှိပါ။ ဆရာမကြီးက လက်ခံမယ်ဆိုရင် ကျွန်မအတန်းမှာပဲ နေရမှာပါ"

"ဆရာမကြီး . . "

"အပေါ်ထပ်မှာပါ"

"ဟုတ်ကဲ့ခင်ဗျာ . . . ကျွန်တော်ကို ခွင့်ပြုပါဦး"

စာရေးဆရာဦးယုဝေသည် ကျောင်းအုပ်ဆရာမကြီးထံသို့ သွားသည်။ ကျောင်းအပေါ်ထပ်တွင် ဆရာမကြီးနှင့်အသင့်တွေ့သည်။ စာရေးဆရာအပြောကောင်း၍လားမသိ၊ ကျောင်းသားသစ်ကို ဆရာမကြီးလက်ခံလိုက်သည်။နောက်နေ့ကစ၍ ကျောင်းတက်ခွင့်ရသည်။ ဦး

www.burmeseclassic.com

www.burmeseclassic.com


ယုဝေသည် သူ၏သားနှင့်အတူ ဆရာမကို နှုတ်ဆက်၍ ပြန်သွားသည်။

အဌမတန်းမှ ကျောင်းသားကလေးများ၏ စာသင်သံကို အဆက်မပြတ်ကြားနေရပေသည်။

* * * * *

"ဂလင် . . . ဂလင် . . . ဂလင် . . . "

ကျောင်းတက်ခေါင်းလောင်းသံဖြစ်သည်။

အဌမတန်းမှ ကျောင်းသားများ ဆရာမအတန်းထဲသို့ ရောက်မလာမီ စကားပြောနေကြသည်။ အချို့ကဆော့နေသည်။ ဆရာမနှင့်အတူ ကျောင်းသားတစ်ဦးပါလာသည်။ ကျောင်းသားသစ်ကို ဆရာမက သူ့အတန်းမှ ကျောင်းသားများနှင့် မိတ်ဆက်ပေးသည်။

"ကဲ. . . တပည့်တို့ . . . ဟောဒါက တို့ အတန်းရောက်လာတဲ့ ကျောင်းသားသစ်ဖြစ်တယ်။နာမည်ကမောင်ကျော်ယုဝေလို့ ခေါ်တယ်။ မင်းတို့ရဲ့ သူငယ်ချင်းကို အစစအရာရာကူညီပါ . . . အားလုံးကြားရဲ့လား . . . "

"ကြားပါတယ် ဆရာမ"

"ကဲ. . . မောင်ကျော်ယုဝေ . . . ဟိုနောက်ခုံကမောင်မျိုးဝင်းကိုရဲ့အနားမှာသွားထိုင် . . . ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ"

ကျော်ယုဝေက ဆရာမပြောကြားသည့်နေရာသို့ သွားထိုင်သည်။ကျောင်းသားများအားလုံး ကျော်ယုဝေထံ မျက်လုံးများရောက်နေသည်။ ဆရာမက အင်္ဂလိပ်စာသင်သည်။

ဆရာမက ကျော်ယုဝေကို တစ်ချက်ကြည့်သည်။ ထို့နောက် ကျော်ယုဝေကို ခေါ်လိုက်သည်။ ကျော်ယုဝေ မတ်တပ်ရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ကဲ. . မောင်ကျော်ယုဝေ . . ဒီသင်ခန်းစာ. . ဟိုကျောင်းမှာ သင်ခဲ့ရပြီးလား . . "

"သင်ပြီးပါပြီ ဆရာမ"

"ဒါဆိုရင် ဆရာမမင်းကို စာမေးမယ် . . ရမလား"

ကျောင်းသားအားလုံး ကျော်ယုဝေကို ကြည့်နေကြသည်။

ကျော်ယုဝေ စာတော်၊မတော်ကို အကဲခတ်နေကြသည်။

ကျော်ယုဝေ ဖြေနိုင်။ မဖြေနိုင် အာရုံစူးစိုက်နေကြသည်။

ကျော်ယုဝေ၏ စကားသံကို နားစွင့်နေကြသည်။

"မောင်ကျော်ယုဝေ ထိုင်နိုင်ပါပြီ"

ဆရာမဒေါ်ထားနွယ်သည် ကျော်ယုဝေ၏အဖြေကို ကျေနပ်အားရသည်။ ကျော်ယုဝေအတွက် သင်ခန်းစာများ ပြန်သင်ရန်မလိုသည့်အတွက် သင်ခန်းစာသစ်များကို ဆက်၍သင်သည်။

နေ့လယ်ကျောင်းဆင်းချိန်တွင် ကျော်ယုဝေကိုခေါ်၍မြန်မာစာ၊ သင်္ချာဘာသာရပ်များအတွက်သင်ပြီးသည့်သင်ခန်းစာများကိုဒေါ်ထားနွယ်မေးကြည့်သည်။သင်ပြီးသည့် သင်ခန်းစာများနှင့်တူညီနေသဖြင့် ကျော်ယုဝေကို အချိန်ပိုခေါ်၍ သင်ရန်မလိုတော့ပေ။

ကျော်ယုဝေမှာ မျိုးဝင်းကိုနှင့်အတွဲဖြစ်နေသည်။မျိုးဝင်းကိုနှင့် အတူကစားသည်။ ဆော့သည်။ကျော်ယုဝေသည် ကျောင်းပြန်တက်ချိန်တွင် အတန်းသားအားလုံးနှင့် ခင်မင်သွားသည်။ သူငယ်ချင်းများဖြစ်သွားသည်။

လူငယ်တို့ ခင်မင်ရင်းနှီးမှုကား မြန်ဆန်လှပေသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com


မိုးတဖြောက်ဖြောက်ကျနေသည်။

ထိုအချိန်တွင် စာရေးဆရာဦးယုဝေကစာမူများကိုပြန်ဖတ်နေသည်။ မိခင်ဖြစ်သူ ဒေါ်ခင်လေးက ထမင်းဟင်းများ ချက်နေသည်။

စနေနေ့ဖြစ်၍ ကျော်ယုဝေကျောင်းပိတ်သည်။

ကျော်ယုဝေ စာဖတ်နေသည်။ သားမိသားဖသုံးယောက် ကိုယ့်အလုပ်နှင့်ကိုယ်ရှုတ်နေကြသည်။ ဦးယုဝေက မဂ္ဂဇင်းတိုက်သို့ပို့ရန်စာမူများကို တစ်ပုဒ်ပြီးတစ်ပုဒ်ပြန်ဖတ်နေသည်။သတ်ပုံမှားများပြန်စစ်နေသည်။ စာလုံးကျသည့်နေရာများတွင် တည့်သည်။ ဒေါ်ခင်လေးကလည်း ထမင်းအိုးတည်သည်။ ထမင်းချက်ထားစဉ် ဟင်းအိုးများကို အရန်သင့်ပြင်ဖြစ်အောင် ပြင်ထား၏။

သားဖြစ်သူကျော်ယုဝေခမျာ အင်္ဂလိပ်စာဖတ်လိုက်၊ မြန်မာစာဖတ်လိုက်နှင့် . . .။ ခဏကြာတော့ စာဖတ်သံတိတ်သွားသည်။

"သား . . . ဘာလုပ်နေတာလဲ. . . စာဖတ်လေ"

ကျော်ယုဝေအသံ တိတ်သွားသဖြင့် ဦးယုဝေ လှမ်းပြောသည်။

"သင်္ချာတွက်နေတာပါ ဖေဖေ"

"နားမလည်တာရှိရင် ဖေဖေ့ကို မေးနော်"

"သင်္ချာတော့ မရှိဘူးဖေဖေ. . မြန်မာစာမှာတော့ နားမလည်ထာ ရှိတယ်"

" အင်္ဂလိပ်စာရော နားလည်ရဲ့လား"

"နားလည်ပါတယ် ဖေဖေ"

ဦးယုဝေက သားကျော်ယုဝေ၏စကားကို စိတ်ဝင်စားသွားသည်။မခင်သဖွယ်အရင်းနှီးဆုံး မြန်မာဘာသာကို နားမလည်။အင်္ဂလိပ်စာကို နားလည်သည့်အတွက် ဦးယုဝေသည်သားကို ခေါ်လိုက်သည်။

"သား . . နားမလည်တာဖေဖေရှင်းပြမယ် . . ဒီကိုလာခဲ့"

www.burmeseclassic.com

www.burmeseclassic.com


"ခဏလေးဖေဖေ . . သင်္ချာတစ်ပုဒ်ကျန်နေလို့ ပြီးရင်လာခဲ့မယ် ဖေဖေ "

မကြာမီမောင်ယုဝေမြန်မာစာအုပ်ကိုကိုင်လျှက် ရောက်လာသည်။

ထို့နောက်သူသိလိုသည့် သတ်ပုံများကို မေးသည်။

ဦးယုဝေ စားပွဲပေါ်မှ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကိုရှာသည်။ စာအုပ်များအကြားမှ စာအုပ်အစိမ်းကလေးကို ဆွဲထုတ်လိုက်သည်။

"ဟောဒါ့ . မြန်မာစာအဖွဲ့ ထုတ်ထားတဲ့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပဲသား . . ဒီစာအုပ်ထဲက အမှန်ပဲ . .။ သား . . ဒီမှာကြည့် . . "

ကျော်ယုဝေ စိတ်ဝင်စားစွာဖြင့် ကြည့်နေသည်။ ဦးယုဝေက ကာရန်မာတိကာကို လှန်သည်။ စာမျက်နှာနံပါတ်ကို မှတ်သည်။ ထို့နောက် ကျော်ယုဝေအား သေချာရှင်းပြသည်။

"နားလည်ပါပြီဖေဖေ"

"ကဲ့ . သားစာသွားဖတ်တော့"

ကျော်ယုဝေ သူ့အဖေအနီးမှာ ထိုင်မြဲထိုင်လျှက်ရှိသည်။ ဦးယုဝေကစာအုပ်များကို ပြန်စီနေသည်။စာမူများကိုပြင်ဆင်နေသည်။ ကျော်ယုဝေက သူ့အဖေကိုကြည့်လိုက်သည်။

"ဖေဖေ . . ဖေဖေ"

"ပြော . . သား၊ ဘာပြောစရာရှိလဲ"

"ကျောင်းမှာလေ . . ဟိန်းကျော်တို့၊ ဖြူဖြူတို့၊ နန္ဒာအေးတို့က ကျောပိုးအိတ်ကလေးတွေနဲ့ ကျောင်းတက်ကြတယ် ဖေဖေ။ နောက်ပြီး ကျတော့ သူတို့ပေတံကလေးတွေက သိပ်လှတာပဲ ဖေဖေရယ်"

www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ ဘာဖြစ်လဲသားရဲ့"

"သားလဲ. . သူတို့လို ကျောပိုးအိတ် လှလှလေးတွေ၊ ပေတံ လှလှလေးတွေ လိုချင်လိုက်တာ ဖေဖေရယ် . . . ဝယ်ပေးပါလား"

ဦးယုဝေတစ်ယောက် သားဖြစ်သူ ကျော်ယုဝေ၏ အဆက်မပြတ်ပြောလိုက်သည့်စကားများကို နားထောင်နေသည်။

ကျော်ယုဝေခမျာ လူငယ်ပီပီ အလှအပကိုမက်မောသည်။ တောင့်တသည်။ လိုချင်သည်။ သူ့စိတ်ထဲရှိသော လိုချင်တောင့်တမှုကို ဖခင်အား ပြောပြသည်။ ဦးယုဝေ တစ်ချက်စဉ်းစားလိုက်သည်။

"သားက လိုချင်လို့လား . ."

"ဟုတ်တယ် ဖေဖေ"

"သားသူငယ်ချင်းတွေအားလုံး ကိုင်ကြသလား"

"မကိုင်ကြပါဘူး"

"ဘာပြုလို့မကိုင်ကြတာလဲ. . သား"

"ဈေးကြီးလို့ မဝယ်နိုင်ကြလို့ပါ ဖေဖေ"

ဦးယုဝေ၏စကားကို ကျော်ယုဝေမဖြေနိုင်။ ဖခင်ကို စူးစိုက်၍ကြည့်နေသည်။

"သား . . ဖေဖေပြောတာကို သေချာနားထောင်။ ဖေဖေအခုလို စာရေးလို့ရတဲ့ ပိုက်ဆံက ဖေဖေတို့မိသားစု ထမင်းစားဖို့တောင် အနိုင်နိုင်ရတာသား. . တစ်ပုဒ်ရေးမှ လေးငါးရာရတာ။သားကိုဖေဖေဝယ်ပေးချင်တာပေါ့ သားရယ် . ."

"ဒါဆို ဖေဖေစာများများရေးပေါ့ ဖေဖေရဲ့ . ."

"စာဆိုတာ ရေးချင်တိုင်းရေးလို့ရတာ မဟုတ်ဘူးသားရဲ့။ရင်ထဲက ဦးနှောက်ထဲက ခံစားလို့ရမှ ရေးလို့ရတာ။ ကဲ. . ကဲ. . သားကို နောက်ကျ ဖေဖေဝယ်ပေးမယ်နော်. . သား စာကြိုးစား ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com


ကျော်ယုဝေ ခေါင်းညိတ်ပြသည်။ မျက်နှာရွှင်လန်းသွားသည်။ စကားဆက်ပြောသည်။

"ဟိန်းကျော်တို့၊ ခင်မူယာတို့၊ ပွင့်ဦးတို့ ကျူရှင်တက်ကြတယ် ဖေဖေ။ ဟိန်းကျော်ဆိုရင်ဆရာမတွေကို သူ့အမေက အင်္ကျီစတွေ ကန်တော့တယ်။ သားလဲသူတို့လို ကျူရှင်တက်ချင်လိုက်တာ. . . ကန်တော့ချင်လိုက်တာ ဖေဖေရယ် . . . "

"သား . . စာမလိုက်နိုင်လို့လား"

"လိုက်နိုင်ပါတယ် ဖေဖေ"

"ဒါဖြင့် ဘာလို့ကျူရှင်တက်ချင်တာလဲ သားရဲ့. . . ကျူရှင်တက်တယ်ဆိုတာ စာမလိုက်နိုင်သူတွေ၊ စာညံ့တဲ့သူတွေတက်တာ သားရဲ့. . . ငါ့သားက စာတော်ပြီးသား။ စာနားမလည်တာရှိရင် ဖေဖေ့ကို မေး။ ဆရာမတွေကို မေးရင်ငါ့သား ဘာကျူရှင်တက်စရာလိုသေးလဲ။ ကျူရှင်တက်ချင်သေးလား သား"

"မတက်ချင်တော့ပါဘူး"

ဦးယုဝေက သားဖြစ်သူ၏အမေးစကားများကို စဉ်းစားဖြေရသည်။ သား စိတ်မကောင်းဖြစ်သွားမှာစိုးသည်။ ကျော်ယုဝေကျေနပ်အောင် ဖခင်ကဖြေသည်။ ဖခင်၏အဖြေများကို ကျော်ယုဝေ ကျေနပ်သည်။

မိဘများ၏ စကားကို အမြဲနားထောင်သည်။ နားပူနားဆာ မလုပ်တတ်။ ကျောင်းသားအချင်းချင်းအပြိုင်စိတ်ရှိသဖြင့်ကောင်းသော ယှဉ်ပြိုင်ခြင်းမျိုးသာ ဖြစ်စေလိုသည်။ သားဖြစ်သူကို ပညာပေးရန် ဦးယုဝေ စဉ်းစားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


ညနေ သုံးနာရီထိုးပြီ. . .။

ဦးယုဝေတစ်ယောက်မဂ္ဂဇင်းတိုက်များမှ စာမူအရေးကြီး၍နေ့ရောညပါ စာရေးနေသည်။ ဦးယုဝေ၏ဇနီး ဒေါ်ခင်လေးက ညနေစာအတွက် ထမင်းချက်ရန် ဆန်ဆေးနေသည်။ ကျော်ယုဝေတစ်ယောက် အိမ်ပေါ်သို့ အမောတကောဖြင့် ပြေးတက်လာသည်။

"ဖေဖေ. . . ဖေဖေ"

"ဟဲ့သား. . . ဘာဖြစ်လာတာလဲ"

"ဖေဖေ. . . မေမေရောဟင်"

"သားဘာဖြစ်လာတာလဲ"

ကျော်ယုဝေ မောနေသည်။ ဦးယုဝေ သားအတွက် စိတ်ပူသွားသည်။ ဒေါ်ခင်လေးကလည်း အလန့်တကြားဖြင့် သားဖြစ်သူဆီသို့ပြေးလာသည်။ ကျော်ယုဝေ ခေတ္တနားသည်။ လွယ်အိတ်ထဲသို့ လက်နှိုက်လိုက်သည်။

"ဒီမှာ ဖေဖေ. . . လမ်းကကောက်ရလာတာ"

"ဟာ. . . ဆွဲကြိုးကြီးပါလား"

ဦးယုဝေနှင့် ဒေါ်ခင်လေးမှာ ရုတ်တရက်မို့ မှင်သက်မိသွားသည်။ ဒေါ်ခင်လေး ဝမ်းသာအားရ ပြုံးမိသည်။ ဦးယုဝေလည်း သားအတွက်ပြုံးမိသည်။ ဦးယုဝေနှင့် ဒေါ်ခင်လေးတို့၏ အပြုံးချင်းတူညီမှုမရှိကြပေ။ ဒေါ်ခင်လေးက ပိုင်ဆိုင်လိုမှုအတွက် ပြုံးသည်။ ဦးယုဝေက သားကို ပညာပေးရန် အခြေအနေပေးပြီဟု ပြုံးခြင်းဖြစ်သည်။

သို့သော် ဒေါ်ခင်လေးခမျာ ဦးယုဝေ၏စကားကို မလွန်ဆန်ရဲသဖြင့် ငြိမ်နေသည်။ သားမိသားအဖသုံးယောက် တစ်ကျပ်သားခန့်ရှိသည့် ဆွဲကြိုးကိုတစ်ယောက်တစ်လှည့်စီကိုင်၍ ကြည့်ကြသည်။

"သား. . . ဆွဲကြိုးကို ဘယ်လိုလုပ်ချင်လဲသား"

www.burmeseclassic.com

www.burmeseclassic.com


"သားကတော့ ဒီဆွဲကြိုးကိုရောင်းပြီး ကျောပိုးအိတ်လှလှလေး ဝယ်ချင်တယ် ဖေဖေ။ နောက်ပြီးကျတော့ ဆရာမတွေကို အကျီစတွေနဲ့ ကန်တော့ချင်တယ်"

ကျော်ယုဝေက သူဖြစ်ချင်သည့်ဆန္ဒကိုပြောသည်။ ဦးယုဝေကို ကြည့်လိုက်၊ မိခင်ဒေါ်ခင်လေးကို ကြည့်လိုက်နှင့်. . .

"ပိုတဲ့ပိုက်ဆံကို ဖေဖေတို့ မေမေတို့ ယူပေါ့"

"တော်လိုက်တဲ့ သားရယ်. . ."

မိခင်ဖြစ်သူက သားကိုချီးမွမ်းသည်။

ဖခင်ဖြစ်သူက ဇနီးနှင့်သားကို မှုန်တေတေနှင့်မျက်မှောင်ကုတ်၍ကြည့်သည်။ ကျော်ယုဝေနှင့် ဒေါ်ခင်လေးတို့ စကားဆက်မပြောရဲတော့။ သည်တော့မှ ဦးယုဝေက စကားဆက်ပြောသည်။

"သား. . ."

"ဗျာ. . . ဖေဖေ"

"သား. . . ဖေဖေသင်ထားတဲ့ ငါးပါးသီလရလား"

"ရပါတယ် ဖေဖေ. . ."

"အဒိန္နာဒါနဆိုတာ သိလား. . . သား"

"သိပါတယ် ဖေဖေ. . . သူများ ဥစ္စာခိုးယူခြင်းပါဖေဖေ"

"ဒါဆိုသား အဒိန္နာဒါနကျူးလွန်ခြင်းအပြစ်နဲ့ ရှောင်ကြဉ်ခြင်းအကျိုးကို ဆိုပြစမ်း"

"ဥစ္စာလည်းမွဲ. . . ဆင်းရဲငတ်ပြန်
မွေခံဆိုးနှင့်. . . ရန်မျိုးငါးမှန်
လူများမုန်းလို့. . . ထောင်ရုံးဇေကန်
ချစ်သူကွဲ. . . ငရဲရောက်ပြန်. . ."

"ရှောင်ကြဉ်ခြင်းကို ဆက်ဆိုဦးသား"

www.burmeseclassic.com

www.burmeseclassic.com


"ဥစ္စာစပါး. . . ပေါများပြည့်လို့
ခြွေရံသင်းပင်း. . . များခြင်းထိုထို
မီးရေမင်းမိုး. . . သူခိုးရန်ကို
နိုင်လိုက ရှောင်ကြဉ်ခိုးမှုကို. . ."

"ကဲ. . . သား. . . အဲဒီနှစ်ခုထဲကအကျိုးနဲ့အပြစ်ကိုဘယ်ဟာ ရွေးမလဲ"

ဦးယုဝေက သားကို မေးခွန်းတစ်ခုမေးလိုက်သည်။

မိခင်ဖြစ်သူက ဦးယုဝေ၏စကားကို မကြိုက်သဖြင့် အနားမှ ထသွားသည်။ ကျော်ယုဝေ အဖြေရခက်နေသည်။

"သားက. . . ခိုးယူလာတာမှ မဟုတ်ဘဲ ဖေဖေ"

"သား ခိုးလာတာ မဟုတ်ဘူးဆိုတာ ဖေဖေယုံကြည်ပါတယ် သားရယ်. . . ပိုင်ရှင်မသိဘဲ ယူလာတဲ့ပစ္စည်း၊ ကောက်ရတဲ့ပစ္စည်းဟာ ပိုင်ရှင်ရှိရက်နဲ့ လွှဲပြောင်းရောင်းချရင် ခိုးတာပဲသားရဲ့. . ."

ကျော်ယုဝေတစ်ယောက် ဖခင်၏စကားကြောင့် တွေဝေသွားသည်။ ဦးယုဝေထိုင်ရာမှ ထသည်။ ကျော်ယုဝေက ပိုင်ရှင်ရှိတဲ့၊ကောက်ရတဲ့ပစ္စည်းကိုရောင်းရင် ခိုးမှုဖြစ်တတ်သည်ဆိုသည့်စကားကို စဉ်းစားသည်။

"ကဲ. . . သား သိပ်စဉ်းစားမနေနဲ့။ သားရဲ့ဆန္ဒအတိုင်းသာ ရွေး။ ဖေဖေ့ဆန္ဒကတော့ ဒီပစ္စည်းကို ကျောင်းအုပ်ဆရာမကြီးကို အပ်ချင်တယ်။ ဖေဖေလိုချင်တဲ့ဂုဏ်က ရိုးသားခြင်းဂုဏ်ကိုပဲသား။ ပညာ အရည်အချင်းတူရင် ရိုးသားခြင်းဂုဏ်က တစ်ပန်းသာတယ် သား . . . သားကြိုက်တဲ့လမ်းကိုရွေး။ ဒီနေ့ည သားစဉ်းစား . . သားဆန္ဒအတိုင်း ဖြစ်အောင် ဖေဖေလုပ်ပေးမယ် ဟုတ်လား"

ကျော်ယုဝေ ငိုင်သွားသည်။ ဖခင်က ဆွဲကြိုးကို ဗီရိုအတွင်း

www.burmeseclassic.com

www.burmeseclassic.com


ထည့်၍ သော့ခတ်လိုက်သည်။ ကျော်ယုဝေ ကျောင်းလွယ်အိတ်ကို တိုင်မှာချိတ်သည်။

ဖခင်နှင့်အတူ ရေချိုးသည်။ ထမင်းစားသည်။ စာဖတ်သည်။ တစ်နေ့တာလုပ်ငန်းများကို ဇယ်ဆက်သလို ကျော်ယုဝေလုပ်သည်။

အိပ်ရာဝင်ခါနီးတွင် မိခင်နှင့်ဖခင်ကို ကန်တော့သည်။

ကျော်ယုဝေတစ်ယောက် ဆွဲကြိုးကိစ္စအတွက် စဉ်းစားရင်း အိပ်မပျော်။ဟိုဘက်လိမ့်သည်ဘက်လိမ့်နှင့်ဖြစ်နေသည်။ပက်လက်လန်၍ နဖူးပေါ်လက်တင်ကာ စဉ်းစားသည်။

ကျော်ယုဝေ အကြံတစ်ခုရသွားသည်။ အဖြေလည်း ထွက်သွားသည်။ သူ့အဖေကိုနှိုးသည်။ ဦးယုဝေ အိပ်နေရာမှ ချက်ချင်းထထိုင်သည်။

"သား . . . သား . . . ဘာဖြစ်လဲ . . . ဟင်"

"ဘာမှမဖြစ်ပါဘူး ဖေဖေ. . ညနေက ကောက်ရတဲ့ဆွဲကြိုးကို ဆရာမကြီးကို ဖေဖေ လိုက်အပ်ပေးပါနော်"

"ဘာဖြစ်လို့လဲသားရဲ့။ မနက်ဖြန်ကြမှ ဖေဖေလိုက်အပ်ပေးမှာပေ့ါ။ ငါ့သားက လူတော်ကွ. . ဒါမှ ဖေဖေ့သားကွ"

ဦးယုဝေက သားကိုနမ်းသည်။ ဦးယုဝေတစ်ယောက် သား၏ဆုံးဖြတ်ချက်ကို သဘောကျသွားသည်။ ဝမ်းသာသွားသည်။

"သားက ဒီဆွဲကြိုးကို ဘာလို့ပြန်အပ်ချင်တာလဲ သားရဲ့"

"သား . . . ငယ်ငယ်က သင်ရတဲ့စာကို သားသတိရလို့ပါ ဖေဖေရဲ့"

"ဘာစာလဲသား"

"ရိုးသား၍ ပညာထူးချွန်သူ"

"အကျင့်ကောင်းမွန်သူ"

www.burmeseclassic.com

www.burmeseclassic.com


"အများအကျိုးငှာ ကိုယ်ကျိုးစွန့်သူ"

"တာဝန်ကျေပွန်သူ"

"ထိုသူတို့ကို ချီးမွမ်းရမည် ဆိုတဲ့စာကို သတိရလို့ပါ ဖေဖေ"

"အေး . . . ဒါမှငါ့သားကွ။ အဲလို အတွေးအခေါ်ရှိရတယ်။ ငါ့သားတို့သင်ရတဲ့စာတွေဟာ အလကားမဟုတ်ဘူးသား။ သင်ရတဲ့ သင်ခန်းစာတိုင်းဟာ သားတို့အတွက် တစ်နေရာမှာ အသုံးဝင်တယ်။ အကျိုးရှိတယ်သားရဲ့။ ငါ့သားကို ဖေဖေက ကျောပိုးအိတ်လှလှလေး ဝယ်ပေးမယ် . . . ဆုချမယ်. . . ဟုတ်လား။ ကဲ . . . ညဥ့်နက်ပြီ သား လေးအိပ်တော့"

ကျော်ယုဝေ ဆွဲကြိုးအကြောင်းကို မစဉ်းစားတော့။ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ ဖခင် ဦးယုဝေလည်း သားအတွက် ဂုဏ်ယူမိသည်။ မျက်စိကိုစုံမှိတ်ရင်း ပြုံးမိသည်။ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အိပ်ပျော်သွားလေသည်။

* * * * *

ကျော်ယုဝေတို့ကျောင်းတွင် လူများစည်ကားနေသည်။

ပညာရည်ချွန်ဆုပေးပွဲနေ့ဖြစ်၍ ကျောင်းသူကျောင်းသားများ နှင့်မိဘများလည်း လာကြသည်။

ဆဋ္ဌမတန်းအတန်းတင်စာမေးပွဲတွင် ဟိန်းကျော် ပထမဆုရသည်။ ကျော်ယုဝေလည်း ပထမဆုရသည်။ ကျောင်းသားနှစ်ဦးစလုံး ရမှတ်ချင်းတူနေသည်။ တစ်ယောက်ယောက်ကို ဒုတိယပေး၍မဖြစ်။ နှစ်ဦးစလုံး လက်ရေးလှသည်။ သပ်ရပ်သည်။ စာများအားလုံး မှန်နေသဖြင့် အမှတ်လျှော့၍မရ။ နှစ်ယောက်စလုံးကို ပထမဆုပေးရသည်။

ဟိန်းကျော်၏မိဘများနှင့် ကျော်ယုဝေ၏ မိဘများအားလုံး

www.burmeseclassic.com

www.burmeseclassic.com


လာရောက်ကြသည်။မိသားစုအားလုံး၏မျက်နှာများသည် ကြည်လင်နေသည်။ ရွှင်ပြုံးနေကြသည်။ ဟိန်းကျော်နှင့် ကျော်ယုဝေတို့လည်း အဝတ်အစားအသစ်များနှင့် ပျော်နေကြသည်။

ဆုပေးပွဲစတင်ချိန်နီးနေပြီဖြစ်သဖြင့် ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများ နေရာယူကြသည်။

အခမ်းအနားအစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီးကအမှာစကားပြောကြားသည်။ ဆရာမကြီး အမှာစကားတွင် ကျော်ယုဝေကို စာရိတ္တမောင်နှင့် ဘက်စုံထူးချွန်ဆုကို ပေးအပ်ကြောင်း ကြေညာသွားသည်။

လက်ခုပ်သံများသည် ဆူညံသွားသည်။

ဆရာမကြီးက ထူးချွန်ဆုပေးရခြင်းအကြောင်းကိုရှင်းပြသည်။

ကျော်ယုဝေတို့ မိသားစုအားလုံး ပြုံးနေကြသည်။ ဦးယုဝေသားအတွက် ဂုဏ်ယူမဆုံးဖြစ်နေသည်။ ဆုပေးပွဲအခမ်းအနားစတင်သည့်အခါ ပညာထူးချွန်ဆုကို ယူသည်။ ထို့နောက် စာရိတ္တမောင်နှင့် ဘက်စုံထူးချွန်ဆုယူရန် ဒူးတစ်ဖက် လက်တစ်ဖက်မြှောက်ကာ စာရိတ္တမောင်လွယ်ကို လက်ခံလိုက်သည်။

ထို့နောက် ဆွဲကြိုးပိုင်ရှင်ဖြစ်သူဒသမတန်းကဆရာမဒေါ်တင့်တင့်ဝေက ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ ပရိသတ်များ အားလုံးဝမ်းသာကြည်နူးမဆုံး ဖြစ်ကြသည်။ ကျော်ယုဝေကို ဝိုင်းဝန်းချီးကျူးကြသည်။

ကျော်ယုဝေ ရိုးသားခြင်း၏ဂုဏ်ကို ကောင်းစွာနားလည်ခံစားတတ်သွားသည်။ ကျော်ယုဝေကဲ့သို့ ရိုးသားခြင်းဖြင့် ဂုဏ်ယူနိုင်ရန် ကျောင်းသား၊ ကျောင်းသူများအတွက် စံနမူနာဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဝါသနာအရင်းခံ

"တီပေါ် . . . တီ . . ပေါ် . . . တီပေါ်"

"မီးသတ်ကား လာပြီဟေ့ . . . မီးသတ်ကားလာပြီ"

"ဟေ့ကောင်. . ရွှေလှ. . မင်း မီးသတ်ကားသံကြီးက ဘယ်လို ကြီးလဲကွ"

"ဒါ . . မြို့က မီးသတ်ကားတွေ လာရင် ကြားရတဲ့အသံကွ"

"မြို့က မီးသတ်ကားတွေ ဘာတွေ လုပ်မနေနဲ့ကွာ။ တို့ရွာကို လာတဲ့ မီးသတ်ကားသံအတိုင်း လုပ်ကွာ"

"ဘယ်လိုလုပ်ရမှာလဲ"

"ကလင်. . . ဂလောင်. . . ကလင်. . ဂလောင်လို့ အော်ပေါ့ကွ"

"အေး ဟုတ်တယ်။ မြဦးပြောသလို ခေါင်းလောင်းကြီးတီးပြီး ကလင် . . . ဂလောင်လို့ပဲ အော်ကွာ။ ဒါမှ သဘာဝကျမှာ"

www.burmeseclassic.com

www.burmeseclassic.com


"ကဲ. . ဒါဖြင့် စမယ် . . . "

"တင်ဝ. . မင်းကမီးသတ်ဗိုလ်နော်. . အမိန့်ပေးရမှာ. . . စမယ်"

"ကလင် . . ဂလောင်. . . ကလင်. . . ဂလောင်"

"မီးသတ်ကားလာပြီဟေ့ . . . မီးသတ်ကားလာပြီ လမ်းဖယ်ကြ . . . "

"မီးဗျို့ . . . မီး . . မီး . . . မီး"

"ရွှေလှနဲ့မြဦး ကားပေါ်က ရေပိုက်တွေဆွဲချ . . . အမြန်ပက်။ လေတင်ကပက် . . . လေတင်ကပက်"

တင်ဝ၊ ရွှေလှနှင့်မြဦးတို့သုံးဦး မီးသတ်သမားလုပ်တမ်းကစားနေကြသည်။တင်ဝက မီးသတ်ဗိုလ်လုပ်သည်။ ရွှေလှနှင့်မြဦးက မီးသတ်သမားလုပ်ကြသည်။ တင်ဝပြောသည့်အတိုင်း ရွှေလှနှင့်မြဦးတို့နှစ်ဦးလိုက်လုပ်ကြသည်။

မီးသတ်ပိုက်အဖြစ် သင်္ကြန်ရေပိုက်များနှင့်ပက်ကြသည်။

ဦးဘိုကေတို့ အိမ်ရှေ့ကွက်လပ်တစ်ခုလုံး ရေများနှင့်စိုရွှဲနေသည်။ ရာဝင်အိုးအတွင်းမှ ရေများလည်း ကုန်သလောက်နီးပါးမျှရှိပြီဖြစ်သည်။ သံပုံးနှင့်ခပ်လိုက်၊ သင်္ကြန်ပိုက်များနှင့်ပက်လိုက်၊ သုံးဦးသားအလုပ်ရှုပ်နေကြသည်။

"မီးဟေ့ . . . မီး . . . မီး . . . "

ပါးစပ်ကလည်း တမီးမီးနှင့် အဆက်မပြတ်အော်နေကြသည်။

ထိုစဉ် ဦးဘိုကေ၏ဇနီး မခင်ရီ ဈေးမှပြန်လာသည်။ ကလေးငယ်သုံးဦးက ဆော့မြဲဆော့လျက်၊ ပက်မြဲပက်လျက်ပင် . . .။

"ဟဲ့ ရွှေလှ . . တစ်မနက်လုံး ငါခေါင်းကြိမ်းအောင် ခပ်ထားတဲ့ရေတွေ ကုန်ပါပြီ။ အဲဒါ ဘာလုပ်ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com


“မီးလောင်တမ်း ကစားနေတာ အမေရဲ့”

“တယ် . . . ငါလုပ်လိုက်ရ။ နိမိတ်မရှိ နမာမရှိ ဆော့စရာရှားလို့ မီးလောင်တမ်းကစားရတယ်လို့ လာစမ်း . . ”

“ကဲဟယ် . . . ကဲဟယ်”

“ဟိုကလေးတွေ သွားကြ . . . နင်တို့ကိုပါ ရိုက်မယ်”

ဒေါ်ခင်ရီလည်း စိတ်ဆိုးမာန်ဆိုးနှင့် သူ့သားရွှေလှကို ရိုက်သည်။ရွှေလှအရိုက်ခံနေရသဖြင့်တင်ဝနှင့်မြဦးလည်း ပြန်ပြေးကြသည်။ ရွှေလှမှာ သူ့အမေရိုက်၍ ငိုကျန်ခဲ့သည်။

“နောက်. . . အဲဒီလို ဆော့ဦးမလား . . . မအေကတစ်မနက်လုံးခပ်၊ နင်က ဆော့ပစ် . . . ဆော့ဦး . . . ဆော့ဦး”

“ဘုန်း . . . ဖြန်း . . . ဖြန်း”

“နောက်မဆော့တော့ပါဘူး အမေရ . . . ကြောက်ပါပြီဗျ”

ထိုစဉ် ဒေါ်တင်ရီ၏ ဖခင်ဦးကြီးဒေါင်းစိန် ရောက်လာသည်။ ရွှေလှအား ဆွဲခေါ်သွားသည်။

“ဟဲ့ . . . ခင်ရီ . . . ငါ့မြေးကို ဒီလောက်တောင်ဘာလို့ရိုက်နေရတာလဲ”

“အဖေ့မြေးကသမီးခပ်ထားတဲ့ ရေတွေအကုန်ဆော့ပစ်တယ်။ ကြည့်ပါဦးအဖေရယ်. . . ပေါက်ပေါက်ရှာရှာမီးလောင်တမ်းကစားတာတဲ့ . . . ”

“မဟုတ်ပါဘူး ခင်ရီရယ် . . . သူ့ဝါသနာပါတာ သူဆော့တာပေါ့။ ကလေးကို နွားရိုက်ကျွဲရိုက် ရိုက်လို့ ဘယ်ဖြစ်ပါ့မလဲ”

“လာ. . . ငါ့မြေး . . . မငိုနဲ့တော့ . . . တိတ်. . . တိတ်”

သူ့မြေးရွှေလှကို ဦးကြီးဒေါင်းခေါ်သွားသည်။ ရွှေလှလည်းသူ့အဘိုးနောက်သို့ ရှိုက်ငင်ကာ လိုက်ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com


မေလ ၅ ရက်နေ့ . . .။

ရွှေလှ၊ တင်ဝနှင့်မြဦး သူငယ်ချင်းသုံးဦး ဦးကြီးဒေါင်းစိန်တို့ အိမ်သို့ စုရုံးရောက်ရှိနေကြသည်။ ဦးကြီးဒေါင်းစိန် ကလေးငယ်များကို ချစ်သည်။ စိတ်ရှည်ရှည်နှင့် ဆုံးမတတ်သည်။ ယခုလည်း ကလေးသုံးဦး ကို သူ့အိမ်တွင်ခေါ်၍ မုန့်ကျွေးသည်။

"ငါ့မြေး . . . ဒီနေ့ ဘာနေ့လဲ သိလား"

"ဒီနေ့ သောကြာနေ့ပါ အဘိုး"

"အဲဒီနေ့ကို မေးတာမဟုတ်ဘူး ငါ့မြေးရဲ့. . . ထူးခြားတဲ့နေ့ကို မေးတာ"

ရွှေလှ ခေါင်းကုတ်လိုက်သည်။ သူ့အဘိုး၏မေးခွန်းကို မဖြေနိုင်။ သူငယ်ချင်းတင်ဝနှင့်မြဦးကို လှမ်းကြည့်လိုက်သည်။တင်ဝနှင့်မြဦး ကလည်း မသိကြောင်း လက်ခါပြသည်။

"ဒီနေ့ မီးသတ်တပ်ဖွဲ့နေ့လေ ငါ့မြေးရဲ့ . . . "

ဦးကြီးဒေါင်းစိန်၏ အဖြေစကားကိုကြားရသည်။

ကလေးငယ်သုံးဦးသား အံ့သြသွားကြသည်။

ဝမ်းသာအားရ ဖြစ်သွားကြသည်။

တင်ဝက သွက်လက်ချက်ချာသူပီပီ မေးခွန်းထုတ်လိုက်၏။

"ဘာပြုလို့ မီးသတ်တပ်ဖွဲ့နေ့လို့ ခေါ်တာလဲ ဘကြီးဒေါင်းစိန်"

"ဒီလို ငါ့မြေးရဲ့ . . . လွတ်လပ်ရေးမရခင် နှစ်နှစ်လောက်က ဆိုပါတော့ကွယ်။ အဲ . . . ၁၉၄၆ခုနှစ် မေလ ၅ရက်နေ့က အဘိုးတို့ အာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်မှုနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီး တည်ထောင်ဖွဲ့စည်းနိုင်ခဲ့တယ်။ အဲဒီနေ့ကို မီးသတ်တပ်ဖွဲ့နေ့လို့ သတ်မှတ်ထားတာပေါ့ကွယ်"

ကလေးငယ်သုံးဦးလည်း ဦးကြီးဒေါင်းစိန်၏ စကားကိုစိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com


စားစွာ နားထောင်နေကြသည်။ သိလိုသည်ကို မေးမြန်းကြသည်။ ဦးကြီး ဒေါင်းစိတ်ကလည်း မမောမပန်း စိတ်ရှည်လက်ရှည်ရှင်းပြသည်။တင်ဝ က ထပ်မံမေးပြန်သည်။

"ဘကြီးဒေါင်းစိန် . . ဟို ရှေးရှေးတုန်းကရော မီးသတ်သမား တွေ ရှိလားဟင် . . ."

"ရှိတာပေါ့ ငါ့မြေးရဲ့ . . . ပုဂံခေတ်က အနော်ရထာမင်းကြီး လက်ထက်ကတည်းက မီးသတ်တပ်သားတွေ ရှိခဲ့တာကွဲ့။ အခုအချိန် အထိ အစိုးရမီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သန္ဓေမီးသတ်တပ်ဖွဲ့ တွေ ရှိတာပေါ့"

"သန္ဓေမီးသတ်တပ်ဖွဲ့ဆိုတာ ဘာကို ခေါ်တာလဲဟင် အဘိုး"

"သန္ဓေမီးသတ်တပ်ဖွဲ့ဆိုတာ မီးသတ်ဝါသနာပါတဲ့ သူတွေကို လေ့ကျင့်သင်တန်းပေးပြီး ဖွဲ့စည်းထားတဲ့ တပ်ဖွဲ့ကိုခေါ်တာ"

"ဒါဆို သားတို့လည်း သန္ဓေမီးသတ်သမားတွေလုပ်လို့ရတာ ပေါ့နော် . . . အဘိုး"

"ရတာပေါ့. . . သိပ်ရတာပေါ့ ငါ့မြေးရယ်။ ဒီတစ်ခါ နွေရာသီ ကြရင် ငါ့မြေးတွေကို သန္ဓေမီးသတ်တပ်ဖွဲ့ဝင်တွေဖြစ်အောင် အဘိုး ပြောပေးမယ်"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"ဟေး. . . . ဒါမှ တို့ဘကြီးဒေါင်းစိန်ကွ"

ဦးဒေါင်းစိန်၏စကားကို ကလေးငယ်သုံးယောက် သဘောကျ သွားသည်။ လက်ခုပ်သံတဖြောင်းဖြောင်းနှင့်အော်ဟစ်၍ အားပေးကြ သည်။ ဝမ်းသာသွားကြသည်။

"ကဲ. . ငါ့မြေးတို့ ဝါသနာပါတဲ့ မီးသတ်သမားတွေဖြစ်အောင် အဘိုးလုပ်ပေးမယ်။ ဒီနေ့ မေလ ၅ ရက်နေ့ဟာ မီးသတ်တပ်ဖွဲ့နေ့

www.burmeseclassic.com

www.burmeseclassic.com


ဆိုတာ တစ်သက်လုံး မှတ်ထားကြ။ ကဲ . . ကဲ. . ငါ့မြေးတို့ ဆော့ချီကြ”

တင်ဝ၊ ရွှေလှနှင့် မြဦးတို့ သုံးဦးလည်း ဦးကြီးဒေါင်းစိန်အနီးမှ ထွက်ခွာလာခဲ့ကြသည်။ ကလေးငယ်သုံးဦးစလုံး ပျော်ရွှင်သွားကြသည်။ ဝမ်းသာသွားကြသည်။

တပေါင်းလ၏နွေနေ့၏ အပူရှိန်က ပြင်းလွန်းသည်။ ရ

ရွာသစ်ကျေးရွာကလေး၏ သစ်ပင်ဝါးပင်တို့မှာ ဝါညိုရောင်သန်းနေ၏။ ရော်ရွက်ဝါတို့ကား တပေါင်းလေ အဝှေ့တွင် ကြွေကျမြေခနေကြ၏။ ရံဖန်ရံခါ လေပွေများနှင့်အတူ လေပူများလည်း တိုက်ခတ်လာ၏။ ရော်ရွက်ဝါတို့ ကြွေကျမြေခနေသကဲ့သို့ ရွက်ညွှန့်သစ် ပုရစ်ဖူးကလေးများက နွေနေကို အံတုယှဉ်ပြိုင်လျှက်ရှိသည်။

ကလေးငယ်များလည်း နွေရာသီကျောင်းပိတ်ပြီး . . ။

အချို့ကလေးငယ်များက ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားနေ၍ မင်္ဂလသုတ်သင်ကြရသည်။ အချို့မူ မိဘများ၏ တောင်သူလုပ်ငန်းကို ဝိုင်းကူလုပ်ကြရ၏။

ရွှေလှ၊ တင်ဝနှင့်မြဦးတို့ သုံးဦးက ရွာဦးကျောင်းတွင် နေ့ခင်း၌ စာသင်၏။ ညဘက်တွင် ကိုယ့်အိမ်ကိုယ် ပြန်အိပ်သည်။ ဥပုသ်နေ့တွင် ဘုန်းကြီးကျောင်းသားများ အနားရကြသည်။

ဥပုသ်နေ့တစ်ရက်တွင် ရွှေလှ၊ တင်ဝနှင့် မြဦးတို့ သုံးယောက်သား ဆုံမိကြသည်။ ဦးကြီးဒေါင်းစိန် အိမ်သို့ သွားကြသည်။ ထိုနေ့က မီးသတ်ရဲဘော်ဟောင်းကြီးဖြစ်သည့် ဦးကြီးဒေါင်းစိန်အိမ်၌ ကျေးရွာမီးဘေးကာကွယ်ရေးအစည်းအဝေးရှိသည်။ အစည်းအဝေးမစမီ ရွှေလှ၊

www.burmeseclassic.com

www.burmeseclassic.com


တင်ဝနှင့်မြဦးတို့ သုံးဦးရောက်ရှိလာကြ၏။

"အတော်ပဲ. . . ငါ့မြေးတို့လာကြ. . . ထိုင်ကြ။ ငါ့မြေးတွေ ဖြစ်ချင်တဲ့ သန္ဓေမီးသတ်သမားတွေ ဖြစ်အောင် အဘိုး ဟောဒီ အစည်းအဝေးမှာ တင်ပြပေးမယ်"

ဦးကြီးဒေါင်းစိန်၏ စကားကြောင့် ကလေးများ ဝမ်းသာကြသည်။ ပီတိဖြစ်ကြသည်။ မကြာမီ အစည်းအဝေးစသည်။ အစည်းအဝေးတွင် ကျေးရွာမီးသတ်ကာကွယ်ရေးအတွက် ခေါင်းဆောင်အသီးသီးက အစီအစဉ်များကို တင်ပြကြ၏။

နံနက်လေးနာရီမှစ၍ ထမင်းချက်ရန် မီးမွှေးရမည်။ နေ့လယ် ၁၂နာရီတွင် မီးဖိုငြိမ်းရမည်။ ညနေသုံးနာရီမှစ၍ ထမင်းချက်ခွင့်ပြုသည်။ ညရှစ်နာရီမီးသတ်ထားရန် သတ်မှတ်ကြသည်။ မီးချိတ်၊ မီးကပ်၊ ရေတံဘတ်၊ ရေအိုးများ အိမ်တိုင်းထားရှိရမည်။

ထိုအတူ လမ်းသွားရင်း ဆေးလိပ်မသောက်ရ၊ သောက်လျှင် ဒဏ်ငွေငါးဆယ်။ မီးမွှေးချိန်၊ မီးငြိမ်းသတ်ချိန်တို့ကို သံချောင်းခေါက် သတိပေးရန် အသီးသီးတင်ပြကြသည်။တင်ပြချက်များအပေါ် ကျေးရွာမီးသတ်ကာကွယ်ရေးခေါင်းဆောင်ဦးဒေါင်းစိန်က သဘောတူသည်။

ဦးကြီးဒေါင်းစိန်ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။

"အခြားကိစ္စတော့မရှိပါဘူး။ ဟောဒီ ကျုပ်မြေးသုံးယောက်က သန္ဓေမီးသတ်သမားတွေအဖြစ် ပါဝင်တောင်းဆိုတာကို ခွင့်ပြုဖို့ကိစ္စပါ"

"ဟာ . . . မဖြစ်နိုင်တာ၊ ဒီကလေးတွေက ငါးတန်း၊ ခြောက်တန်းရှိသေးတာ"

"ခွေးပစ်တဲ့တုတ်လောက်ကလေးရှိတာ။ဘယ်လိုအသုံးချမှာလဲဗျာ. . . . မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com


ဦးဒေါင်းစိန်၏ တင်ပြချက်ကို ပရိသတ်အချို့က သဘော မကျ။

တစ်ယောက်တစ်ပေါက် ဝေဖန်ကြသည်။မဖြစ်နိုင်ကြကြောင်း တင်ပြကြသည်။ ရွှေလှ၊ တင်ဝနှင့်မြဦးတို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၏။ မျက်စိမျက်နှာ မကောင်း။

"ကဲ. . အားလုံးခဏနားထောင်ကြပါဦး။ဒီကလေးသုံးယောက် ကို သန္တေမီးသတ်သမားလေးတွေအဖြစ် အသက်ငယ်လို့ လက်မခံနိုင် တဲ့သဘောကို ပြောကြတာနဲ့တူတယ်"

"ဆင်လဲ ဆင့်အထွာ၊ ဆိတ်လဲ ဆိတ်အထွာဆိုသလို အရွယ် အစားအလိုက်သူ့အင်အားနဲ့သူ့ခွန်အား ရှိကြပါတယ်။ အဲဒီတော့ ဒီ ကလေးငယ်သုံးဦးဟာလည်း ဝါသနာအရ ခွန်အားကိုယ်စီရှိကြပါတယ်"

"ယနေ့လူငယ်နောင်ဝယ်လူကြီးဆိုသလို နောင်မှာကြီးပြင်းလာ မယ့်ကလေးတွေကို မျိုးစေ့ချပေးဖို့ သင်ကြားပေးဖို့ဆိုတာ လူကြီးတွေ မှာ တာဝန်ရှိပါတယ်"

"အဲဒီကလေးငယ်သုံးဦးစေတနာဝန်ထမ်းအဖြစ် တာဝန်ထမ်း ဆောင်ရမယ့် အရန်မီးသတ်သမားကလေးတွေ ဖြစ်လာဖို့အခုကတည်း က မွေးမြူရပါမယ်။သူတို့ကလေးတွေရဲ့ ဗီဇစိတ်နဲ့ဝါသနာကို မတားဆီး ကြပါနဲ့။ မြေတောင်မြှောက်ပေးကြပါလို့ ကျွန်တော်အထူးမေတ္တာရပ်ခံ ပါတယ်"

ဦးကြီးဒေါင်းစိန်တင်ပြချက်ကြောင့် ပရိသတ်အားလုံး ငြိမ် သွားသည်။ ကန့်ကွက်မည့်သူမရှိ။ ရွှေလှ၊ တင်ဝနှင့်မြဦးတို့ သုံးဦးလည်း အသည်းတထိတ်ထိတ်နှင့်ပရိတ်သတ်၏အဆုံးအဖြတ်ကိုနားထောင်နေ ၏။ ထိုစဉ် ပရိတ်ထဲမှ လူငယ်တစ်ဦးက ထ၍တင်ပြသည်။

"ဘကြီးဒေါင်းစိန်က အမြော်အမြင်ကြီးသူဆိုတာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့နားလည်ပါပြီ။ဘကြီးဒေါင်းစိန်စီစဉ်သလို ကျွန်တော်တို့ နာခံပါမယ်”

“ကဲ. . ဒါဖြင့် ဒီကလေးသုံးဦးကို သန္ဓေမီးသတ်တပ်သား လေးတွေအဖြစ် လက်ခံကြပါ။ ဒီကလေးသုံးဦးကို သူနေရာသူ အသုံး ချနိုင်အောင် ကျုပ်စီစဉ်ပေးပါ့မယ်။ အားလုံးသဘောတူတယ် မဟုတ် လား”

“သဘောတူပါတယ်”

ပရိတ်သတ်အားလုံးက ရွှေလှ၊ တင်ဝနှင့်မြဦးတို့ကို သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များအဖြစ် လက်ခံလိုက်ကြသည်။ သူငယ်ချင်းသုံးဦးလည်း အားလုံးပျော်ရွှင်ကြသည်။ ဦးကြီးဒေါင်းစိန်ကိုလည်း ကျေးဇူးတင်ကြ သည်။

ထိုနောက် လုပ်ငန်းတာဝန်များ ခွဲဝေကြသည်။

မီးဖိုစစ်ဆေးရန်နှင့် မီးငြိမ်းသံချောင်းခေါက်ရန် လူငယ်အချို့က တာဝန်ယူရသည်။ အချို့က နှိုးဆော်ရေးအတွက် တာဝန်ယူရ၏။ အချို့ ကမူ ညမီးကင်းစောင့်ရန် တာဝန်ကျ၏။ရွှေလှ၊ တင်ဝနှင့်မြဦးတို့ သုံး ဦးက နှိုးဆော်ရေးအဖွဲ့တွင်ပါသည်။

မီးဘေးနှိုးဆော်ရေးအတွက်အဖွဲ့ခေါင်းဆောင်က ကလေးငယ် သုံးဦးအား သင်ကြားပြသပေးရန် သီးခြားတာဝန်ပေးထားသည်။ အဖွဲ့ လိုက်၊ အုပ်စုလိုက် တာဝန်ခွဲဝေပြီးသည့်အခါအစည်းအဝေးကို ရုပ်သိမ်း လိုက်ကြသည်။

“ရွာသစ်ကျေးရွာအတွင်းရှိ လုပ်သားပြည်သူအပေါင်းတို့ ခင်ဗျာ. . . အခုအချိန်ဟာ ပူပြင်းတဲ့ နွေရာသီကိုရောက်ရှိနေပါပြီ။ မိမိတို့နေအိမ်မှာ နေ့စဉ်သုံးစွဲလျက်ရှိတဲ့ မီးဖို၊ မှန်အိမ်မီး၊ မီးခွက်မီး၊ ဖယောင်းတိုင်မီးများကိုရိုရိုသေသေနဲ့ ကိုင်တွယ်သုံးစွဲကြပါရန် သတိပေး နှိုးဆော်အပ်ပါတယ်ခင်ဗျား . . ”

www.burmeseclassic.com

www.burmeseclassic.com


"လမ်းသွားရင်း ဆေးလိပ်မသောက်ရ၊ ဆေးလိပ်သောက်သည်ကို တွေ့ရှိရပါက ဒဏ်ငွေငါးဆယ်ပေးဆောင်ရမည်ဖြစ်ကြောင်း ထပ်မံသတိပေးနှိုးဆော်လိုက်ရပါတယ် ခင်ဗျား . . "

ညရှစ်နာရီခန့်ရှိပြီ . . ။

လရောင်လည်း ပိုးတဝါး။ရွှေလှ၊ တင်ဝနှင့်မြဦးတို့ ကလေးငယ်တစ်စု မီးဘေးကာကွယ်ရေး သတိပေးနှိုးဆော်နေကြသည်။ လမ်းဆုံလမ်းခွ ရောက်တိုင်း တစ်ကြိမ် သတိပေးသည်။ အော်ကြသည်။ ကလေးသံဖြစ်သော်လည်း ပီသသည်။ ဦးကြီးဒေါင်းစိန်တို့ အိမ်ထောင့်တွင် တစ်ကြိမ်ထပ်မံသတိပေးပြန်သည်။ ကျေးရွာမီးဘေးကာကွယ်ရေးအဖွဲ့မှ ကလေးငယ်များ နှိုးဆော်ချက်ကို ဦးကြီးဒေါင်းစိန် နားထောင်၍ သဘောကျနေ၏။

"ဟေ့ . . ငါ့မြေးတို့ရော့ . . မင်းတို့စားဖို့ ငှက်ပျောသီးနဲ့ ချိုချဉ်ယူသွားကြဦးကွယ့်"

ဦးကြီးဒေါင်းစိန်က မုန့်များထွက်ပေးသည်။ ရွှေလှက သူ့အဘိုးဆီမှ မုန့်များကိုယူသည်။ ကလေးများ ပျော်ရွှင်နေကြသည်။

တစ်ရွာလုံးသတိပေးနှိုးဆော်ပြီးသည့်အခါ ရွာလယ်ကင်းတဲကို ရွှေလှတို့အုပ်စု ပြန်လာကြသည်။လူငယ်အချို့က ဆီးကြိုကြသည်။ ကင်းသမားများအတွက်လက်ဖက်သုပ်နှင့်အကြော်များ ရွာထဲမှ ပို့ထားသည်။ ရွှေလှတို့ကလည်း သူ့အဘိုးပေးလိုက်သည့် မုန့်များကို အများနှင့်အတူစားရန် ချပေးသည်။ မကြာမီ ဦးကြီးဒေါင်းစိန် ကင်းတဲသို့ ရောက်လာသည်။

"ဘယ်နှယ်လဲဟေ့ . . ငါ့မြေးတွေ မင်းတို့အတွက် အသုံးကျရဲ့လား . . "

"အဆင်ပြေပါတယ် ဘကြီးဒေါင်းစိန်။ အခုလို သတိပေးနှိုး

www.burmeseclassic.com

www.burmeseclassic.com


ဆော်ဖို့တော့ သုံးလို့ရတာပေါ့"

"အေး. . ဝမ်းသာတယ်ဟေ့။ ဒီထက်တန်ဖိုးရှိအောင်၊ အသုံးကျအောင်တို့လူကြီးတွေမှာတာဝန်ရှိတယ်။ငါလည်းသင်ပေးမယ်၊မင်းတို့လဲ သင်ပေးကြဟေ့ . . "

"စိတ်ချပါ ဘကြီးဒေါင်းစိန်။ လာ . . ရေနွေးသောက်ဦး"

ဦးဒေါင်းစိန်သည် ကွပ်ပျစ်ပေါ်သို့ ဖြည်းညှင်းစွာထိုင်လိုက်သည်။ထို့နောက်လူငယ်တစ်ဦးအသင့်ငှဲ့ပေးထားသည့် ရေနွေးကြမ်းပန်းကန်ကို ယူလိုက်သည်။ ထိုစဉ် ကွပ်ပျစ်ပေါ်မှ ငှက်ပျောသီးနှင့်ချိုချဉ်များကို မြင်တွေ့လိုက်ရသည်။

"ဟဲ့ . . ငါ့မြေးတွေ အဘိုးပေးတဲ့ မုန့်တွေ မစားကြဘူးလား"

"ဟုတ်တယ်အဘိုး . . ဟောဒီက အစ်ကိုကြီးတွေနဲ့ အတူစားဖို့ ယူလာတာ"

"ကျွန်တော်တို့ကို မုန့်စားချင်လို့ မီးသတ်သမားလုပ်တယ် ထင်မှာစိုးလို့ "

"အဘိုးက ကျွန်တော်တို့ကို ကျွေးတာဟုတ်ပါတယ်။ ရွာထဲက သူငယ်ချင်းတွေက စားချင်လို့လုပ်တာ၊ အငတ်တွေလို့ အပြောခံရမှာ ရှက်တယ်ဗျ"

ရွှေလှ၊ တင်ဝနှင့်မြဦးတို့ သုံးယောက်သားရင်ထဲရှိသည့်အတိုင်း ပြောလိုက်သည်။ ဦးကြီးဒေါင်းစိန်လည်း ဟက်ဟက်ပက်ပက်ရယ်မောမိသည်။

"မထင်ပါဘူး မြေးတို့ရဲ့။ ငါ့မြေးတို့က ရွာအကျိုးသယ်ပိုးလို့ သူတို့ကလဲ စေတနာနဲ့ ပြန်ကျွေးကြတာပဲ။ ငါ့မြေးသူငယ်ချင်းတွေက ငါ့မြေးတို့လို လုပ်တာမဟုတ်ဘဲ။ သူတို့လုပ်ရင်လဲ ဒီလိုပဲ ခံစားရမှာပေါ့ကွယ်။ ကဲ. . ကဲ . . စားကြ. . စားကြ"

www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးဒေါင်းစိန်ပြောလိုက်မှ ကလေးသုံးဦး မုန့်များကိုအားရပါးရ စားလိုက်ကြသည်။ လုရှ် မစားကြ။ကိုယ့်အတွက်သာ ကိုယ်စားကြသည်။ ကလေးငယ်သုံးဦးကိုကြည့်၍ ဦးကြီးဒေါင်းစိန် ဝမ်းသာပီတိဖြစ်နေသည်။ ကြုံတိုင်း၊ တွေ့တိုင်း အားပေးစကားပြောသည်။ သွန်သင်ဆုံးမသည်။ ရွှေလှ၊ တင်ဝနှင့် မြဦးတို့လည်း ဦးဒေါင်းစိန်၏ ဆုံးမစကားကိုနာယူကြသည်။မှတ်သားကြသည်။

"ငါ့မြေးတွေကို ပြောပြရဦးမယ်။ သေသေချာချာနားထောင်ကြ"

" ဟုတ်ကဲ့ . . အဘိုး"

"မီးဆိုတာ မသုံးတတ်ရင် ရန်သူ၊ သုံးတတ်ရင် မိတ်ဆွေကွဲ့"

"ဘာဖြစ်လို့လဲ အဘိုး"

"မီးကိုမရှိမသေသုံးရင် စည်းကမ်းမရှိရင်၊ မီးလောင်လို့ ရန်သူဖြစ်မသွားဘူးလား။ တလောက ဟိုဘက်ရွာမှာ မီးလောင်သွားလို့ တက်တက်ပြောင်သွားတာ မြေးလေးတို့ သိကြတယ်မဟုတ်လား"

"အေး . . မီးလောင်ခံရရင် တစ်အိမ်တည်း၊ တစ်ရွာတည်း၊ ပစ္စည်းဥစ္စာ ဆုံးရှုံးတာ၊ နစ်နာတာ မဟုတ်ဘူးမြေးရဲ့၊ နိုင်ငံအတွက်ပါနစ်နာတာ"

"စာသင်ကျောင်းပါ မီးထဲပါသွားလို့ အဲဒီရွာကကျောင်းသားတွေ စာသင်စရာနေရာ မရှိဘူးတဲ့ အဘိုးရယ်စနားစရာ"

"မီးလောင်တဲ့ဘေးကင်းဖို့ တစ်ယောက်ထဲလုပ်လို့ မရဘူးကွဲ့ တစ်အိမ်လုံး၊ တစ်ရွာလုံး စည်းကမ်းရှိဖို့ လိုတယ်"

"အဘိုး . . အဲဒီရွာမီးလောင်တာမီးခွက်မှောက်တာ ရေနဲ့ပက်ရာက လောင်းတာဆို "

"မီးလောင်လို့ရေနဲ့ပက်တာနဲ့ဘာဖြစ်လို့ ပိုလောင်တာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com


ထင်ဝနှင့်မြဦးက အတိုင်အဖောက်ညီညီမေးလိုက်သည်။ ကလေးနှစ်ဦး၏ အမေးစကားကို ဦးဒေါင်းစိန်က သဘောကျသည်။

"မီးများ မီးနိုင်၊ ရေများ ရေနိုင်ဆိုပေမယ့် လောင်စာဆီကြောင့် လောင်တဲ့မီးကို ရေနဲ့ပက်လို့ မငြိမ်းဘူး ငါ့မြေးရဲ့ "

"လောင်စားဆီဆိုတာ ဘာလဲဟင် အဘိုး "

"ရေနံဆီတို့၊ ဓာတ်ဆီတို့၊ ဒီဇယ်တို့ကို ပြောတာကွဲ့။ အဲ . . မီးခွက်မှောက်လို့လောင်ရင် ရေနဲ့မပက်နဲ့ အဝတ်ကို ရေစွတ်ပြီး အုပ်ချလိုက်။ ဒါမှမဟုတ် သဲနဲ့ပက်လိုက်။ ငြိမ်းရော့ . . ရေနဲ့ပက်လိုက်တော့ ဘေးကပစ္စည်းတွေကိုပါ မီးပြန့်ပြီး လောင်တော့တာပဲ"

"အဲဒါ ဘာဖြစ်လို့လဲ အဘိုး"

"လေမရှိအောင်လုပ်ပေးတာပေါ့ကွယ်။ ငါ့မြေးကြီးလာရင် အဘိုးသင်ပေးမှာပေါ့ . . ရော့ . . စားလိုက်ပါဦး"

အစားအသောက်များလည်း စားသောက်ပြီးကြပြီ။

အနည်းငယ်ညဥ့်နက်လာသည်။တပေါင်းလေက တဖြူးဖြူးနှင့် တိုက်နေသည်။ ည ၁၀ နာရီထိုး၍ လူငယ်တစ်ဦးသံချောင်းထခေါက်သည်။ ဦးကြီးမောင်နှင့် ကလေးငယ်သုံးဦးလည်း အသီးသီးအိမ်ပြန်သွားကြသည်။

* * * * *

တန်ခူးလသို့ ရောက်ရှိလာပြီဖြစ်သည်။

ရွာသစ်ရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ သင်္ကြန်ပွဲတော်နွှဲပျော်ရန် စိုင်းပြင်းနေကြသည်။

သင်္ကြန်ပွဲ နီးလာသည့်အခါတွင် ကာလသားတစ်သိုက်အလှူခံထွက်ကြသည်။ အလှူခံအဖွဲ့တွင် ရွှေလှတို့သုံးဦးလည်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒေါ်ကြီးလုံးတင် . . သကြၤန်ပွဲအတွက် အလှူငွေထည့်ပါဦး"

"သကြၤန်ပွဲလုပ်တာ ငါနဲ့မဆိုင်ဘူး ဟဲ့ . . ငါတို့က သကြၤန်ရက်မှာ တစ်အိမ်လုံး ဥပုသ်စောင့်ကြမှာ"

"မဟုတ်သေးပါဘူး ဒေါ်ကြီးလုံးတင်ရာ . . သကြၤန်ရက်မှာ မုန့်လုံးရေပေါ်ကျွေးပြီး တစ်ရွာလုံး ပျော်ပျော်ပါးပါး ရေကစားကြရအောင်ပါ"

"ဟဲ့ . . နင်တို့ ပျော်ဖို့ပါးဖို့ အလှူငွေ မထည့်နိုင်ပါဘူး"

"သက်ကြီးရွယ်အိုတွေကိုနှစ်ဆန်းတစ်ရက်နေ့မှာ ရေချိုးခေါင်းလျှော်ပြီး ကန်တော့ဖို့လဲ ရှိပါတယ်"

"မလှူဘူးဟေ့ . . မလှူဘူးဆို . . မလှူဘူး။ သွားကြ . . သွား ငါဈေးရောင်းရဦးမယ်"

ကာလသားများ ရှင်းပြသည်ကို ဒေါ်လုံးတင်လက်မခံ။ လက်လျှော့၍ ပြန်လာခဲ့ကြရသည်။ ရွှေလှတို့ ကလေးသုံးဦးမှာ ဒေါ်လုံးတင်၏ ပြောဟန်ဆိုဟန်ကိုကြည့်၍ မုန်းတီးနေကြသည်။

"ဒါကြောင့် အပျိုကြီးဖြစ်နေတာ"

တင်ဝက အသံထွက်၍ မကြားတကြားပြောလိုက်မိသေး၏။

ဒေါ်လုံးတင်အိမ်မှအပတစ်ရွာလုံးရှိ ရွာသူရွာသားများတက်နိုင်သမျှ တစ်ကျပ်တစ်ပြားစီ ထည့်ကြသည်။

သကြၤန်အကျနေ့သို့ ရောက်ရှိပြီ။

ရွာလယ်ကင်းတဲအနီးတွင် သကြၤန်မဏ္ဍပ်ထိုး၍ မုန့်လုံးရေပေါ်ကျွေး၏။ မုန့်လုံးသူလုံး၊ ဧည့်ခံကျွေးမွေးသူကျွေးနှင့် ကာလသမီးကာလသားတို့၏ ပျော်စရာ။

ကလေးငယ်များဖြစ်သည့် ရွှေလှတို့ အုပ်စုကလည်း ပျော်ကြသည်။ မုန့်လုံးရေပေါ်ထဲတွင် ထည့်ထားသည့် ငရုပ်သီးစားမိသူများက

www.burmeseclassic.com

www.burmeseclassic.com


လည်း ရှုးရှုးရှဲရှဲနှင့် စိတ်မဆိုးကြ။

"ငါတော့ ထိပြီဟေ့ . ."

"ဝါး . . . ဟားဟား"

မုန့်လုံးရေပေါ် စားသူစား၊ ရေပက်သူပက်နှင့် ပျော်စရာပင်။

ဥပုသ်သည်များကို ရေမပက်ကြ။ ကိုယ်ဝန်ဆောင်သည်များကို ရှောင်ကြသည်။ ရွာသစ်ရွာကလေး၏ သင်္ကြန်မလေ့က ချစ်စရာကောင်းလှသည်။

သင်္ကြန်ပွဲပြီး၍ နှစ်ဆန်းတစ်ရက်နေ့သို့ရောက်ရှိလာသည်။

ရွာတွင်းမှ သက်ကြီးရွယ်အိုများကိုလည်း နံနက်ဆယ်နာရီခန့်တွင်စုံရုံးခေါ်ဆောင်လာသည်။ လူငယ်လူရွယ်ကလေးများက အဘိုးအို၊ အဘွားအိုတို့အား လက်သည်းညှပ်ပေးကြ၊ ခေါင်းလျှော်ပေးကြ၊ ရေချိုးပေးကြနှင့်။

မြင်ရသူတိုင်း ကြည်နူးဖွယ်ကောင်းလှသည်။

ဒေါ်လုံးတင်၏ အမေကိုလည်း ခေါ်ဆောင်၍ ရေချိုးခေါင်းလျှော်ပေးကြသည်။ ထို့နောက် မဏ္ဍပ်အတွင်း အသင့်ခင်းထားသည့် ဖျာများပေါ်တွင် အဘိုးအဘွားတို့အား ထိုင်စေသည်။ လူငယ်လူရွယ်များက ပစ္စည်းများနှင့် ကန်တော့ကြသည်။

ရွှေလှ၊ တင်ဝနှင့် မြဦးတို့က အဘိုးအဘွားတို့အား တွဲခေါ်ကာ ပြန်ပို့ပေးကြသည်။

အဘိုးအဘွားတို့၏ သာဓုခေါ်သံကြောင့် အားလုံးပျော်ရွှင်နေကြသည်။

တစ်နှစ်တာ သင်္ကြန်ပွဲလည်း ပြီးပြီ။

သင်္ကြန်အပြီး စာမေးပွဲအောင်စာရင်းထွက်သည်။ ရွှေလှတို့ အုပ်စုသုံးဦးစလုံးဆဋ္ဌမတန်းအောင်ကြသည်။အားလုံးဝမ်းသာကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းမဖွင့်မီ ရွှေလှတို့အုပ်စု မီးဘေးကာကွယ်ရေးအတွက် နှိုးဆော်ရေးတာဝန်ကို ဆက်ယူကြသည်။ ရွာလယ်ကင်းတဲတွင် ဦးကြီး ဒေါင်းစိန်၏ မီးသတ်သင်ခန်းစာများကို နားထောင်ကြသည်။ မှတ်သား ကြသည်။

တစ်ရက် . . ။

ရွှေလှ၊ တင်ဝနှင့်မြဦးတို့ သုံးဦးသား ရွာထဲလှည့်၍ မီးသတိ ပေးကြသည်။ ထိုစဉ် ဒေါ်လုံးတင်တို့ ဈေးဆိုင်ဘက်မှ ဆူဆူညံညံအသံ တို့ကိုကြားရသည်။ ရေနံဆီပုံးအနီး မီးခွက်မှောက်ကျ၍ အော်နေခြင်း ဖြစ်သည်။ တစ်ရွာလုံး မီးလန့်ကုန်သည်။

"ဟဲ့ . . လုံးတင် ရေနဲ့ပက် . . . ရေနဲ့ပက် . . "

မီးလန့်ရာသို့ ရွှေလှတို့သုံးဦး အပြေးရောက်ရှိသွားသည်။ ဒေါ် လုံးတင်က ရေပုံးကို ဆွဲကာ ပက်မည်ပြုစဉ် တင်ဝက ဝင်တားသည်။

"မပက်နဲ့ . . ဒေါ်လုံးတင်မပက်နဲ့"

တင်ဝက ရေပုံးကိုဆွဲယူသည်။ ရွှေလှက သူပုဆိုးကိုချွတ်၍ ရေဆွတ်သည်။မီးခွက်မှောက်ကျ၍ မီးတောက်နေသည့် မီးပေါ်သို့ အုပ် လိုက်သည်။ တစ်ခဏအတွင်း မီးငြိမ်းသွားသည်။ မီးသတ်များ အဖို့ ချစ်သူမုန်းသူမရှိကြောင်း သက်သေပြလိုက်ကြသည်။မကြာမီ ရွာ လူကြီးများနှင့် ကျေးရွာအရံမီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာသည်။

အနီးအနားရှိ လူကြီးအချို့က ရွှေလှတို့ သုံးဦးလုပ်ရပ်ကို ရှင်းပြသည်။ ဦးကြီးဒေါင်းစိန် ရွှေလှတို့အား ချီးကျူးစကားပြောသည်။ သူမွေးထုတ်လိုက်သည့် သန္ဓေမီးသတ်သမားကလေးများ၏ စွမ်းရည်ကို လည်း ဝင့်ကြွားစွာပြောဆိုနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အတွေးအမြင်သစ်တို့နားခိုရာ

မင်းတုန်းရွာသည် သာယာလှပပါသည်။

ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသည်။ ရွာဦးတွင် ထုံးဖြူဖြူ စေတီလေးတစ်ဆူနှင့် ရွာဦးကျောင်းရှိသည်။

ရွာဦးကျောင်းဘေးတွင် ချောင်းကလေးရှိသည်။ချောင်းကူးရန် လှပခိုင်ခံ့သည့် တံတားဖြူဖြူကလေးရှိသည်။ တံတားထိပ်၌ သီးပင်ကြီး က မားမားမတ်မတ်ရှိသည်။

ရွာထဲရှိ သရက်ပင်၊ မာလကာပင်၊ ဆီးပင်များနှင့် အုံ့ဆိုင်း ညိုမှိုင်းနေသည်။ စိုစိမ်းနေသည်။

မင်းတန်းရွာသည် ရွာတန်းရှည်ကလေးဖြစ်သည်။ မြို့သို့သွား လိုလျှင်လမ်းလျှောက်သွားနိုင်သည်။လှည်းနှင့်သွားနိုင်သည်။စက်ဘီးနှင့် လည်း သွားနိုင်သည်။ ကားလမ်းမရှိ။

ဧရာဝတီမြစ်ရေကြီးလျှင်မော်တော်များနှင့်သာသွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ရွာသူရွာသားအများစုသည် တောင်သူလယ်သမားများဖြစ်ကြသည်။ရိုးသားကြသည်။စည်းလုံးညီညွတ်ကြသည်။ အချင်းချင်း ရိုင်းပင်းကူညီကြသည်။

ရွာဦးစေတီမှ ဆည်းလည်းသံက သာယာလှသည်။

ရွာဦးစေတီဘုရားပွဲကျင်းပလျှင် ကျေးရွာအသီးသီးမှလာရောက်ကြသည်။ ဧည့်သည်များကို တစ်ရွာလုံးက ဧည့်ခံကြသည်။ ကျွေးမွေးပြုစုကြသည်။ ဧည့်ချစ်သည့် ရွာကလေးဖြစ်သည်။

ရွာဦးကျောင်းဆရာတော်၏စကားကိုတစ်ရွာလုံးကနားထောင်ကြသည်။ လိုက်နာကြသည်။ ဆရာတော်ကြီးကို လူငယ်များကပင် ချစ်ကြသည်။ ကြောက်ကြသည်။ ရိုသေလေးစားကြသည်။ ရွာဦးကျောင်းသည် မင်းတန်းရွာသူရွာသားအားလုံးတို့၏ ယဉ်ကျေးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာကို ပြုပြင်သွန်သင်ဆုံးမရာ သင်တန်းကျောင်းကြီးနှင့်တူသည်။ ဆရာတော်ကြီးကား သင်တန်းမှူးကြီးသဖွယ် ဖြစ်သည်။

ဆရာတော်ကြီး၏ ဘွဲ့တော်မှာ ဦးသြဘာသဖြစ်သည်။ သက်တော် ၇၆နှစ်ရှိပြီဖြစ်သည်။

* * * * *

"ဒကာမြိုင်ပါလား။ မနက်စောစောစီးစီး ဘာကိစ္စရှိလို့တုန်း"

"တပည့်တော်သားမောင်စိုးကို ဘုန်းဘုန်းဆီကျောင်းလာအပ်တာပါ ဘုရား"

"ဟေ. . ဘာဖြစ်လို့တုန်း။ ဒကာကြီးသား အတန်းကျောင်းနေတယ် မဟုတ်လား"

"တင်ပ့ါ. . ဆိုးလွန်းလို့ပါဘုရား . . မောင်စိုးကနေ မောင်ဆိုးဖြစ်နေပါပြီဘုရား . . အခု နွေရာသီကျောင်းပိတ်ထားတုန်း ဘုန်းဘုန်း

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းလာပို့တာပါ ဘုရား . . ”

“မကောင်းကျောင်းပို့ ဆိုသလိုပေါ့ ဟုတ်လား ဒကာမြိုင်”

“အဲဒီလိုမဟုတ်ပါဘူးဘုရား။ ဘုန်းဘုန်းရဲ့ သွန်သင်ဆုံးမမှုကို ခံယူစေချင်လို့ပါ ဘုရား ”

“အေး. . ကောင်းပြီ။ညနေကျရင် ဒကာမြိုင်သားအတွက်အိပ်ရာလိပ်ပို့လိုက်၊ ကျောင်းအိပ်ကျောင်းစားပဲထားကြ”

“တင်ပါ့ ဘုရား”

မောင်စိုးကိုဖခင်ဦးမြိုင်ကရွာဦးကျောင်းဆရာတော်ထံကျောင်းလာအပ်သည်။ ဦးမြိုင်က ဆရာတော်ကြီးအား ကန်တော့၍ ပြန်သွားသည်။ဆရာတော်ကြီးရှေ့တွင်မောင်စိုး ကုပ်ကုပ်ကလေး ထိုင်နေသည်။

မောင်စိုး ပဥ္စမတန်းစာမေးပွဲ ဖြေထားသည်။ ယခုနွေရာသီကျောင်းပိတ်ထားသည်။

ကျောင်းပိတ်ကတည်းက အိမ်မကပ်။ လေးခွတစ်ချောင်းဖြင့်ငှက်ပစ်ထွက်နေသည်။မိဘများ၏ အဆုံးအမကို မခံ၊ ပြန်မပြော နားမထောင်၊ မှုန်တေတေ လုပ်နေတတ်သည်။

မောင်စိုးလိမ္မာယဉ်ကျေးစေရန်ဖခင်ကဆရာတော်ကြီးကျောင်းသို့ လာရောက်အပ်နှံခြင်း ဖြစ်သည်။

ဆရာတော်ကြီးက ဦးပဥ္စင်းတစ်ပါးကို ခေါ်လိုက်သည်။

“ဦးပဥ္စင်း . . ဟောဒီမောင်ကျောင်းသားကို ဆွမ်းစားကျောင်းပေါ်ခေါ်သွားပြီး ကျောင်းသားတွေနဲ့အတူ ထမင်းကျွေးလိုက် . . ”

“တင်ပါ့ ဘုရား”

မောင်စိုးကို ကျောင်းသားများနှင့်အတူ ထမင်းကျွေးခိုင်းသည်။ ဦးပဥ္စင်းက မောင်စိုးကို ဆွမ်းစားကျောင်းပေါ် ခေါ်သွားသည်။

မောင်စိုးကို ဆွမ်းစားကျောင်းပေါ်တွင် ခဏထိုင်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com


သံဃာတော်များဆွမ်းစားပြီးသည့်အခါမောင်စိုးကိုကျောင်းသားများနှင့် အတူ ထမင်းကျွေးသည်။

မောင်စိုးက သူ့အိမ်တွင် ထမင်းစားသကဲ့သို့စားသည်။ ဇွန်း များကို ထမင်းစားသည့်လက်နှင့်ကိုင်သည်။ဟင်းချိုကို တရှုံ့ရှုံ့နှင့် အသံ မြည်အောင် သောက်သည်။ ဟင်းကို ဇွန်းအပြည့်ခပ်သည်။ ဟင်းဖတ် များဖိတ်စင်ကုန်သည်။ ထမင်းပန်းကန်ဘေးတွင် ထမင်းလုံးများပြန့်ကြဲ နေသည်။

အနီးမှ ကျောင်းသားများက မောင်စိုးကို မျက်စောင်းထိုးကြ သည်။ နှာခေါင်းရှုံ့ကြသည်။

"မောင်ကျောင်းသား ညစ်ပတ်လှချည်လား . . ထမင်းတွေ ဖိတ်၊ ဟင်းတွေဖိတ်နဲ့"

ထိုစဉ်မောင်စိုးက ထမင်းစားသည့်လက်နှင့် ဇွန်းကို လှမ်းကိုင် လိုက်သည်။ ဦးပဥ္စင်းက မောင်စိုး၏လက်ကို တုတ်နှင့် ခတ်ဆက်ဆက် ရိုက်လိုက်သည်။

"အဲဒီလက်နဲ့ ဇွန်းမကိုင်ရဘူး။ ဒီတစ်ခါကိုင်ရင် လက်ကျိုးပြီ သာမှတ်"

မောင်စိုးလက် အနည်းငယ်နာသွားသည်။ ညာလက်အစား ဘယ်လက်ဖြင့်ပြောင်း၍ ဇွန်းကိုင်လိုက်သည်။ ဟင်းချိုကို ဇွန်းအပြည့် ခပ်သောက်သည်။ ဟင်းရည်များ ဘေးကသို့ဖိတ်ကျကုန်သည်။ ဟင်းချို သောက်စဉ် တရှုံ့ရှုံ့နှင့် သောက်သည်။ ထမင်းကို ပလုပ်ပလောင်းစား သည်။

"မောင်ကျောင်းသားဟင်းချိုကိုအပြည့်မခပ်ရဘူး။အပြည့်ခပ် တော့ ဖိတ်ကုန်တာ တွေ့လား။ အသံမြည်အောင် မသောက်နဲ့ကြား လား"

www.burmeseclassic.com

www.burmeseclassic.com


"တင်ပါ့ ဘုရား"

မောင်စိုးသည်စိတ်ညစ်သွားသည်။ထမင်းတစ်လုတ် တုတ်တစ်ချက် ဆိုသလို ဖြစ်နေသည်။ ဘုန်းကြီးကျောင်းက စည်းကမ်းတွေများသည်ဟု တွေးမိသည်။ သတိထား၍ ဇွန်းကိုင်ရသည်။ ဟင်းချိုသောက်ရသည်။

"ထမင်းကို ပါးစပ်အပြည့်မထည့်နဲ့။ သင့်ရုံစား"

ပထမဆုံးနေ့၌ ထမင်းစားရင်း၊ အဆုံးအမခံရင်းနှင့် မောင်စိုးထမင်းဝသွားသည်။ ထမင်းစားပြီးသည့်အခါ မောင်စိုးက ပန်းကန်ကိုထားခဲ့သည်။

"ဟေ့ . . မောင်ကျောင်းသား ကိုယ်စားတဲ့ပန်းကန်ကို ကိုယ်ယူသွား . . ဘာလို့ ထားခဲ့တာလဲ"

ဦးပဉ္ဇင်းအော်ငေါက်လိုက်သည့်အသံကြောင့် မောင်စိုး ထမင်းပန်းကန်ပြန်ယူရသည်။

"ကိုယ့်ပန်းကန်ကိုယ် ပြောင်အောင်ဆေး၊ လက်မှာ ဟင်းနံ့မရှိအောင်ဆေးခဲ့။ နေပါဦး. . ဟောဒီက ဆွမ်းဟင်းခွက်တွေပါ ကူဆေးပေးခဲ့ဦး"

"တင်ပါ့ ဘုရား"

ကျောင်းသားအားလုံးထမင်းစားပြီးသောအခါ ဆွမ်းဟင်းခွက်များကို မောင်စိုး ကူဆေးရသည်။ ကျောင်းသားဟောင်းများက မောင်စိုးကို စကားမပြော၊ ခပ်တည်တည်နှင့်နေကြသည်။မောင်စိုးကလည်း ဂရုမစိုက်။ ခပ်တည်တည်ပင်။

မောင်စိုးနှင့်ကျောင်းသားများခဏနားရသည်။ကစားကြသည်။ ကျောင်းအောက်တွင် စု၍ စာဖတ်ကြသည်။ မောင်စိုးမှာ ဖတ်စရာမရှိ။ ငုတ်တုတ်ထိုင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com


မကြာမီ ဆရာတော်ကြီးကြွလာသည်။ ကျောင်းသားများရှေ့ရှိ ပက်လက်ကုလားထိုင်တွင် ထိုင်သည်။

"မောင်ကျောင်းသား ဒီကိုခဏလာဦး"

ဆရာတော်ကြီးက မောင်စိုးကို လှမ်းခေါ်သည်။ မောင်စိုးက ဆရာတော်ကြီးအနီးတွင် လက်ပိုက်၍ ရပ်သည်။ဆရာတော်ကြီးက ထိုင်ခိုင်းသည်။ ရှိခိုးကန်တော့နည်း သင်ပေးသည်။

"မောင်ကျောင်းသား . . လိုက်ဆို . . ခြေလက်နဖူး၊ တံတောင်ဒူး၊ ငါးဦးညီညွတ်စေ"

"ခြေလက်နဖူး၊ တံတောင်ဒူး၊ ငါးဦးညီညွတ်စေ"

"ခြေတောက်က ဘယ်ဟာလဲ မောင်ကျောင်းသား"

"ဒီဟာပါ ဘုရား"

"လက်"

"နဖူး"

"တံတောင်"

"ဒူး"

ဆရာတော်ကြီး၏အမေးကို မောင်စိုးက လက်နှင့်ပြ၍ ဖြေသည်။ ထို့နောက် ဆရာတော်ကြီးက ကျောင်းသားကြီးတစ်ယောက်ကို လှမ်းခေါ်သည်။ လက်တွေ့ရှိခိုးကန်တော့ပြခိုင်းသည်။

"မောင်ကျောင်းသား . . ဟိုမှာ သေသေချာချာကြည့်"

မောင်စိုးကို သေချာကြည့်ခိုင်းသည်။ ကျောင်းသားကြီးကို ရှိခိုးကန်တော့ပြခိုင်းပြီး သူ့နေရာသူ ပြန်ထိုင်ခိုင်းသည်။

"တွေ့လိုက်ရဲ့လား မောင်ကျောင်းသား. . ရှိခိုးကန်တော့တဲ့အခါ ခြေလက်နဖူး၊ တံတောင်ဒူး၊ ငါးဦးညီညွတ်စေ ဆိုတဲ့ လင်္ကာနဲ့ကိုက်ရဲ့လား . ."

www.burmeseclassic.com

www.burmeseclassic.com


"တင်ပါ့ ဘုရား"

"ကိုင်း . . ဒါဖြင့် မောင်ကျောင်းသားလက်ာဆိုပြီး ရှိခိုးကန်တော့ကြည့်စမ်း"

မောင်စိုးက ရှေးဦးစွာ ဆောင့်ကြောင့်ထိုင်လိုက်၏။ထိုနောက် လက်ာဆိုပြီး ဖြည်းဖြည်းချင်းရှိခိုးကန်တော့သည်။ထိခြင်းငါးပါးနှင့်ကိုက် ညီသည်။

"သုံးကြိမ် . . သုံးခါ ကန်တော့ရမယ်နော် မောင်ကျောင်း သား"

"တင်ပါ့ ဘုရား"

"ရှိခိုးတဲ့အခါ ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိလို့ ဆိုရမယ်"

ဆရာတော်ကြီးသင်ပေးသည့်အထိုင်း မောင်စိုးကန်တော့ရ သည်။ နှုတ်ကလည်း ဆိုရသည်။

"ဗုဒ္ဓံပူဇေမိ. . ဗုဒ္ဓံ မြတ်စွာဘုရားကို၊ ပူဇေမိ . . ပူဇော်ပါ၏ ဘုရား"

"ဓမ္မံပူဇေမိ . . ဓမ္မံ တရားတော်မြတ်ကို၊ ပူဇေမိ . . ပူဇော်ပါ ၏ ဘုရား"

"သံဃံပူဇေမိ. . သံဃံ သံဃာတော်မြတ်ကို၊ ပူဇေမိ . . ပူ ဇော်ပါ၏ ဘုရား"

ဆရာတော်ကြီး နှုတ်တိုက်ချပေးသည်တို့ကို မောင်စိုးကလိုက် ဆိုရသည်။ ဆရာတော်ကြီးကိုကြောက်၍ မောင်စိုးလိုက်ဆိုနေရသည်။ စိတ်ကမပါ။ ထွက်ပြေးချင်စိတ်ပေါက်နေသည်။ ထွက်လည်း မပြေးရဲ။

မောင်စိုးက မှတ်ဉာဏ်ကောင်းသဖြင့် တစ်ခဏအတွင်း မှတ်မိ သည်။ စာများကို နှုတ်တိုက်ရသည်။

ညနေပိုင်းတွင် မောင်စိုး၏ဖခင်က အိပ်ရာလာပို့သည်။ ထိုနေ

www.burmeseclassic.com

www.burmeseclassic.com


ညမှစ၍ ရွာဦးကျောင်းတွင် မောင်စိုးအိပ်ရသည်။

* * * * *

"ဘုန်းကြီးကျောင်းသား သူတောင်းစား"

"ဘုန်းကြီးကျောင်းသား သူတောင်းစား"

နောက်နေ့တွင် မောင်စိုးဆွမ်းခံထွက်ရသည်။ ဆွမ်းခံဗျပ်ကို မောင်စိုးနှင့်ကျောင်းသားကြီးတစ်ဦးရှေ့နောက်နှစ်ယောက်ထမ်းရသည်။ ဆွမ်းခံစဉ် ရွာထဲမှ ရွယ်တူကလေးများက မောင်စိုးကို စကြသည်။

မောင်စိုး ရှက်နေသည် . . .။

မသိချင်ယောင်ဆောင်နေသည် . .။

ကလေးများက နောက်မှလိုက်၍ စကြသည်။ မောင်စိုး ဒေါသဖြစ်လာသည်။ ဆွမ်းခံဗျပ်ကို ချသည်။

သူ့အားလိုက်စသည့် မောင်ဝိုင်း၊ တင်လှနှင့် ရွှေနီတို့ကို စိန်ခေါ်သည်။ ဘတစ်ပြန် ကျားတစ်ပြန် သတ်ကြသည်။ လက်သီးထိုးကြသည်။

ရွာထဲမှလူကြီးများ ဖြန်ဖြေပေးကြသဖြင့် ရန်ပွဲပြီးသွားသည်။

ထိုနေ့က မောင်စိုးတို့ ဆွမ်းခံပြန်ချိန် နောက်ကျသည်။ မောင်စိုးနှင့်အတွဲ ကျောင်းပေါ်သို့ ဆွမ်းဗျပ်တင်ပြီးသည့်အခါ ဆရာတော်ကြီး ထံသွားရသည်။

ဆရာတော်ကြီးကမောင်စိုးကို ထန်းပလပ်နှင့်ရိုက်သည်။မရိုက်မီကပင် မောင်စိုးအော်နေသည်။ ထိုအခါ ဆရာတော်ကြီးက မောင်စိုးကို တိုင်ဖက်စေပြီးမှ ရိုက်သည်။

"နောက်. . ရန်ဖြစ်ဦးမလား. . မောင်ကျောင်းသား"

"မဖြစ်တော့ပါဘူး ဘုရား . ."

www.burmeseclassic.com

www.burmeseclassic.com


"သူက စလို့ပဲဖြစ်ဖြစ်၊ ကိုယ်က စလို့ပဲဖြစ်ဖြစ် . . ရန်ဖြစ်တာ မကောင်းဘူး ကြားရဲ့လား . . အခုငါးချက် . . နောက်တစ်ခါ ရန်ဖြစ်ရင် ဆယ်ချက်ရိုက်ခံရမယ် မှတ်ထား "

မောင်စိုးလည်း ဆရာတော်ကြီးအား ကန်တော့၍ ဆွမ်းစားကျောင်းပေါ်သို့ ပြန်သွားရသည်။ ဆွမ်းစားကျောင်းပေါ်တွင် တံမြက်စည်းလှဲရသည်။ သောက်ရေဖြည့်ရသည်။

စားပွဲခုံများချ၍ ဆွမ်းခွက်များ ခင်းကျင်းထားရသည်။

သံဃာတော်များ ဆွမ်းစားပြီးသည့်အခါ ကျောင်းသားများက ထမင်းစားကြရသည်။

ဦးပဉ္စင်း အရိုက်မခံရတော့။မောင်စိုး စည်းကမ်းနှင့်ထမင်းစားတတ်သွားပြီ။

ထမင်းစားပြီး ခဏနားရသည်။ ကစားရသည်။ မောင်စိုးနှင့် ကျောင်းသားဟောင်းများ ခင်မင်ရင်းနှီးသွားကြသည်။

မွန်းတည့်သည်နှင့် မောင်စိုး စာသင်ရသည်။ ဆရာတော်ကြီး ကိုယ်စား ကိုရင်ကြီးစန္ဒကစာသင်ပေးသည်။နှစ်လုံးဆင့်များကို သင်ရ၍ မောင်စိုးက ခက်သည်ထင်သည်။ မသင်ချင်၍ မရ၊ သင်ရသည်။

လက်ရေးလှအောင် ရေးရသည်။

ဆရာတော်ကြီးလာကြည့်၍ လက်ရေးမလှလျှင်လက်ခေါက်ကို တုတ်နှင့်ရိုက်သည်။

တစ်နေ့ပြီး တစ်နေ့ . . ။

မောင်စိုး အခြေအနေ တိုးတက်လာသည်။စာတော်၍ ကျောင်းပျော်လာသည်။

မောင်စိုး၏ လက်ရေးများလည်း လှလာပြီ။ ညီညာဝိုင်းစက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်လအတွင်းမှာ မောင်စိုး လိမ္မာယဉ်ကျေးလာသည်။ လူကြီးများရှေ့တွင် ခေါင်းငုံ့ သွားတတ်လာသည်။ ယဉ်ယဉ်ကျေးကျေး ပြောဆိုတတ်လာသည်။ ချစ်စရာကောင်းလာသည်။ စည်းကမ်းနှင့်သွားတတ်၊ လာတတ်၊ စားတတ်၊ နေတတ်ပြီ။

အရင်က မောင်စိုးမဟုတ်တော့ . . ။

ဘုရားရှိခိုးတတ်လာသည်။ ဆွမ်းတော်ကပ်တတ်လာသည်။ မင်္ဂလသုတ်လည်း ရပြီ။

မောင်စိုး ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲဖြေရမည်။

ဆရာတော်ကြီးထံမှ ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ၊ဗုဒ္ဓဘာသာ မြန်မာစာနှင့် အဘိဓမ္မာဘာသာများ သင်ကြားနေရသည်။

ညရောက်လျှင် ဘုရားရှိခိုးရသည်။ ဆရာတော်ကြီးအား ခြေဆုပ်လက်နယ်ပြုရသည်။ စာပြန်ရသည်။ ဆရာတော်ကြီး၏ အဆုံးအမကို ခံယူရသည်။ ထို့နောက် အိပ်ရာဝင်ကြရသည်။

နံနက်အရုဏ်တက် အုန်မောင်းခေါက်သံကြားရလျှင် မောင်စိုးတို့ ကျောင်းသားအားလုံး ထကြရသည်။

ရေခပ်သူခပ်၊ တံမြက်စည်းလှဲသူလှဲ၊ မီးမွှေးသူမွှေးနှင့် ကိုယ့်တာဝန် ကိုယ်ကျေအောင်လုပ်ရသည်။

မောင်စိုးလည်း ကျရာတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်တတ်နေပြီ . . . ။

* * * * *

စာမေးပွဲအောင်စာရင်းများ ထွက်သည်။

မောင်စိုး ပဉ္စမတန်းစာမေးပွဲအောင်သည်။ ကျောင်းများလည်း ဖွင့်တော့မည်။ မောင်စိုးပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းမဖွင့်မီ မြို့သို့သွား၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ဖြေရမည်။

မောင်စိုးတို့ ကျောင်းသားများဆရာတော်ကြီးနှင့်အတူ မြို့ပေါ်ရှိ နဂါးရုံကျောင်းသို့ တစ်ရက်ကြိုရောက်နေသည်။ မင်းတန်းရွာ၊ ရွာဦးကျောင်းမှ ကျောင်းသား ၁၀ ဦး ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ဖြေကြသည်။

စာမေးပွဲမဖြေမီညတွင် ဆရာတော်ကြီးက ဩဝါဒစကား မိန့်ကြားသည်။

“မေးခွန်းကို သေသေချာချာဖတ်ကြ မောင်ကျောင်းသားတို့၊ စိတ်မလှုပ်ရှားနဲ့။ လက်ရေးလှလှရေးကြ ဟုတ်လား”

“စာမေးပွဲမဖြေခင် ဘုရားရှိခိုးသွားကြနော် . . ကဲ . . ကဲအိပ်ကြ . . အိပ်ကြ”

ဆရာတော်ကြီးကကျောင်းသားများအား အိပ်ရာစောစောဝင်ခိုင်းသည်။ ကျောင်းသားများလည်း ဆရာတော်ကြီးအား ကန်တော့၍ အိပ်ရာဝင်ကြသည်။

အလေ့အကျင့်ရနေသဖြင့်ကျောင်းသားများအားလုံး အိပ်ရာမှ စောစောထကြသည်။နံနက်စာစားကြသည်။စာပြန်ကြသည်။ စာမေးပွဲ ဖြေရန် စိတ်စောနေကြသည်။

ပထမနေ့တွင် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ ဖြေရသည်။ ကျောင်းသားများအားလုံး ဖြေဆိုနိုင်ကြသည်။

ဒုတိယနေ့တွင် ဗုဒ္ဓဘာသာ မြန်မာဘာသာ။

တတိယနေ့တွင် အဘိဓမ္မာဘာသာ ဖြေရသည်။

စာမေးပွဲအားလုံး ပြီးပြီ။

မောင်စိုးနှင့် မင်းတန်းရွာမှ ကျောင်းသားအားလုံး ဖြေဆိုနိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com


သည်။

တည်းခိုကျောင်းသို့ပြန်ရောက်သည့်အခါ ဆရာတော်ကြီးအား ရှိခိုးကန်တော့ကြသည်။ ထိုစဉ် . .

"မောင်ကျောင်းသားတို့ဖြေနိုင်ကြရဲ့လား"

"တင်ပါ့ ဘုရား"

"ကဲ . . မောင်ကျောင်းသားတို့ မြို့ရောက်တုန်း ဗိုဒီယိုကြည့်ချင် သွားကြည့်ကြ၊ လည်ချင်လည်းကြ၊ မနက်ဖြန် ရွာကလှည်းလာကြိုမှ ပြန်ကြမယ်"

စာမေးပွဲပြီးသည့်နေ့တွင် ဆရာတော်ကြီးက လွတ်လပ်ခွင့်ပေးသည်။ ကျောင်းသားများအားလုံး ပျော်ရွှင်သွားကြသည်။

ကျောင်းသားများတည်းခိုရာ နဂါးရုံကျောင်းအနီးမှ ဗီဒီယိုရုံသို့ သွားကြည့်ကြသည်။ ကျော်ဟိန်းပါသည့် ရှုမဝဇာတ်ကားဖြစ်သည်။ ရှုမဝကားမိုက်ချက်ကတော့ကမ်းကုန်ဇာတ်ကားကို နာမည်ပြောင်းထားခြင်း ဖြစ်သည်။

ကျောင်းသို့ ပြန်ရောက်သည့်အခါ ကျော်ဟိန်းကားကြည့်၍ ကျောင်းသားအချင်းချင်း ပြန်လည်ပြောဆိုကြသည်။ ဝေဖန်ကြသည်။

"ကျော်ဟိန်းက မိုက်တယ်ကွာ"

"ဘယ်က မိုက်ရမှာလဲကွ။ မိုက်ရိုင်းတာ . . မိုက်ရိုင်းတာ"

"ဘာဖြစ်လို့ မိုက်ရိုင်းတာလဲ မောင်စိုးရ။ သရုပ်ဆောင်တာ ကောင်းကကောင်းနဲ့"

"မင်းတို့ စဉ်းစားကြည့်ပါလား။ ကျော်ဟိန်းက သူ့အဖေ ရက်လည်မှာ ဘုန်းကြီးကျောင်းလှူလိုက်တဲ့ကန်တော့ပွဲတွေ ပြန်ယူလာ၊ သူ့တို့ ညီအစ်ကိုတစ်တွေကအမေကို စိတ်ညစ်အောင်လုပ်ကြ၊ စိတ်ဆင်းရဲအောင်လုပ်ကြနဲ့ပြီးတော့ အရက်သောက်၊ ဖဲရိုက်၊ရန်ဖြစ်နဲ့ကွာ . .

www.burmeseclassic.com

www.burmeseclassic.com


ဘုရား . . ဘုရားမှန်းမသိ၊ တရား . . တရားမှန်းမသိ၊ သံဃာ. . သံဃာမှန်းမသိနဲ့မကောင်းမှုတွေပဲ လုပ်ပြီးပြနေတာ။ အဲဒါ မိုက်ရိုင်းတာ ပေါ့ကွ"

"အေး . . ဟုတ်တယ်နော်"

မောင်စိုးနှင့်ကျောင်းသားများအပြန်အလှန်ဝေဖန်နေကြသည်ကို ဆရာတော်ကြီးအားလုံးကြားရသည်။ ဆရာတော်ကြီးက သူ့တပည့် မောင်စိုး၏စကားများကိုကြားရ၍ ကြိတ်၍ပြုံးမိသည်။ ဝမ်းသာမိသည်။

မောင်စိုးသည် ကောင်းမှုနှင့်မကောင်းမှုကိုခွဲခြားသိလာသည်။ အမှန်တရားကို ခွဲခြားနားလည်လာသည်။ သာသနာ၏ အဆုံးအမကို ခံယူတတ်ပြီဖြစ်သည်။

မောင်စိုး၏အတွေးအခေါ်ကို ဆရာတော်ကြီးက သဘောကျသည်။

မောင်စိုးကား သာသနာကို ချစ်မြတ်နိုးသူဖြစ်လာပြီ . . ။

မောင်စိုး၏ အတွေးသစ်အမြင်သစ်များကို ဆရာတော်ကြီးက ပီတိဖြစ်၍ နေလေတော့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com


# ပန်းတို့၏ဒိုင်ယာရီ

ဗဂျမ်း၏ အဘွား နေမကောင်းဖြစ်နေသည် . . . ။

ဖခင်နှင့်မိခင်တို့ နှစ်ဦးစလုံး အလုပ်ရှုပ်နေသည်။ ဆရာဝန်ခေါ်ကြရသည်။ ဆရာဝန်ရောက်လာသည့်အခါ လူနာကို နားကြပ်ဖြင့် စမ်းသပ်သည်။ ရောဂါအခြေအနေကို မေးသည်။ ဆရာဝန်က တောင်းသည့်ဆေးကို ဦးလှမောင်က ပေးသည်။ ဦးလှမောင်က ဆေးဆိုင်ဖွင့်ထားသဖြင့် ဆရာဝန်လိုအပ်သည့် ဆေးများအားလုံးကို ဝယ်ရန်မလို။ အလွယ်တကူပေးနိုင်သည်။ လူနာ၏ရောဂါအခြေအနေအရ ဆရာဝန်ကအားဆေးသွင်းသည်။ နံရံတွင် ချိတ်ဆွဲထားသည့် အားဆေးပုလင်းမှ ဆေးများသည် ပိုက်အတွင်းမှ တစ်စက်ချင်း ကျနေသည်။ လူနာ၏ လက်ဖျံကြောအတွင်းသို့ အပ်မှတစ်ဆင့် ရောက်ရှိနေသည်။

ဗဂျမ်းက သူ့အဘွားဘေးတွင်ထိုင်နေသည်။

ဆရာဝန်နှင့်ဖခင်တို့စကားပြောသည်ကိုဂရုစိုက်၍နားထောင်

www.burmeseclassic.com

www.burmeseclassic.com


နေသည်။ ဆရာဝန်ဆေးထိုးဆေးသွင်းနေသည်ကို သေချာစွာကြည့်နေသည်။ ဆေးပုလင်းမှ ဆေးစက်များ ကျနေသည်ကိုကြည့်လိုက်၊ သူ့အဘွားမျက်နှာကို ကြည့်လိုက်လုပ်နေသည်။

"သား . . ဘွားဘွား အနားမှာ မဆော့နဲ့နော်"

"ဟုတ်ကဲ့ ဖေဖေ"

ဦးလှမောင် အခန်းပြင်သို့ ခဏထွက်သွားသည်။ ဆရာဝန်ဦးတင်လည်း စကားပြောရန် အဖော်မရှိသဖြင့် ဗဂျမ်းနှင့်စကားပြောသည်။

"သားလေးနာမည် ဘယ်လိုခေါ်လဲကွ"

"ဗဂျမ်းလို့ ခေါ်ပါတယ်"

ဆရာဝန်ဦးတင်နှင့် ဗဂျမ်းစကားပြောလျှက်ရှိသည်။

ဗဂျမ်းမှာ ဆော့လျှင်၊ စကားပြောလျှင် ဆရာဝန်က ဆေးထိုးတတ်သည်ဟု ပြောထားသဖြင့် ငြိမ်နေသည်။ဆရာဝန်က စကားစပြောသည့်အခါ ဗဂျမ်းက ပြန်ဖြေသည်။ ဆရာဝန်နှင့် စကားသုံးလေးခွန်းခန့်ပြောပြီးသည့်အခါတွင် ဗဂျမ်းက စ၍ စကားပြောသည်။

"ဦးဦး . . . ဦးဦးဆရာဝန်"

"ဟေ . . ဘာလဲကွ . . မောင်ဗဂျမ်း"

"ဘွားဘွားကို အဲဒီဆေးပုလင်းကြီးတွေ ချိတ်ပြီး ဘာလုပ်ပေးထာလဲ . . ဟင်"

"မင်းဘွားဘွား . . နေကောင်းသွားအောင် အဲဒီဆေးသွင်းပေးရတာကွ"

"ဘွားဘွားက ဘယ်လိုနေမကောင်းတာလဲ . . . ဦးဦး"

"ဟိုမှာ မင်းဘွားဘွားကို သေချာကြည့် အသားတွေ၊ မျက်လုံးတွေဝါနေတာ တွေ့လား"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ . . ဦးဦး "

"အဲဒါ အသားဝါရောဂါဖြစ်နေတာ"

"အသားဝါရောဂါဆိုတာ ဘာလဲဟင် . . . ဦးဦး"

"အသားဝါရောဂါဆိုတာ အသားတွေဝါတာ၊ ဆီးတွေဝါတာကို ပြောတာကွ၊ နောက်ပြီး ဗိုက်ထဲမှာရှိနေတဲ့ အသည်းလဲ ယောင်နေတယ် မောင်ဗဂျမ်း"

"ဟို . . . ဆေးပုလင်းကြီးထဲက ဆေးတွေသွင်းပေးရင် ပျောက် လား . . . ဦးဦး"

"ပျောက်တာပေါ့ကွ"

ဦးတင်မှာ ဆရာဝန်လူပျိုကြီးဖြစ်သည်။ သားသမီးမရှိသဖြင့် ကလေးများကို ချစ်သည်။ ကလေးများနှင့် စိတ်ရှည်လက်ရှည် စကား ပြောတတ်သည်။ ဆေးသွင်းထားစဉ် ဗဂျမ်းနှင့် စကားပြောရင်း ဗဂျမ်း ၏အမေးများကို စိတ်ရှည်လက်ရှည် ပြန်ဖြေသည်။

ဆရာဝန်ဦးတင်နှင့်ဗဂျမ်းစကားပြောနေစဉ်ဦးလှမောင်ရောက် လာသည်။လက်တစ်ဖက်တစ်ချက်ဆီမှပါလာသည့် ရေနွေးအိုးနှင့် လက် ဖက်သုပ်ကို ချပေးရင်း . .

"ဆရာတော့ သားအကြောင်းမသိလို့ စကားသွားစနေပြန်ပြီ"

"မောင်ဗဂျမ်းက ဘာဖြစ်လို့လဲ ကိုလှမောင်ရဲ့ . . "

ဆရာဝန်ဦးတင် စကားမဆုံးမီ ဒေါ်သန်းကြည်ရောက်လာ သည်။

"သား . . . ထမင်းစားရအောင်"

ဗဂျမ်းက သူ့အမေနှင့် လိုက်သွားတော့မှ ဦးလှမောင်ဆက်၍ စကားပြောသည်။

"သားက သိပ်စကားတတ်တာ ဆရာရဲ့။ ပေါက်ပေါက်ရှာရှာ

www.burmeseclassic.com

www.burmeseclassic.com


ပြောတတ်၊ မေးတတ်တယ်ဆရာ . . ဟိုတစ်နေ့က သူ့အမေက သူ့သားသမီးတွေကို သားသားကြီးရင် ဘာလုပ်မယ်၊ မီးမီးကြီးရင်ဘာလုပ်မလဲ မေးတော့ သားကြီးက ရှေ့နေလုပ်မယ်။ သမီးငယ်က ဆရာမလုပ်မယ်လို့ပြောတယ်ဆရာရဲ့။ သူ့အမေက သူ့သားနဲ့သမီးပြောတာ ကို သဘောကျလို့ပေါ့ ဆရာရယ်။ အဲ. . သူ့သား မောင်ဗဂျမ်းအလှည့် လဲရောက်ရော သစ်ပင်ဆရာဝန်လုပ်မယ်ဆိုလို့ တော်တော်စိတ်ညစ်သွားတယ်ဆရာရေ့ . . "

"မောင်ဗဂျမ်းပြောတဲ့စကားကို ကျွန်တော်တောင် အံ့သြသွားတယ် ကိုလှမောင် . . . ဒါပေမယ့် မောင်ဗဂျမ်းက လူတော်ဗျ။သူသိချင်တာကို သိအောင်မေးတယ်။ လူကြီးတွေက စိတ်ရှည်ရှည်နဲ့ ဖြေဖို့လိုတယ် ကိုလှမောင်။ ကလေးစိတ်မညစ်သွားအောင်ပေါ့။ မောင်ဗဂျမ်းဟာ တစ်နေ့နေ့တော့ထူးတူးချွန်ချွန်ဖြစ်လာလိမ့်မယ်လို့ကျွန်တော် ထင်တယ်။ခင်ဗျားတို့စနစ်တကျနဲ့သူ့ဝါသနာပါရာကို မြေတောင်မြှောက်ပေးဖို့တော့ လိုတာပေါ့ဗျာ"

ဆရာဝန်ဦးတင်နှင့် ဦးလှမောင် ရေနွေးသောက်ရင်း ဗဂျမ်းအကြောင်းပြောသည်။ ဆေးသွင်းထားသည့်ဆေးများ ကုန်ပြီဖြစ်သဖြင့် လူနာထံသို့ ဆရာဝန်ဦးတင်ကသွားသည်။ ဆေးထိုးအပ်ကို ဖြုတ်သည် သူ့ပစ္စည်းများကို သိမ်းသည်။

ဆရာဝန်ပေးသည့်ဆေးများကိုဦးလှမောင် သေချာမှတ်သည်။ သည့်နောက် ဆေးအိတ်ကိုဆွဲလျက် ဆရာဝန်အား လိုက်ပို့ပေးသည်။

* * * * *

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသကဲ့သို့ ဦးလှမောင်၏ အိမ်ဝင်းအတွင်းသို့မြစ်ရေများမဝင်စဖူးသည်နှစ်ဝင်သည်။မြစ်ရေတိုးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com


ခြံဝင်းအတွင်း၌ သုံးလေးရက်ခန့် ရေဖွေးသွားသည်။ မကြာမီ မြစ်ရေ ပြန်ကျသွားသည်။

မြစ်ရေကျပြန်သဖြင့်ခြံမြေများသည်စိုဖန့်ဖန့်ဖြစ်နေသည်။ရေကျချိန်တွင် မြေစိုနေသဖြင့်ကလေးများအောက်သို့ ဆင်းမဆော့ စေရန် သတိထား ကြည့်နေရသည်။

ခြံမြေများလည်း ခြောက်စပြုပြီ . . ။

ဝါတွင်းကာလဖြစ်သဖြင့်ဥပုသ်နေ့တွင် ဦးလှမောင်တို့မိသားစု ဥပုဉ်စောင့် သွားကြမည်။ မိသားစုအားလုံး ဘုန်းတော်ကြီးကျောင်းသို့ သွားရန်ပြင်ဆင်နေသည်။ မောင်နှမသုံးယောက်အနက် ဗဂျမ်း ပျောက် နေသည်။ မိခင်ဖြစ်သူက သမီးငယ်ကို ဗဂျမ်းအား ရှာခိုင်းသည်။ ဗဂျမ်း ကို အော်ခေါ်သည်။

"ဗျာ . . . "

ဗဂျမ်း၏ ထူးသံကြားရသည်။ ညီမဖြစ်သူက ဗဂျမ်းရှိရာသို့ သွားသည်။ဗဂျမ်းက အိမ်ခေါင်းရင်း သဘော်ပင်ရှေ့တွင်ထိုင်နေသည်။ သဘော်ပင်ကြီးကို သေချာစွာ စူးစိုက်ကြည့်နေသည်။

"ကိုလတ်အမေ ခေါ်နေတယ် . . . ဘုန်းကြီးကျောင်းသွားရအောင်တဲ့ . . . "

ဗဂျမ်းထ၍လိုက်သွားသည်။ သူ့မိခင်ဆီသို့ ရောက်သည့်အခါ . . .

"မေမေ . . . သားအိမ်မှာ နေရစ်ခဲ့မယ်။ ဘွားဘွားနဲ့အိမ်မှာ နေရစ်မယ်နော်"

"အိမ်မှာနေရင် ဘွားဘွားစကားကို နားထောင်နော်သား"

"ဟုတ်ကဲ့ပါ မေမေ"

မသန်းကြည်တို့ လင်မယား၊ သားငယ်သမီးငယ်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


စီကိုလက်ဆွဲ၍ ဘုန်းကြီးကျောင်းသို့ သွားကြသည်။ မိခင်နှင့်ဖခင်တို့ အိမ်မှထွက်သွားသည့်အခါ ဗဂျမ်းနှင့်သူ့အဘွား ကျန်ခဲ့သည်။

ဗဂျမ်းက အိမ်ခေါင်းရင်းရှိ သဘော်ပင်ကြီးကို နောက်တစ်ခါ သွားကြည့်ပြန်သည်။သဘော်ပင်မှာ အသီးများရှိသော်လည်းအရွက်များ က ဝါနေသည်။ ဗဂျမ်းမှာ သဘော်ပင်ကြီးကိုကြည့်၍ စိတ်မကောင်း ဖြစ်နေသည်။ သဘော်ပင်ကြီးကို မတ်တတ်ရပ်၍ ကြည့်နေရာမှ ထိုင် လိုက်သည်။ မကြာမီ သဘော်ပင်ကြီးအနီးမှ ထသွားသည်။

အိမ်ထံရှိ အဘွားဖြစ်သူထံသို့သွားသည်။ သူ့အဘွားကို သေ သေချာချာကြည့်သည်။ မျက်လုံးများကို ဗဂျမ်းသေချာကြည့်သည်။ သူ့အဘွားကိုကြည့်ရင်း ဗဂျမ်းပြုံးသည်။ ထို့နောက် . . .

"အဘွားနေကောင်းသွားပြီနော် . . ."

"နေကောင်းတာ ကြာပြီပဲ မြေးရဲ့ . . ."

"ဆီးရောဂါသေးဘား အဘွားရဲ့ . . ."

"မြေးလေးကလဲ ပေါက်ပေါက်ရှာရှာကွယ်"

"မြေး သိချင်လို့ပါ အဘွားရဲ့"

"မဝါတော့ပါဘူး မြေးရယ် . . ."

"ဒါဆို အဘွားနေကောင်းသွားပြီ"

ပြောပြောဆိုဆိုနှင့် ဗဂျမ်း သူ့အဘွားအနီးမှ ထွက်သွားသည်။ ဆေးဗီရိုကိုဖွင့်သည်။ အဘွားဖြစ်သူ မကျန်းမာစဉ်က သုံးသည့်ဆေး ပုလင်းပုံစံတူကို ရှာသည်။ လိုအပ်သည့်ဆေးပုလင်းကို တွေ့သည့်အခါ ဗဂျမ်းဝမ်းသာသွားသည်။ဆေးပုလင်းနှင့် ဆေးပိုက်ကိုယူလျက် သဘော် ပင်ရှိရာသို့ သွားသည်။ သဘော်ပင်အနီးတွင် ဆေးပုလင်းနှင့်ဆေးပိုက် ကိုချလျက် စိုက်၍ကြည့်နေသည်။

ရုတ်တရက် ထိုင်ရာမှ ထသည်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်ပေါ်သို့ အပြေးတက်သွားသည်။ အိမ်ပေါ်မှ ဆင်းလာသည့်အခါ လက်ထဲတွင် သံချောင်းနှင့်တူပါလာသည်။ သဘော်ပင်ကို သံနှင့်ရိုက်သည်။ သံချောင်းကို ဆွဲ၍နုတ်သည်။ သံရိုက်သည့်နေရာတွင် အပေါက်ကျန်ရစ်သည်။

သဘော်ပင်အနီးရှိ သစ်သားဝင်းထရံကို သံရိုက်ပြန်သည်။

ထို့နောက် ဆေးပုလင်းကိုချိတ်သည်။

ဆေးပိုက်ကို ပုလင်းတပ်သည်။ ဆေးပိုက်တွင်ပါရှိသည့်အပ်ကို သဘော်ပင်တွင် ဖောက်ထားသည့်အပေါက်ထဲသို့ ထည့်သည်။ ဆေးကျစေရန်ထိန်းချုပ်သည့် ဘီးကို ရှေ့နောက်တွန်းကြည့်သည်။ ဆေးစက်ကလေးများ တစ်စက်ချင်းကျလာသည်။

ဗဂျမ်း ဝမ်းသာသွားသည်။

ဆေးစက်များ သဘော်ပင်အတွင်းသို့ ကျနေသည်ကို မောင်ဗဂျမ်းထိုင်ကာ ကြည့်နေသည်။

ကလေးတွေးဖြင့် စဉ်းစားလုပ်ဆောင်သည်။ သူ၏လုပ်ရပ်ကို သူကိုယ်တိုင် ဝမ်းသာကြည်နူးနေသည်။

သူ၏အဘွား မကျန်းမာစဉ်က ဆရာဝန်ဦးတင် ဆောင်ရွက်သကဲ့သို့ လုပ်ပေးသည်။ ဆရာဝန်၏ ဆေးကုသမှုကြောင့် သူ့အဘွား ကျန်းမာလာသည်။ သူ၏ဆောင်ရွက်ချက်ကြောင့်လည်းကောင်း ဆေးကုသမှုကြောင့်လည်းကောင်းမကြာမီသဘော်ပင်ကြီးပြန်လည်သန်စွမ်းလာမည်။

အရွက်များ ပြန်လည်စိမ်းစိုနေမည်ဟု ယုံကြည်ထားသူမှာ ဗဂျမ်းပင်ဖြစ်သည်။ တွေးရင်း တွေးရင်း ဝမ်းသာကြည်နူးမိသည်။

တစ်နာရီခန့်အကြာတွင် ဆေးများကုန်သွားသည်။

ဆေးအပ်နှင့် ဆေးပုလင်းကို ဗဂျမ်း သေချာစွာဖြုတ်သည်။မီး

www.burmeseclassic.com

www.burmeseclassic.com


ဖိုချောင်ထောင့် တစ်နေရာတွင်သွား၍ ဝှက်ထားလိုက်သည်။

* * * * *

"သား . . ဗဂျမ်း . . ဒီမှာထိုင်ပြီး ဘာလုပ်နေတာလဲ"

ဗဂျမ်းတစ်ယောက် သင်္ဘောပင်ရှေ့တွင်ထိုင်၍ တရှုတ်ရှုတ်ငို နေသည်။ သင်္ဘောပင်ကြီးမှာလည်း အရွက်များဝါနေရာမှ ခြောက်သွေ့ နေသည်။

"သား. . . ဘာလုပ်နေတာလဲ . . . ဟင်. . . သားငိုနေတယ်။ မင်းအမေက ရိုက်လို့လား. . . သားရဲ့။ မငိုပါနဲ့သားရယ် . . သားကလဲ ဆေးပုလင်းကို ယူဆော့တာကိုး"

ဗဂျမ်းက သူ့အဖေပြောစကား မဆုံးမီ . . .

"မေမေရိုက်တာ မနာပါဘူး ဖေဖေ။ သားကဒီသင်္ဘောပင်ကြီး သေသွားတာကို ဝမ်းနည်းလို့ပါ။ အဘွားကို ဆရာဝန်က ဆေးကုပေး တော့ အဘွားမသေဘူး။ သား ဆေးကုပေးတဲ့ သင်္ဘောပင်ကြီးကျတော့ . . . ဟီး . . . . အီး"

ဗဂျမ်းက ပြောရင်းဆိုရင်း ငိုသည်။

"မငိုပါနဲ့သားရယ်. . . သား ဒီသင်္ဘောပင်ကို ဘယ်လိုဆေးကု ကု ရှင်မှာ မဟုတ်တော့ဘူးသားရဲ့။ သားကုပေးတဲ့ဆေးက အနာနဲ့ဆေး မှ မတည့်ပဲကိုးသားရဲ့ . . . "

"ဗျာ . . . "

"မဗျာနဲ့ သား။ သားသုံးတဲ့ ဆေးပုလင်းက လူတွေကိုကုပေး တဲ့ဆေးသားရဲ့ . . . သစ်ပင်တွေ ကုလို့မရဘူး။ နောက်ပြီး သားဆေးကု ပေးတဲ့ သင်္ဘောပင်ကြီးက မင်းအဘွားလို အသားဝါဖြစ်တာ မဟုတ်ဘူး သားရဲ့ . . မြစ်ရေဝင်တော့ အပင်ခြေမှာ ရေကြာကြာဝပ်လို့ အမြစ်

www.burmeseclassic.com

www.burmeseclassic.com


ပုပ်ပြီး အရွက်တွေဝါပြီးသေတာ သားရဲ့. . . သားဆေးကုပေးလို့ သေတာမဟုတ်ပါဘူး သားရယ် . . . ”

“သား ဆေးကုပေးလို့ သေတာမဟုတ်ဘူးနော်. . . ဖေဖေ”

“နောက် . . . ဆေးပုလင်းတွေကို ယူမကိုင်နဲ့နော်။ သားသစ်အပင်တွေကို ဆေးကုတတ်အောင် သားရဲ့လေးလေးအောင်ဆီကိုပို့ပေးမယ်။ ဟိုကျတော့မှ မင်းလေးလေးအောင်ကိုမေး”

“ဖေဖေ. . . ဖေဖေ. . . လေးလေးအောင်ဆီဘယ်တော့လိုက်ပို့ပေးမှာလဲ . . . ”

“ကျောင်းပိတ်တဲ့ရက်တွေကျတော့ပေါ့ သားရယ်”

ဗဂျမ်း ဝမ်းသာသွားသည်။ ဖခင်လက်ကိုဆွဲလျက် အိမ်ပေါ်သို့တက်ခဲ့သည်။

* * * * *

“လေးလေးအောင်. . . သစ်ပင်တွေက လူတွေလိုထမင်းမစားဘဲနဲ့ ဘာလို့ အသက်ရှင်နေတာလဲ . . . ဟင်”

“သစ်ပင်ဆိုတာ ထမင်းစားမှ အသက်ရှင်တာမဟုတ်ဘူး ဗဂျမ်းရဲ့ . . . ”

ဗဂျမ်း သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် သူ့ဦးလေးထံသို့ရောက်နေသည်။ ဗဂျမ်းက သူ့ဦးလေးကို သူ့အတွေးဖြင့် မေးခွန်းများမေးသည်။ ဦးလေးဖြစ်သူကလည်း စိတ်ရှည်လက်ရှည်ဖြေသည်။ ပြောသည်။ ဗဂျမ်းကလေး မေးခွန်းများကို တစ်ခုပြီးတစ်ခု မေးသည်။

“ဒါဖြင့် ဘယ်လိုလုပ်ပြီး အသက်ရှင်တာလဲ လေးလေးအောင်”

“သစ်ပင်တွေက အာဟာရတို့၊ ရေတို့၊ လေတို့၊ အလင်းရောင်တို့ ရရင်အသက်ရှင်ပြီး သန်မာကြတယ်။ ကြီးထွားကြတယ် ဗဂျမ်းရဲ့”

www.burmeseclassic.com

www.burmeseclassic.com


"အာဟာရဆိုတာဘာလဲ . . . လေးလေးအောင်"

"အာဟာရဆိုတာ သစ်ပင်တွေအတွက် လိုအပ်တဲ့ဓာတ်တွေကို ပြောတာ။ နိုက်တြိုဂျင်တို့၊ မီးစုန်းဓာတ်တို့၊ ဖော့စဖရပ်တို့ပေါ့ကွာ။ သားကြီးလာရင် အဲဒီအကြောင်း သင်ရမှာပေါ့ကွာ . . . ဗဂျမ်းရ"

ဗဂျမ်းနှင့် သူ့ဦးလေး စကားတပြောပြောနှင့် နှင်းဆီခြံထဲသို့ ရောက်လာသည်။ နှင်းဆီပွင့်ကလေးများကို အရောင်အသွေးစုံလင်စွာ ဖြင့် မြင်တွေ့နေရသည်။

"ဗဂျမ်း"

"ဗျာ. . ."

"ဟောဒီက နှင်းဆီပင်တွေကို အကိုင်းဖြတ်ပြီး စိုက်ထား တာကွ။ဗဂျမ်း. . ဟိုရှေ့မှာ နှင်းဆီအဖူးကူးနေတာသွားကြည့်ရအောင်"

နှင်းဆီခြံအတွင်းရှိ အလုပ်သမားတစ်ဦး နှင်းဆီအဖူးကူးနေ သည်။ ဗဂျမ်းတစ်ယောက် သေချာစွာကြည့်သည်။ လေ့လာသည်။ မေး သည်။

"လေးလေးအောင်. . . အဲဒီအဖူးလေးတွေကို ဘာလို့ကူးတာ လဲဟင်"

"ဒီမှာ သေချာကြည့်. . . ဟောဒါလေးကို မျက်စိဖူးလို့ခေါ် တယ်။ အဲဒီမျက်စိဖူးကလေးတွေကနေ ကိုင်းတွေထွက်လာတယ်။ အဲဒီ တော့မျိုးကောင်းတဲ့ နှင်းဆီပွင့်မျိုးတွေ ရတာပေါ့ကွာ။ တစ်ပင်ထဲမှာ နှင်းဆီအပွင့် အရောင်မျိုးစုံကူးလို့ရတယ်။

သူ့ဦးလေးအပြောကို ဗဂျမ်း စိတ်ဝင်စားသည်။

"မျိုးတူတဲ့သစ်ပင်တွေကိုလဲ ကိုင်းကူးကိုင်းဆက်လုပ်ပြီးမျိုးကူး လို့ရတယ် . . . ဗဂျမ်း"

"ဘယ်လိုမျိုးတူသစ်ပင်လဲ . . . လေးလေးအောင်"

www.burmeseclassic.com

www.burmeseclassic.com


"သရက်ပင် . . . သရက်ပင်ချင်း၊ ဆီးပင် . . . ဆီးပင်ချင်းပေါ့ ကွာ။ ရှောက်တို့ . . . သံပုရာတို့ကျတော့ မတူပေမယ့် ကူးလို့ရတယ်"

"ဒါဆို့ . . ထန်းပင်နဲ့အုန်းပင်ကို ကိုင်းကူးသလိုကူးပြီးစိုက်လို့ ရလား လေးလေးအောင်"

"ဟာ . . . ဒါတော့ မရဘူးကွ"

ဗဂျမ်း၏ရှာရှာဖွေဖွေ မေးခွန်းများ၊ အတွေးအခေါ်များသည် တစ်ခါတစ်ခါ လူကြီးများပင် မတွေးတတ်၊ မမေးတတ်။

ဗဂျမ်းသည် သစ်ပင်နှင့်ပတ်သက်လာလျှင် သေချာလေ့လာ သည်။လက်တွေ့လုပ်ကြည့်သည်။နားလည်အောင်မေးသည်။ သိအောင် ကြိုးစားသည်။

စနစ်တကျ သင်ကြားပေးသည့် သူ့ဦးလေးနှင့် ဗဂျမ်း ဟန်ကျ နေသည်။ကျောင်းပိတ်ရက်အတွင်းဗဂျမ်း နှင်းဆီစိုက်ပျိုးရေးကိုလေ့လာ သည်။

ဗဂျမ်းတစ်ယောက် ကိုယ်တိုင်နှင်းဆီစိုက်ပျိုးနည်း၊ ကိုင်းကူး နည်း၊ အဖူးကူးနည်းများ တတ်မြောက်ခဲ့သည်။

အိမ်သို့ရောက်လျှင် အဖေနှင့်အမေတို့ကို ကြွားရဦးမည်။

အစ်ကိုကြီးနှင့်ညီမလေးတို့ကို ပြောရဦးမည်။

သူကိုယ်တိုင် နှင်းဆီပင်များကို စိုက်ပျိုးရမည်ဟု တွေးလျက် ပျော်ရွှင်နေသည်။ ဝမ်းသာနေသည်။

အိမ်သို့ပြန်လျှင် နှင်းဆီမျိုးရဖို့ စိုက်ဖို့ စဉ်းစားနေသည်။ ကြည် နူးစရာကောင်းသော အပြုံးဖြင့်ပြုံးနေသည်။

ကျောင်းများဖွင့်တော့မည်ဖြစ်သဖြင့် ဗဂျမ်းကို သူ့အဖေလာ ခေါ်သည်။နှင်းဆီခြံလေ့လာရေးခရီးမှဗဂျမ်းအိမ်သို့ပြန်၍ရောက်သည်။

အိမ်သို့ရောက်သည့်အခါ နှင်းဆီစိုက်ပျိုးရေးကို လက်တွေ့

www.burmeseclassic.com

www.burmeseclassic.com


အသုံးချရန် ဗဂျမ်းကြိုးစားသည်။

* * * * *

ပြည်ထောင်စုနေ့ ကျင်းပရာ မြောင်မြို့မဘောလုံးကွင်းကြီး အတွင်းဝယ် ပရိသတ်များဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

ပြခန်းအသီးသီးမှ အသံချဲ့စက်များဖြင့် ဆူညံနေသည်။

တစ်မြို့နယ်လုံးမှ မြို့သူမြို့သားများ၊ ကျေးရွာသူကျေးရွာသား များ၊ ကျောင်းသူကျောင်းသားများ၊ ပြည်ထောင်စုနေ့ပြပွဲပြိုင်ပွဲများသို့ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ပရိသတ်များအားလုံး ဆောင်းနံနက်ခင်းအအေးဓာတ်နှင့်အတူ ရွှင်လန်းတတ်ကြွနေသည်။

သစ်သီးဝလံနှင့် ပန်းမာလ်ပြိုင်ပွဲ၊ ပြိုင်ပွဲခန်းမဘက်ဆီမှ ကြေ ညာသံက ပြည်ထောင်စုနေ့ကျင်းပရာ ကွင်းတစ်ခုလုံးကို လွှမ်းမိုးထား သည်။

"ပြည်ထောင်စုနေ့ အထိမ်းအမှတ် သစ်သီးဝလံနဲ့ ပန်းမာလ် ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားစတင်တော့မှာဖြစ်တဲ့အတွက်ပရိသတ်များ နေရာယူကြပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား"

ပြပွဲပြိုင်ပွဲ ကော်မတီက အခမ်းအနားမှူး၏ကြေညာသံနှင့် အတူ ပရိသတ်များ အသီးသီးနေရာယူကြသည်။

အခမ်းအနားမှူးက ကြေညာပြီးနောက် ပရိသတ်များ၏ ရှေ့ ဆုံးတန်းမှ နေရာယူထားသူမှာ ဗဂျမ်းတို့မိသားစုဖြစ်သည်။ ဗဂျမ်းမှာ အလွန်ပျော်နေပုံရသည်။

အခမ်းအနားမှူးက ထပ်မံကြေညာသည်။

"သစ်သီးဝလံနဲ့ ပန်းမာလ်ပြိုင်ပွဲမှာ ဆုရရှိသူများကို ကြေညာ

www.burmeseclassic.com

www.burmeseclassic.com


ပါမယ်ဗျာ၊သစ်သီးဝလံပြိုင်ပွဲမှာ မြကုန်းကျေးရွာက ဦးထွန်းမြတ်ကသူ့ခြံထွက်ဘူးသီးနဲ့ ပထမဆုကို ရရှိပါတယ် ခင်ဗျား”

အခမ်းအနားမှူးက သစ်သီးဝလံပြိုင်ပွဲဆုရရှိသူများကို စတင်ကြေညာလိုက်သည်။ ထို့နောက် ပန်းမာလ်ပြိုင်ပွဲဆုရရှိသူများကို ထပ်မံကြေညာသည် ။

“ပန်းမာလ်ပြိုင်ပွဲမှာ ပဒေသာနှင်းဆီအမည်နဲ့ပြိုင်ပွဲဝင်ထားတဲ့ မြို့လယ်ရပ်မှ အဖဦးလှမောင်ရဲ့သား မောင်ဗဂျမ်းက ပထမဆုနဲ့အထူးဆုကြီးကို ရရှိပါတယ်”

လက်ခုပ်သံများ ဆူညံသွားသည်။

ဆုများကို ဆက်လက်ကြေညာသည်။

ဆုပေးပွဲ အခမ်းအနားစပြီ။ သဘာပတိက အမှာစကားပြောသည်။

သဘာပတိက ဗဂျမ်းနှင့်ပတ်သက်၍ အမွှမ်းတင်စကားပြောသည်။

“သစ်သီးဝလံနဲ့ပန်းမာလ်ပြိုင်ပွဲမှာဆုရရှိကြသူများဟာအားလုံးကြိုးစားစိုက်ပျိုးထားကြလို့ ဆုရရှိကြတာဖြစ်ပါတယ်။ ဆုရရှိသူများအားလုံးအနက် အထူးကြိုးစားထားသူဟာ သတ္တမတန်းကျောင်းသား မောင်ဗဂျမ်းဖြစ်ပါတယ်။ မောင်ဗဂျမ်းဟာ နှင်းဆီပင်ဖြစ်လာဖို့ ဘုရားတင်တဲ့နှင်းဆီကိုင်းများမှ စတင်ခဲ့ရပါတယ်။စနစ်တကျသင်ယူလေ့လာပြီးစိုက်ပျိုးထားတဲ့ နှင်းဆီပင်ပေါင်းရာနဲ့ချီပြီး ရှိနေပါပြီ။ မိဘများရဲ့ ပံ့ပိုးကူညီမှုနဲ့ မောင်ဗဂျမ်းရဲ့ကြိုးစားမှုမှာ အရွယ်နဲ့မမျှအောင် တန်ဖိုးရှိလှပါတယ်ခင်ဗျာ။ အခုပြိုင်ပွဲမှာ ဆုရရှိတဲ့ ပဒေသာနှင်းဆီပင်မှာ အရောင်ခုနှစ်မျိုးပါရှိပါတယ်။ မျက်စိဖူးကူးပြီး စိုက်ပျိုးရတဲ့အချိန်ဟာတစ်နှစ်ခန့်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြိုင်ပွဲကော်မတီ

www.burmeseclassic.com

www.burmeseclassic.com


အနေနဲ့ ဆုကို ထပ်မံချီးမြှင့်လိုက်ပါတယ် ခင်ဗျား"

သဘာပတိ ပြောစကားများကို ပရိသတ်များ စိတ်ဝင်စားစွာ နားထောင်နေကြသည်။

မျက်လုံးများကလည်း ဗဂျမ်းတို့မိသားစုထံသို့ စုပြုံရောက်ရှိသည်။

ဗဂျမ်း၏မျက်လုံးများလည်းရွှန်းလက်တောက်ပစွာနှင့်ပြန်လည် နှုတ်ဆက်နေသယောင်ရှိသည်။

သဘာပတိ အမှာစကားပြောကြားပြီးနောက် ဆုများကိုပေးသည်။ အိမ်အပြန်လမ်းတွင် ဗဂျမ်းတစ်ယောက် ဆုများကိုပိုက်လျက် ဝမ်းသာကြည်နူးမဆုံး ဖြစ်နေလေတော့သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com

# ဘိုးဘွားတို့အမွေ

နဘက်ကျေးရွာ အ. ထ. က ကျောင်းအလံတိုင်ရှေ့တွင် ကျောင်းသားများ ညီညာစွာ တန်းစီလျက်ရှိသည်။ ဒသမတန်းကျောင်းသားမောင်မောင်၏ အမိန့်ပေးသံ၊ ကျောင်းသားကျောင်းသူများ၏ အလေးပြုဟန်၊ ညီညာပီပြင်သည့် နိုင်ငံတော်သီချင်းဆိုသံတို့ကား မိုးယံသို့ ပြန့်လွင့်သွား၏။ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားကြသည်။

သာယာဖွယ်ကောင်းသည် . . .။

ကြည်နူးဖွယ်ရှိသည် . . .။

အားမာန်အပြည့်ပါသည်။ကြားရသူတိုင်းအမျိုးသားဇာတိမာန်ကိုတက်ကြွစေသည်။

တွေ့မြင်ရသူတိုင်း မဂ်လာနံနက်ခင်းပင်။

နိုင်ငံတော်အလံနှင့် ဝါ၊စိမ်း၊နီ၊ပြာ ကြက်လျှာသဏ္ဍာန်အလံတို့ကား လေတွင် တလူလူတလွင့်လွင့်နှင့် ဝံ့ဝံ့ကြွားကြွားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


မောင်မောင်၏သက်သာအမိန့်ပေးသံနောက်တွင်ကျောင်းအုပ်ဆရာကြီးဦးသွင်မောင်၏ ဩဝါဒစကားသံတို့ကို ကြားရသည်။ရှေးဦးစွာ စည်းကမ်းအပိုင်းကို ပြောသည်။

အသင်းလိုက် လုပ်ငန်းများကို ရှင်းပြသည်။

ယနေ့ အဝါရောင်အသင်း၏လုပ်ဆောင်မှုအသီးသီးကို ပြောပြသည်။ လိုအပ်ချက်များကို ဆွေးနွေးသည်။ အသင်းခေါင်းဆောင်နှင့် ကျောင်းသားများ စည်းစည်းလုံးလုံးနေရန် ဆုံးမသည်။ ကျောင်းသားကျောင်းသူများ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နေရန်ပြောသည်။သန့်ရှင်းရေးပိုင်းကို ညွှန်ကြားသည်။

"ဆရာကြီး အခုနောက်ဆုံးပြောချင်တာက မိန်းကလေးတွေနဲ့ မဆိုင်ဘူး။ ယောကျ်ားလေးတွေနဲ့ပဲ ဆိုင်တယ်။တခြားမဟုတ်ဘူး။ တို့ရွာကျောင်းက ဒီနှစ်အိုးစည်ပြိုင်ပွဲဝင်မယ်"

"ဆရာကြီးအနေနဲ့ မှာချင်တာက တို့ကျောင်းရဲ့ဂုဏ်ကို ဆောင်နိုင်အောင် မင်းတို့အားလုံး ဝိုင်းဝန်းကူညီကြပါ။ ကြိုးစားကြပါ။ အခုအချိန်မှာ နိုင်ငံတော်က ကြီးမှူးတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေ ကျင်းပနေချိန်ဖို့ တပည့်တို့ရဲ့ ကြိုးစားမှုပေါ် မူတည်ပြီး အောင်ပွဲခံနိုင်မယ်ဆိုတာ သိထားကြပါ"

ထို့နောက် ဆရာကြီး ဦးသွင်မောင်နှင့် ဆရာဦးခင်အောင်တို့ စကားပြောနေသည်။ ဆရာကြီးဦးသွင်မောင် ဆက်ပြောမည့်စကားကို ကျောင်းသားများ နားထောင်နေသည်။

"အိုးစည်ပြိုင်ပွဲနဲ့ပတ်သက်လို့ဆရာဦးခင်အောင်ကဆက်ပြောလိမ့်မယ်။ သေသေချာချာနားထောင်ကြ"

"ဆရာကြီးပြောသလိုတို့ကျောင်းကအိုးစည်ပြိုင်ပွဲဝင်ဖို့အတွက် ပထမဆုံး လူရွေးရမယ်။ အိုးစည်တီးမယ့်သူ၊ လင်းကွင်းတီးမယ့်သူ၊

www.burmeseclassic.com

www.burmeseclassic.com


ပုလွေမှုတ်မယ့်သူ၊ဝါးလက်ခုပ်တီးမယ့်သူရယ်. . . အကသမားရယ်ဆိုရင် ငါးယောက်လိုမယ်”

“ကဲ . . . အိုးစည်တီးတတ်တဲ့သူ တစ်ယောက်ထွက်ပါ”

ဆရာဦးခင်အောင်က ကျောင်းသားများကို ပြောလိုက်သည်။

တစ်ယောက်မျှ ထွက်မလာ။ ကျောင်းသားအားလုံး ငြိမ်နေသည်။

“မရှက်ပါနဲ့ . . . မကြောက်ပါနဲ့. . . သတ္တိရှိရှိထွက်ခဲ့ပါ”

အဌမတန်းမှ ကျောင်းသားမောင်ငွေစိုး ထွက်လာသည်။ ကျောင်းသားများ လက်ခုပ်တီး၍ အားပေးကြသည်။ အော်ပစ်၍အားပေးကြသည်။

“ဖြောင်း . . . ဖြောင်း . . . ”

“ငွေစိုးကွ . . . ငွေစိုး”

ဆရာဦးခင်အောင်က မောင်ငွေစိုးကိုလှမ်းကြည့်သည်။အသားညိုညို၊ အရပ်က မနိမ့်မမြင့်၊ ကြံ့ခိုင်သန်မာသည့် သဘောရှိသည်။

“မောင်ငွေစိုးက ဘယ်မှာ အိုးစည်တီးခဲ့ဖူးသလဲ”

“ရွာဦးကျောင်းဘုရားပွဲမှာ အလှူပွဲတွေမှာပါ ဆရာ”

“အိုးစည်ဝိုင်းမှာ မင်းနဲ့အတူ တီးခဲ့တဲ့သူတွေရော ဒီကျောင်းမှာရှိလား”

“မရှိပါဘူး ဆရာ။ ရွာထဲက လူတွေနဲ့တီးတာပါ”

မောင်ငွေစိုးကို ဆရာဦးခင်အောင်က မေးစရာရှိသည်တို့ကို မေးသည်။

ထို့နောက် လင်းကွင်းသမား၊ ပုလွေသမား၊ ဝါးလက်ခုပ်သမားနှင့် ကမည့်သူတိုကို ထပ်၍ခေါ်သည်။ ကျောင်းသားများ တစ်ဦးချင်း ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


လင်းကွင်းက ဖိုးထောင်၊ ပလွေက ရန်ကျော်၊ ဝါးလက်ခုပ်က ဖိုးစီ။ အကအတွက် ညီညီနှင့် ပဲကျော်နှစ်ဦး ထွက်လာသည်။ ဆရာဦးခင်အောင်က ကျောင်းသားတစ်ဦးချင်း စိစစ်၏။ အကသမား နှစ်ယောက်ဖြစ်နေ၍ ထပ်မံစိစစ်ရမည်ဖြစ်၏။

ဆရာဦးခင်အောင် ကျောင်းသားတစ်ဦးချင်းစာရင်းမှတ်ထားသည်။

တကယ့် အိုးစည်ဝိုင်းနှင့် တီးမှုတ်ရွေးချယ်ရန် စီစဉ်သည်။

ကျောင်းသားများအား စနေနေ့နံနက်ကိုးနာရီတွင်ရွာဦးဘုန်းတော်ကြီးကျောင်း သို့လာရန် ချိန်းဆိုလိုက်သည်။ ထိုနေ့ နံနက်တန်းစီဖြုတ်သည်။ ကျောင်းသူကျောင်းသားများ စာသင်ခန်းအသီးသီးသို့ ဝင်ခဲ့ကြသည်။

* * * * *

စနေ့နေ့ နံနက် ကိုးနာရီ . . .။

ဆရာဦးခင်အောင်နှင့် ကျောင်းသားများအားလုံး ရွာဦးဘုန်းကြီးကျောင်းတွင် စုရုံးရောက်ရှိနေကြသည်။ ကျောင်းပေါ်သို့တက်၍ ရှေးဦးစွာ ဘုရားကိုကန်တော့သည်။ ထို့နောက် ကျောင်းထိုင်ဆရာတော်ကြီးအား ကန်တော့သည်။

ဆရာတော်ကြီး၏ဘွဲ့တော်မှာ ဦးပဏ္ဍိတဖြစ်သည်။သက်တော်ရှစ်ဆယ်ကျော်ပြီ။ အမြင်အာရုံကြည်လင်သည်။ အကြားအာရုံကောင်းသည်။ ခါးလည်းမကိုင်း၊ နားလည်းမထိုင်း။ သီလ၊သမာဓိ၊သိက္ခာနှင့်ပြည့်စုံသည်။ တစ်ရွာလုံးက ကြည်ညိုလေးစားကြရသည်။

ဆရာဦးခင်အောင်နှင့် ကျောင်းသားလေးများ ကန်တော့ပြီးသည့်အခါ ဆရာတော်ကြီးက စတင်၍ အမေးစကားဆိုတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒကာကြီးတို့ ဘာကိစ္စရှိလို့တုန်း"

"တင်ပ့ါဘုရား. . . တပည့်တော်တို့ဆရာတော်ကြီးကျောင်းက အိုးစည်ဝိုင်းတစ်စုံစာ ပစ္စည်းငှားချင်လို့ပါဘုရား"

"ဟေ. . . ဘယ်သူ့အလှူရှိလို့တုန်း. . . ဘုန်းကြီးလဲမသိရပါလား"

"မှန်လှပါဘုရား၊ တပည့်တော်တို့ အလှူအတွက်ငှားတာမဟုတ်ပါဘူးဘုရား၊ အိုးစည်ပြိုင်ပွဲအတွက် ငှားတာပါဘုရား"

ဆရာဦးခင်အောင်၏ လျှောက်ထားချက်ကြောင့် ဆရာတော်ကြီး အံ့သြသွားသည်။ မျက်နှာတော်မှာပို၍ကြည်လင်သွားသည်။ တစ်စုံတစ်ရာကို စဉ်းစားနေသည်။

"ဒကာတို့ကို အိုးစည်ဝိုင်း မငှားတော့ဘူး"

"ဘာဖြစ်လို့လဲ ဘုရား။ တပည့်တော်တို့ စနစ်တကျ စည်းနဲ့ ကမ်းနဲ့ ကိုင်ပ့ါမယ် ဘုရား . . . ."

"ဒကာ နားရှုပ်သွားတယ်နဲ့တူတယ်။ ဘုန်းကြီးက မငှားတော့ဘူးဆိုတာ အပိုင်ပေးချင်လို့ ပြောတာ"

ဆရာတော်ကြီးစကားကြားလိုက်သည့်အခါဆရာဦးခင်အောင်နှင့်တကွ ကျောင်းသားများအားလုံး ဝမ်းသာသွားကြသည်။

"ဒကာတို့ကိုအပိုင်ပေးချင်တာက အကြောင်းနှစ်ချက်ရှိတယ်။ နံပါတစ်အချက်က ဘုန်းကြီးကျောင်းနှင့် ဒီပစ္စည်းတွေ ဘာမှမပတ်သက်တာရယ်၊ နံပါတ်နှစ်အချက် ဟောဒီအိုးစည်ဝိုင်းပစ္စည်းတွေကို အမွေဆက်ခံမယ့်သူတွေ ပေါ်လာလို့ပဲ ဆိုပါတော့ ဒကာကြီး"

"မှန်လှပါဘုရား . . . အမိန့်ရှိတော်မူပါ"

"ဒီ အိုစည်ဝိုင်းပစ္စည်းတွေက နယ်နယ်ရရ မဟုတ်ဘူး။ ပြိုင်ပွဲဝင်ဆုရ အိုးစည်ကွဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်က ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com


တွေဆိုတော့ ဘိုးဘွားပိုင်ရှေးပစ္စည်းတွေပေါ့ကွယ် . . .။ ဘုန်းကြီးကျောင်းလာလှူထားလို့သာ လက်ခံထားရတာ အမွေဆက်ခံမယ့်သူတွေကို စွန့်ကြဲချင်နေတာကြာပြီ”

ဆရာတော်ကြီးကပြောပြောဆိုဆိုနှင့် ဦးပဥ္စင်းတစ်ပါးကို လှမ်းခေါ်သည်။ ထို့နောက် ကျက်သရေခန်းသော့ပေးသည်။ အခန်းတွင်းက အိုးစည်ပစ္စည်း အပြည့်အစုံကို ထုတ်ပေးခိုင်းသည်။ ကျောင်းဆရာ ဦးခင်အောင်နှင့် ကျောင်းသားကလေးများ ဦးပဥ္စင်းနောက်သို့ လိုက်သွားသည်။ ဦးပဥ္စင်းက အိုးစည်ဝိုင်း ပစ္စည်းများကို ထုတ်ပေးသည်။

အိုးစည်တွင်ပန်းပွားများ တပ်ဆင်ထားသည်။ မှန်စီရွှေချ ဖြစ်သည်။ သားရေက အသစ်လဲထားသည်။ လင်းကွင်းနှင့် ဝါးလက်ခုပ်တို့တွင် အိုးစည်ပန်းပွားနှင့်ဆင်တူ ပန်းပွားများ ပါရှိသည်။ ပုလွေက ကြေးပုလွေ။

ကျောင်းသားအားလုံး အိုးစည် ဝိုင်းပစ္စည်းများကို ကြည့်၍ပီတိဖြစ်ကြသည်။ ဝမ်းသာနေကြသည်။ ဆရာဦးခင်အောင်လည်း ကျောင်းသားများနည်းတူပင်။

ဆရာဦးခင်မောင်နှင့် ကျောင်းသားများ အိုးစည်ဝိုင်းပစ္စည်းများကို သယ်ဆောင်၍ ဆရာတော်ကြီး ရှေ့မှောက်သို့ သွားကြသည်။

“ဒကာတို့ အိုးစည်ဝိုင်းအဖွဲ့ကို သင်ပေးမယ့်လူရော ရှိရဲ့လား”

“စနစ်တကျ သင်ပေးမယ့်သူတော့ မရှိပါဘူး ဘုရား။ ဟောဒီ တပည့်တွေ တတ်ထားတဲ့ ပညာနဲ့ တပည့်တော် သိသမျှပေါင်းစပ်ပြီး သင်ပေးရမှာပါဘုရား”

“အဲဒီလိုသင်လို့မရဘူးလေ ဒကာရဲ့။ အနုပညာဆိုတာ စာသင်သလို သင်လို့မရဘူး။ နောက်ပြီး ဒကာတို့ အိုးစည်ဝိုင်းက အလှူပွဲ၊ ဘုရားပွဲမှာ တီးမှာ မဟုတ်ဘူး၊ ပြိုင်ပွဲဝင်ကြမှာ။ကျွမ်းကျင်တဲ့သူနဲ့ သင်မှပေါ့ . . . ”

www.burmeseclassic.com

www.burmeseclassic.com


"မှန်လှပါ . . ရွာမှာကလဲ ကျွမ်းကျွမ်းကျင်ကျင် တီးမှုတ်တတ်တဲ့သူရယ်လို့ မကြားမိဘူးဘုရား"

"ဒါဖြင့် ဒီလိုလုပ် . . ရွာတောင်ပိုင်းက ဦးတုတ်ဆီသွားကြ။ ဟောဒီ အိုးစည်ဝိုင်းနဲ့ ဆုရအောင် ပြိုင်ပွဲဝင်ခဲ့တဲ့ အဖွဲ့ခေါင်းဆောင်ပဲ။ အသက်ကတော့ ၈၀ ကျော်ပြီဟေ့. . ဦးတုတ်ဆီကနေ မြန်မာ့ရိုးရာအိုးစည်တီးပညာကို မိဘဆီကအမွေတောင်းသလို တောင်းကြ၊ သင်ကြယူကြဟေ့ . . "

"ဒါဖြင့်လဲ ဟန်ကျတာပေါ့ ဘုရား . . ဟောဒီ မောင်ငွေစိုးက ဦးတုတ်မြေးပါ ဘုရား"

"အဘိုးရဲ့ ပညာအမွေ မြေးကယူရတာပေါ့။ ဟုတ်ရဲ့လား မောင်ကျောင်းသား"

"တင်ပါ့ ဘုရား"

"တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦး ဘုရား"

ကျောင်းဆရာဦးခင်အောင်နှင့် ကျောင်းသားများ ဆရာတော်ကြီးကို ကန်တော့ကြသည်။ အိုးစည်ဝိုင်းပစ္စည်းများကို သယ်ဆောင်ကာ စာသင်ကျောင်းသို့ ပြန်လာခဲ့ကြသည်။

ကျောင်းတွင် ပစ္စည်းများထားသည်။ အိမ်ပြန်၍ ထမင်းစားကြသည်။ နေ့ခင်းပိုင်း၌ ကျောင်းတွင်ပြန်ဆုံကြသည်။မောင်ငွေစိုးက အိမ်က ပတ်စာကြိတ်လာသည်။ပုလွေသမားရန်ကျော်ကလည်းပုလွေပေါက်ကပ်ရန် ပိုးမျှင်အိမ်အမှေးပါး ရှာလာခဲ့သည်။

"ထုံ . . ထုံ . . ထုံ . . ထုံ "

"တီ . . တီ . . တီ . . တီ"

ငွေစိုးက အိုးစည်တွင် ပတ်စာကပ်သည်။ ရန်ကျော်က ပုလွေစမ်းမှုတ်သည်။ အိုးစည်ဝိုင်းအတွက် အားလုံးအဆင်သင့်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကဲ . . တပည့်တို့ အဆင်သင့်ဖြစ်ရင် စမ်းတီးကြတာပေါ့"

ဆရာဦးခင်မောင်က အိုးစည်ဝိုင်းစတင်ရန် ပြောလိုက်သည်။

မောင်ငွေစိုးက အိုးစည်ကိုလွယ်၍ ခါးကို ယို့ထားကာ ထောင်တီးသည်။ နဘတ်ရှာ အ. ထ. က ကျောင်းပေါ်မှ အိုးစည်သံမြိုင်မြိုင်ဆိုင်ဆိုင်ထွက်ပေါ်လာသည်။

"ရွှေအိုးစည် ××× လွယ်သလေ့လေ့ ××× လွယ်သလေ့လေ့. . လွယ်သလေ . . ဘယ်ညာတီးပါလို့ . . ပျို့လက်သီးကို . . မောင့်လက်သီးကို. . . လက်သီးကို ××× အလိုဗျာ တီးလိုက်ကြပါစို့လား ××"

အကသမားဝဲကျော်က သီချင်းဆို၍ကသည်။ညီညီက သီချင်းမဆိုတတ်။ ဝဲကျော်အဆိုနှင့် ရော၍ကသည်။ ဆရာဦးခင်အောင်က တပည့်များ၏ တီးဟန်၊ ဆိုဟန်၊ ကဟန်တို့ကို စနစ်တကျမှတ်သားထားသည်။

အိုးစည်သံကြား၍ရွာသူရွာသားအချို့ကလာကြည့်ကြသည်။နားထောင်ကြသည်။ အားပေးကြသည်။

ညနေသုံးနာရီခန့်တွင် အိုးစည်ဝိုင်း သိမ်းလိုက်ကြသည်။

* * * * *

တနင်္ဂနွေနေ့ နံနက် . . . ။

ဆရာဦးခင်မောင်နှင့် မောင်ငွေစိုးတို့ ဦးတုတ်အိမ်သွားကြသည်။ အိမ်ပေါက်ဝအရောက်တွင် အောင်နက်က ဆီးဟောင်၏။

"အဘိုး . . . အဘိုး . . . ခွေးကြည့်ပါဦး"

"ဟဲ့ . . မိခင်သန့် . . ခွေးကြည့်ပါဦး . . ငါ့မြေးငွေစိုး အသံနဲ့ တူတယ်"

မောင်ငွေစိုး၏ အဒေါ်က ခွေးကြည့်ပေးသည်။ ဆရာဦးခင်

www.burmeseclassic.com

www.burmeseclassic.com


အောင်နှင့် မောင်ငွေစိုးတို့ ဦးတုတ်ရှိရာသို့ သွားသည်။

"ဟော . . ဆရာလေးတို့ပါလား။ ဘယ်ကလှည့်လာကြတုန်း"

"ဘကြီးတုတ်ဆီ သက်သက်လာခဲ့တာ"

"ဘာကိစ္စရှိလို့လဲ ဆရာလေးရဲ့ . . "

"ဆရာတော်ကြီးကလွှတ်လိုက်လို့ပါ ဘကြီးတုတ်"

ဆရာဦးခင်အောင်က အကြောင်းစုံ ရှင်းပြသည်။ ဦးတုတ်က သေချာစွာနားထောင်သည်။ မျက်နှာက ဝမ်းသာပီတိဖြစ်နေဟန်ရှိသည်။ ငွေစိုးက အဘိုးဖြစ်သူအနီး ပွတ်သီးပွတ်သတ် ထိုင်နေသည်။

"ဘကြီးတုတ်မြေးနဲ့ ကျောင်းက မျိုးဆက်သစ်ကလေးတွေကို ပညာအမွေပေးပါလို့ ကျွန်တော်တောင်းပန်ပါတယ်။ အခုအချိန်မှာ စနစ်တကျ အိုးစည်တီးတတ်သူရယ်လို့ ရှားပါးလာလို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအိုးစည်တီးပညာကို လက်ဆင့်ကမ်းအမွေပေးတဲ့ သဘောပေါ့"

"ဆရာလေးပြောတာကို ဘကြီးသဘောပေါက်ပါတယ်။ ဒါပေမယ့်အသက်အရွယ်ကလည်းထောက်၊ သွားလို့လာလို့ မကောင်းဆိုတော့'

"ဒီအတွက် စိတ်ချပါ ဘကြီးတုတ်။ ကလေးတွေကို ဘကြီးတုတ်ဆီ လွှတ်ပေးပါ့မယ်။ ဘကြီးတုတ်အိမ်မှာပဲ အိုးစည်ဝိုင်းဖွဲ့ကြတာပေါ့"

"အဲဒီလိုဆိုရင် အကောင်းဆုံးပေါ့ . . ဘကြီးတတ်တဲ့ အိုးစည်တီးပညာကို ဆရာစားမချန် သင်ပေးပါ့မယ်"

"ဟေး . . ဒါမှ တို့ အဘိုးကွ"

မောင်ငွေစိုးက အားရဝမ်းသာနှင့် ထအော်၏။ ဆရာဦးခင်အောင်လည်း ဝမ်းသာသွားသည်။ မောင်ငွေစိုးနှင့်ဆရာဦးခင်အောင်တို့ ဦးတုတ်အား နှုတ်ဆက်၍ ပြန်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ညပိုင်းတွင် အိုးစည်ဝိုင်းပစ္စည်းများကို သယ်ဆောင်ကာဆရာဦးခင်အောင်နှင့် ကျောင်းသားကလေးများ ရောက်လာသည်။ ဦးတုတ်က အိုးစည်တီးသမား မောင်ငွေစိုးကို ရှေးဦးစွာ သင်ကြားပေးသည်။

"ငါ့မြေး . . အိုးစည်ဝိုင်းတစ်ခုမှ အိုးစည်သမား အခရာပဲကွဲ့၊ ပတ်စာနယ်တာကအစ သတိထားရသည်။ ပတ်စာကို ရိုးရိုးပြာနဲ့ ထမင်းနဲ့နယ်လဲ ရတယ်။ ဒါပေမယ့် ညောင်ပြာနဲ့ နယ်တာက အကောင်းဆုံးပဲ။ စီးပိုင်နေတယ်။ ပတ်စာ ခဏခဏ မကွာဘူးကွဲ့"

"အိုးစည်သမားက အခရာပဲဆိုလို့ . . ဒီပြင်လူတွေက အဓိက မကျဘူးလို့ မထင်နဲ့၊ အားလုံးအရေးကြီးတယ် ငါ့မြေးတို့။ အုပ်စုနဲ့တီးရတဲ့ အနုပညာတိုင်းမှာ တစ်မျိုးစီ၊ တစ်မျိုးစီကောင်းနေမှ အဖွဲ့လိုက်ကောင်းတယ်ဆိုတာ မှတ်ထားကြနော် . . . "

"ဟုတ်ကဲ့ပါ အဘိုး"

ထိုနေ့ကအိုးစည်မတီးကြရပါ။ဦးတုတ်၏တစ်ဦးချင်းသင်ကြားမှု၊ ပြသမှုဖြင့် အချိန်ကုန်သွားသည်။ ဦးတုတ်၏ စနစ်တကျသည့် ပညာအမွေများပင်ဖြစ်သည်။

ကိုယ်ဟန်အနေအထား၊ အချိန်အဆ၊ လေယူလေသိမ်း၊ အဝင်အထွက်၊ တီးကွက်၊ ဆိုကွက်၊ ကကွက်များကို တစ်နေ့ပြီးတစ်နေ့ သင်ပေးသည်။ ကျောင်းသားကလေးများလည်း စိတ်ဝင်စားစွာ နားတောင်ကြသည်။ သင်ကြားပေးသည့်အတိုင်း ထပ်တူနီးပါး တီးမှုတ်သီဆိုကခုန်ကြသည်။

"ကဲ . . မောင်ညီညီ။ မနက်ဖြန်ပြိုင်ပွဲဝင်ရတော့မယ်ဆိုတာ သိတယ်နော် . . ဒီပွဲမှာ ငါ့တပည့်မကရလို့ စိတ်မညစ်နဲ့။ ဝမ်းမနည်းပါနဲ့။ငါတပည့်အနေနဲ့ အဆိုလက်မှာလိုနေတာရယ်၊ လူဦးရေကန့်သတ်ထားတဲ့အတွက်ရယ်၊ ငါ့တပည့်ကို ခဏဖယ်ထားရတာပါ။နောက်

www.burmeseclassic.com

www.burmeseclassic.com


ပွဲတွေကျရင် ငါ့တပည့်ပါရမှာပေါ့ . . . ဟုတ်လား”

“ဟုတ် . . ဟုတ်ကဲ့ပါဆရာ”

မောင်ညီညီသည် မျက်နှာမသာမယာနှင့်ဖြေသည်။ ဆရာဦးခင်အောင်လည်း တပည့်ငယ်အတွက် စိတ်မကောင်း။

မောင်ဝဲကျော်က ရုပ်မလှ။ အဆိုကောင်းသည်။ အကကောင်းသည်။ မောင်ညီညီက ရုပ်လှသည်။ အကကောင်းသည်။ အဆိုမရ။ ဦးရွှေရိုးအကအတွက် ရုပ်လှရန်မလို။ အဆိုကောင်းရန်၊ အကကောင်းရန်လိုသည်ဟု လူကြီးများက မှတ်ချက်ပေးသည်။ သို့အတွက် မောင်ဝဲကျော်ကို အကသမားအဖြစ် ရွေးချယ်ခြင်းဖြစ်သည်။

မနက်ဖြန်ည အိုးစည်ပြိုင်ပွဲစမည်။

ကျောင်းပေါင်းစုံမှ အိုးစည်ဝိုင်းများ ယှဉ်ပြိုင်ကြမည်။

နဘက်ကျေးရွာက ပြိုင်ပွဲကိုတာဝန်ယူကျင်းပပေးရသည်။ကျန်ကျေးရွာများမှ နဘက်ကျေးရွာသို့ လာရောက်ယှဉ်ပြိုင်ရသည်။

ပြိုင်ပွဲရက် ရောက်ရှိသည့်အခါ ကျေးရွာများမှ ပြိုင်ပွဲဝင် အိုးစည်သမားများ၊ ပွဲကြည့်ပရိသတ်များ လှည်းများနှင့် အသီးသီးရောက်ရှိလာသည်။ အချို့ပရိသတ်များ က ညပိုင်းမှ ခြေလျင်လာကြသည်။

ဆောင်းဦးပေါက်ရာသီဖြစ်၍ ချမ်းအေးလှသည်။ ဈေးသည်များလည်းရှိသည်။ ပွဲကြည့်ပရိသတ်များလည်း စည်ကားလှသည်။ ပြိုင်ပွဲမစတင်မီ မဲနှိုက်ကြရသည်။ နောက်ဆုံးပြိုင်ရမည့်အဖွဲ့ နဘက်ရွာကျောင်းဖြစ်သည်။

အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ကြေညာသည်။ အကဲဖြတ်အမှတ်ပေးဒိုင်လူကြီးများ အသီးသီးနေရာယူကြသည်။

အစီအစဉ်အတိုင်း တစ်ဖွဲ့ပြီးမှ တစ်ဖွဲ့ ယှဉ်ပြိုင်ကြသည်။ ရွာထိပ်ကွင်းပြင်တစ်ခုလုံး လက်ခုပ်သြဘာသံများ ကွင်းလုံးညံနေသည်။

www.burmeseclassic.com

www.burmeseclassic.com


နဘက်ရွာကျောင်းအဖွဲ့ နောက်ဆုံးပြိုင်ပွဲဝင်သည်။ အခြားပြိုင်ပွဲဝင်များနှင့် အတူ တစ်မူထူးခြားစွာ တီးမှုတ်သီဆိုကပြကြသည်။

"နဘက်ဟေ့ . . . နဘက်ရွာက"

ပရိတ်သတ်များ၏အားပေးသံ၊ လက်ခုပ်သံ၊လက်ခေါက်မှုတ်သံများ ဆူညံသွားသည်။ ပြိုင်ပွဲပြီးသည့်အခါ ဒိုင်လူကြီးများ အမှတ်ပေါင်းသည်။ ဆုမကြေညာမီ မောင်ငွေစိုးတို့အဖွဲ့က အသည်းထိတ်နေ၏။

"ခုချိန်ကစပြီး ဆုများကို ကြေညာပါ့မယ်ခင်ဗျာ။ နဘတ်ရွာ အ. ထ. က ကျောင်းအိုးစည်အဖွဲ့က ပထမဆုကြီးကို ဆွတ်ခူးသွားပါတယ် ခင်ဗျား"

လက်ခုပ်သြဘာသံများ၊အော်ဟစ်အားပေးသံများကြောင့်တစ်ကွင်းလုံး ဆူညံနေသည်။ မောင်ငွေစိုးတို့ တစ်ဖွဲ့လုံး ကခုန်ကြသည်။

ကျောင်းအုပ်ဆရာကြီးဦးသွင်မောင်နှင့်အဖွဲ့က အထူးဝမ်းသာကြသည်။ ထိုထက် ဝမ်းသာပီတိဖြစ်နေသူမှာ ဦးတုတ်ပင် ဖြစ်တော့သည်။ နဘတ်ကျေးရွာအိုးစည်အဖွဲ့ မြို့နယ်အဆင့် ဆက်၍ပြိုင်ရမည်။

ကျေးရွာအဆင့် ပထမရသည့်အဖွဲ့များနှင့် ယှဉ်ပြိုင်ကြရမည်။

ထိုနေ့ညက နဘက်ကျေးရွာတစ်ရွာလုံး ပျော်မဆုံး မော်မဆုံးဖြစ်ခဲ့ကြသည်။

* * * * *

"တို့ကျောင်းက အိုးစည်ပြိုင်ပွဲ ပထမရတာ ပုလွေမှုတ်တဲ့ ရန်ကျော်ကောင်းလို့ကွ . . ."

"ဝဲကျော်ကောင်းလို့ ရတာပါကွာ။ ဝဲကျော်ကဆိုလဲ ဆိုရတယ်၊ ကလဲ ကရတယ်ကွ"

"ငွေစိုးကောင်းလို့ကွ၊ ငွေစိုးက ခေါင်းဆောင်၊ သူကောင်းလို့ရတာ"

www.burmeseclassic.com

www.burmeseclassic.com



အိုးစည်ပြိုင်ပွဲအပြီး နောက်တစ်နေ့တွင် ကျောင်းဖွင့်သည်။ ကျောင်းသားအချို့ အိုးစည်ပြိုင်ပွဲ ပထမဆုရသည်ကို ဝေဖန်ကြသည် တစ်မျိုးစီ၊ တစ်ယောက်စီ အသီးသီးပြောကြသည်။ မောင်ငွေစိုးတို့ တစ်ဖွဲ့လုံးလည်း ဝေဖန်သံများ ကြားရသည်။

ကျောင်းသားအချို့၏ လေသံလိုက်၍ မောင်ငွေစိုးကလည်း သူတော်၍ ဆုရသည်ဟုဆိုသည်။ မောင်ရန်ကျော်ကလည်း သူ့ကြောင့် ရသည်ဟု ပြောသည်။ မောင်ဝဲကျော်ကလည်း သူကောင်း၍ ရသည်ဟု ဆိုပြန်သည်။ အချင်းချင်း အငြင်းအခုန်ဖြစ်ကြသည်။ အခြေအတင် စကားများကြသည်။ ကျောင်းတက်ခေါင်းလောင်းသံကြောင့်စာသင်ခန်းသို့ ဝင်ခဲ့ကြရသည်။ တစ်ဦးနှင့်တစ်ဦး အဆင်မပြေ။

ညနေ ကျောင်းဆင်းသည့်တိုင်တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ အိမ်ပြန်သွားကြသည်။

ညပိုင်းတွင် ဦးတုတ်အိမ်တွင် ပြန်ဆုံကြသည်။ ဆရာဦးခင်အောင်နှင့်ကျောင်းအုပ်ဆရာကြီးဦးသွင်မောင်ကလည်းရောက်နေသည်။ မြို့နယ်အဆင့်ပြိုင်ပွဲအတွက် လေ့ကျင့်ရန်ဖြစ်သည်။ ဦးတုတ်နှင့် ဆရာကြီးဦးသွင်မောင်တို့ ကလေးများ၏ မျက်နှာအမူအရာကို သတိထားမိသည်။ တစ်ယောက်နှင့်တစ်ယောက် စကားအပြောအဆိုမရှိ။ ထူးခြားသည်ဟု တွေးမိကြသည်။

ဦးတုတ်က အတွေ့အကြုံရှိသည်။ ကလေးများ၏ စိတ်အခြေအနေကို ခန့်မှန်း၍ အိုးစည်ဝိုင်းကို စတင်တီးမှုတ်ကခုန်စေသည်။

အိုးစည်သံက တစ်ချက်စီ၊ လင်ကွင်းကလည်း တီးတစ်ချက်၊ မတီးတစ်ချက်၊ ဝါးကလည်း လိုက်လိုက် မလိုက်လိုက်၊ ပုလွေကလည်း လေသံပျော့၊ ဆိုချင်သလိုဆို၊ ကချင်သလိုက၊ တီးချင်သလို တီးနေကြသည်။တီးတတ်ခါကအိုးစည်ဝိုင်းအဖွဲ့ထက်ပင် နားထောင်၍ မကောင်း။

www.burmeseclassic.com

www.burmeseclassic.com


"ဟေး . . ဟေး . . ငါ့မြေးတို့ ဘာဖြစ်နေကြတာလဲ။တစ်ယောက်တစ်ပေါက် ဖြစ်နေကြပါလားကွယ်။ နားထောင်လို့ လုံးလုံးမကောင်းဘူး။ ကဲ . . ငါ့မြေးတို့ ဘာဖြစ်နေကြတာလဲ ပြောပါဦး"

မောင်ငွေစိုးက အကြောင်းစုံကို ရှင်းပြသည်။ ဆရာကြီးဦးသွင်မောင်နှင့် ဆရာဦးခင်အောင်တို့ အံ့သြသွားသည်။ ဦးတုတ်က အံ့သြမှုအမူအရာမပြ။

"အဘိုးထင်တဲ့အတိုင်းပဲ၊ အောင်မြင်လာရင် ဖြစ်တတ်တဲ့သဘာဝပေါ့၊ ငါ့မြေးတို့လို ငယ်ငယ်ရွယ်ရွယ်တွေ မပြောနဲ့။ လူကြီးတွေတောင် အဲဒီလို စိတ်ဝမ်းကွဲတတ်တယ်ကွဲ့"

"အိုးစည်ဝိုင်း ဒိုးပတ်ဝိုင်းဆိုတာတွေက တစ်ဦးကောင်း၊ တစ်ယောက်ကောင်းကြောင့် မဟုတ်ဘူး ငါ့မြေးတို့ရဲ့၊ အားလုံးတော်လို့ကောင်းလို့ ဆုရတာ။ စည်းလုံးညီညာအောင်ကြောင်းဖြာဆိုတဲ့ စကားရှိသလို နွားကွဲရင်ကျားဆွဲတတ်တယ်ဆိုတဲ့ စကားလဲရှိတယ်။ အဒါမြဲမြဲမှတ်ထားကြ"

"ကဲ . . ငါ့မြေးတို့ တစ်ယောက်နဲ့တစ်ယောက်တောင်းပန်ကြ၊ ကျေနပ်ကြ၊ ဒီနေ့ အဘိုး တီးကွက်ဆန်းတွေ တက်ပေးမယ်"

ကလေးငယ်များ တစ်ဦးနှင့်တစ်ဦးဖက်လှဲတကင်းတောင်းပန်ဝမ်းသာစွာပြောဆိုကြသည်။ဆရာကြီးဦးသွင်မောင်နှင့်ဆရာခင်အောင်လည်း သက်ပြင်းချမိသည်။

"ဒီနေ့ ဘိုးဘိုးသင်ပေးမှာက နန်းတွင်းအိုးစည်ဝိုင်းရဲ့ တီးကွက်ပဲ။ သီချင်းစာသားနဲ့ ပုလွေက လိုက်အောင်မှုတ်ရသလို အိုးစည်ကလဲတီးကွက်ပြောင်းရမယ်"

ဦးတုတ်၏ စကားကိုကလေးများ စိတ်ဝင်စားစွာနားထောင်ကြသည်။ ဦးတုတ်က အသက်အရွယ်နှင့်မမျှအောင် ဟန်အမူအရာနှင့်

www.burmeseclassic.com

www.burmeseclassic.com


ပြသည်။ ပါးစပ်နှင့်ဆိုင်းချက်လိုက်ပေးသည်။

"ငါ့မြေးမောင်ငွေစိုး၊ ခါတိုင်း အိုးစည်တီးချက်က ဘယ်ဘယ်ညာအလှည့်အပြောင်းနဲ့ တီးတယ်။ အခု နန်းတွင်းအိုးစည်သံက ဘယ်၊ ညာ၊ ဘယ်ဘယ်ညာ အလှည့်အပြောင်းနဲ့ တီးတယ်၊ သတိထား"

"ပုံ . . ထုံ . . ပုံ . . ပုံ . . ထုံ×××ထုံ . . ပုံ . . ပုံ . . ထုံ"

နန်းတွင်းအိုးစည်တီးကွက်ကလေးများအားလုံးရသွားသည်။ ကလေးများအားလုံး မှတ်ဉာဏ်ကောင်းသည်။ ဝါသနာဗီဇရှိကြသည်။

တစ်နေ့ပြီးတစ်နေ့၊ တစ်ရက်ပြီးတစ်ရက် ဦးတုတ်က တီးကွက်အဆန်းများ သင်ပေးသည်။ မြို့နယ်အဆင့်ပြိုင်ပွဲရက်လည်း နီးပြီ။

ကောက်စိုက်တေးအိုးစည်တီးကွက်နှင့် နန်းတွင်းအိုးစည်တီးကွက်တို့ကို သီးခြားသင်ပေးသည်။ မြို့ပေါ်သို့ ဦးတုတ်မလိုက်နိုင်။ပြိုင်ပွဲမသွားမီ ကြီးကြပ်ရေးဆရာများနှင့် ကလေးငယ်များကို မှာစရာရှိသည်များ မှာကြားသည်။

"ကိုယ်တီးမယ့်ပစ္စည်းကို ကိုယ်ဂရုစိုက်ကြ ငါ့မြေးတို့။ အထူးသဖြင့် ငါ့မြေးမောင်ငွေစိုးက အိုးစည်ကို သတိထား။အချို့ပြိုင်ဘက်တွေက အိုးစည်ကို ဓားနဲ့ဖောက်သွားတတ်တယ်။တချို့ကြပြန်တော့ အိုးစည်သားရေကို ဆီနဲ့ပွတ်သွားတတ်တယ်"

"ဆီနဲ့ပွတ်ရင် ဘာဖြစ်တတ်သလဲ အဘိုး"

မောင်ငွေစိုးက မေးလိုက်သည်။ အခြားကလေးများလည်း သိချင်နေသည်။

"ဆီနဲ့အပွတ်ခံရတဲ့အိုးစည်ဟာ ပတ်စာကွာကျတတ်တယ်။ဒါမှမဟုတ် ပတ်စာ ခဏခဏကွာတယ်။ အိုးစည်သံမမှန်တော့ဘူး။ဆီအပွတ်ခံရတဲ့အိုးစည်ဝိုင်းဟာ ရှုံးပြီးသာမှတ်ပေတော့"

"တပည့်တို့ကိုဘကြီးတုတ်က ကိုယ်မခံရအောင်ပြောတာနော်။

www.burmeseclassic.com

www.burmeseclassic.com


သူများကိုလုပ်ဖို့၊ ညစ်ပတ်ဖို့ ပြောတာမဟုတ်ဘူး”

ကျောင်းအုပ်ဆရာကြီးဦးသွင်မောင်ကသတိပေးစကား ထပ်မံပြောသည်။ ဆုံးမစကားပြောသည်။ အားပေးစကားပြောသည်။

“လူတိုင်းဟာ ကိုယ့်အဖွဲ့ဆုရချင်တာပဲ။ ကိုယ့်အရည်အချင်းနဲ့ကိုယ် ဆုရအောင်ကြိုးစားကြ။ ဆုရတာ မရတာထက် ယှဉ်ပြိုင်ခြင်းဟာအဓိကဆိုတာ တပည့်တို့ နားလည်ထားကြရမယ်”

ဆရာဦးခင်အောင်က ထပ်မံဆုံးမသည်။ မောင်ငွေစိုးက ဦးဆောင်၍ ဦးတုတ်နှင့်ဆရာများကို ကန်တော့သည်။

နောက်တစ်နေ့နံနက် မြို့ပေါ်သို့သွားရန် ရွာဦးကျောင်းတွင် လူစုသည်။ကလေးငယ်များက ရွာဦးစေတီနှင့်ဆရာတော်ကြီးအား ရှိခိုးကန်တော့ကြသည်။ ဆရာတော်ကြီးက အောင်ခြင်းရှစ်ပါးဂါတာကို ရွတ်ဖတ်၍ ဆုပေးသည်။လှည်းချျှသံ တချွင်ချွင်နှင့် ပြိုင်ပွဲဝင်ရန် ထွက်ခွာခဲ့ကြသည်။

ထိုနေ့ည မြို့နယ်အဆင့် ပြိုင်ပွဲတွင် နဘက်ရွာ အ. ထ. က ကျောင်းက ထပ်မံ၍ပထမဆုရရှိသည်။ အိုးစည်အဖွဲ့နှင့် ပရိသတ်များအားလုံးမရောက်မီ ရွာလူကြီးဦးတင်ငွေက စက်ဘီးနှင့် ကြို၍သတင်းပို့ထားသည်။

နောက်နေ့နံနက်တွင် ရွာလုံးကျွတ်မျှ ထွက်၍ကြိုဆိုကြသည်။ ချီးမွမ်းကြသည်။ ကလေးများက တိုင်းအဆင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ရန် အားမာန်ခဲလျက်ရှိနေကြပေတော့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com

# လှုဝယ်တို့၏အားမာန်

မြောင်းမြို့အလယ်ရပ်တွင် ဘုရားအိုတစ်ဆူရှိသည်။

ထီးတော်လည်း မရှိ၊ အဖြူရောင်ထုံးသင်္ကန်းအစား အမည်းရောင်သန်းနေသည်။ ဖူးမြော်ကြည်ညိုသူ ကင်းမဲ့နေသည်။ စေတီ၏ အင်္ဂတေအချို့ ပဲ့ကျနေသည်။အုတ်ကျိုးအုတ်ကြားတွင် အပင်ငယ်များ ပေါက်နေသည်။

စေတီတော်၏ အုတ်တံတိုင်းများလည်း ပျက်စီးနေသည်။

မည်သည့်နှစ်၊ မည်သည့်အချိန်က၊ မည်သူတည်ထားကိုးကွယ်ခဲ့သည်ကို မသိကြ။ အသက်အရွယ်ကြီးရင့်သူများပင် မဖြေဆိုနိုင်ကြ။

ဘုရားအိုသည် ဈေးနှင့်နီးသည်။ ကားဂိတ်နှင့်နီးသည်။

နေ့စဉ်အမျှ မြင်တွေ့နေကြသော်လည်း ပြုပြင်ရကောင်းမှန်း မသိ။ သတိမမူမိကြချေ။

ဘုရားပရဝုဏ်အတွင်း၌ တမာပင်တစ်ပင်နှင့် ထန်းပင်များရှိ

www.burmeseclassic.com

www.burmeseclassic.com


သည်။ အချို့တောင်သူများ နွေရာသီတွင် ဆေးရွက်လှန်းကြသည်။ ထွန်းသီရိစားသောက်ဆိုင်မှ မီးဆိုက်ရန် မြေပဲခွံများထားသည်။

ဘုရားထဲက တစ္ဆေခြောက်သည်။ ဥစ္စာစောင့်ရှိသည်ဆိုသည့် ပါးစပ်သတင်းများက ပြန့်နေသည်။

ဘုရားတွင် မီးမရှိ။

လမ်းမီးတိုင်နှင့်နီးသော်လည်း အလင်းရောင်က အားနည်းသည်။လမိုက်ရက်များတွင် ကလေးငယ်များ ဘုရားအနီးမှ ဖြတ်မသွားရဲ။

နေ့ခင်းဘက်အချိန်များတွင် ဒုစရိုင်လွှမ်းမိုးရာမြေ ဖြစ်နေသည်။ ကလေးငယ်များက မျောက်ပန်းလှန်ကြသည်။လူကြီးများက ဖဲရိုက်ကြသည်။ဈေးသွားဈေးပြန်အချို့နှင့် ခရီးသည်အချို့က အခင်းကြီးအခင်းလေး သွားကြသည်။

ဘုရားအိုကို လာရောက်ကြည့်ရှုသူတစ်ဦးရှိသည်။

ထိုသူမှာ ကျောင်းဆရာဦးဘဆန်းဖြစ်သည်။ မကြာသေးမီက ခန္တီးမြို့နယ် နောင်လွန်ကျေးရွာမှ ပြောင်းရွှေ့လာသူဖြစ်သည်။မြောင်မြို့သားဖြစ်သည်။ ဘုရားနှင့်မလှမ်းမကမ်းတွင် သူ၏မိဘများ နေအိမ်ရှိသည်။ အမက(၁)မူလတန်းပြဆရာဖြစ်သည်။

ညနေပိုင်းကျောင်းဆင်းချိန်တွင် ဘုရားသို့ ရောက်လာသည်။

ဘုရားကန်တော့သည်။ပေါက်ပြားတစ်ချောင်းဖြင့် မြက်များကိုရှင်းလင်းသည်။ အညစ်အကြေးများကို ဖယ်ရှားသည်။

ဘုရားအိုကြီးကို ကြည်ညိုလေးစားသူမှာ ကျောင်းဆရာတစ်ဦးတည်းသာ ရှိနေသည်။

ကျောင်းဆရာဦးဘဆန်းသည်လူအများကြည်ညိုလေးစားဖွယ်ရာဖြစ်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ချက်အခိုင်အမာ ချထားဟန်ရှိ

www.burmeseclassic.com

www.burmeseclassic.com


သည်။

ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ကြိုးစားလေသည်။

* * * * *

"ကြည်ဝင်းနဲ့အောင်စိုး . . . အတော်ပဲကွာ။ မင်းတို့နဲ့ငါတွေ့ချင်နေတာ"

"ဘာကိစ္စလဲ အစ်ကိုကြီး"

"အောင်ဌေးဝင်းနဲ့ ဆယ်သိန်းရော . . သူတို့နှစ်ယောက်ရှာပြီးအိမ်ကိုခေါ်ခဲ့ကွာ . . အိမ်မှာ လက်ဖက်ရည်သောက်ရင်း စကားပြောကြရအောင် . . "

"ဟုတ်ကဲ့ အစ်ကိုကြီး . . ကျွန်တော်တို့ ခဏနေ လာခဲ့ပါ့မယ်"

ကျောင်းဆရာဦးဘဆန်း၏ ဖိတ်ခေါ်မှုကို ကိုကြည်ဝင်းနှင့် အောင်စိုးကမငြင်း။ အောင်ဌေးဝင်းနှင့် ဆယ်သိန်းတို့မှာ ရုံးသွားသည်။

ကျောင်းဆရာသည် ကျောင်းသားဘဝကပင် လူငယ်များကို ဦးဆောင်ခဲ့သည်။ ကလေးများကလည်း လေးစားသည်။ ချစ်ခင်ကြသည်။

ကျောင်းဆရာကလူမှုရေးကိစ္စများကိုလည်း ရှေ့တန်းမှဆောင်ရွက်သည်။အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ရဲသူဖြစ်သည်။ဦးကျော်အေးလမ်းထောင့်၌ အောင်စိုးကိုတွေ့သည်။အောင်စိုးတို့အဖွဲ့ကို အိမ်သို့ခေါ်သည်။ နေဝင်ချိန်ရောက်ပြီ။ လမ်းမီးများလာပြီ။

မကြာမီ အောင်စိုး၊ ကြည်ဝင်း၊ အောင်ဌေးဝင်းတို့နှင့်အတူ ဆယ်သိန်းတို့ ကျောင်းဆရာနေအိမ်သို့ ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com


"လာကွာ . . ငါ့ညီတို့ . . လက်ဖက်ရည်သောက်။ ဒီမှာ လက်ဖက်သုပ်စားကြကွာ . . "

"အစ်ကိုကြီး . . ကျွန်တော်တို့ကိုခေါ်တာ ဘာကိစ္စရှိလို့လဲ"

အောင်ဌေးဝင်းက ကျောင်းဆရာကိုမေးလိုက်သည်။ ကျောင်းဆရာက လက်ဖက်ရည်ကြမ်းတစ်ယောက်တစ်ခွက်စီငှဲ့ပေးလိုက်သည်။

"ထူးထူးထွေထွေကိစ္စတော့ မဟုတ်ပါဘူးကွာ။ ဒေါ်သန်းစိန်အိမ်နားက ဘုရားကို ပြုပြင်ဖို့ မင်းတို့နဲ့ တိုင်ပင်ချင်လို့ပါ"

"အစ်ကိုကြီးက ဘယ်လိုလုပ်ချင်လို့လဲ"

"ဒီလိုကွာ . . တို့လူငယ်ငါးယောက်က ဦးဆောင်ပြီး ဘုရားပြင်ဖို့ အလှူခံထွက်ကြမယ်ကွာ။ ဘုရားထီးတင်ဖို့ ဒကာ၊ ဒကာမရှာမယ်။ အစ်ကိုကျောင်းပိတ်တုန်း လုပ်ချင်တယ်ကွာ . . ဒါ . . မင်းတို့ဘယ်လိုသဘောရလဲ"

ကျောင်းဆရာ၏ အကြံပြုချက်ကို အားလုံးလက်ခံကြသည်။ အလှူခံထွက်ရန် အသေးစိတ် တိုင်ပင်ကြသည်။

တစ်ထိုင်တည်းမှာပင် ယာယီဂေါပကအဖွဲ့ကို ဖွဲ့သည်။

ကျောင်းဆရာအပါအဝင် လူငယ်လေးဦးက အလိုလိုဂေါပကအဖွဲ့ဝင်ဖြစ်သွားသည်။ နွေရာသီကျောင်းပိတ်ရက်အတွင်း အလှူခံရန် အစီအစဉ်ဆွဲကြသည်။ အောင်စိုးက အလှူခံထွက်ရာတွင် မြို့ပေါ်တွင်သာမက ကျေးရွာများသို့သွားရန် အကြံပြုသည်။

အားလုံး သဘောတူကြသည်။

လမင်း၏အလင်းရောင်သည် မိုးတိမ်များကင်းစင်နေသဖြင့် ပြိုင်ဘက်မရှိ ထွန်းလင်းတောက်ပနေသည်။ အေးမြနေသည်။ ကြည်လင်နေသည်။

တောင်လေတဖြူးဖြူးနှင့် ရာသီဥတုက သာယာနေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းဆရာလေးနှင့်လူငယ်လေးဦးတို့၏ ဆွေးနွေးပွဲသည်လည်း ကြားရသူတိုင်း ဝမ်းသာကြည်နူးကြပေလိမ့်မည် . . . ။

လူနတ်သတ္တဝါအပေါင်းတို့ကလည်း သာဓုအနုမောဒနာ ခေါ်ဆိုနေကြပေလိမ့်မည် . . ။

* * * * *

အညာနွေကပူပြင်းလှသည်။

နေအပူရှိန်ကလည်း ခြစ်ခြစ်တောက်ပူနေသည်။ ခမောက်ကိုယ်စီဖြင့် နေရောင်ကို လရောင်သဖွယ်ပမာထား၍ ဘုရားပြုပြင်ရန်အတွက် အလှူခံထွက်နေသည့် ကျောင်းဆရာနှင့်လူငယ်လေးဦးပင်. . ။

နေမည်မျှပင်သူသော်လည်း ရင်တွင်း၌အေးမြနေဟန်ရှိသည်။ တစ်လမ်းဝင်တစ်လမ်းထွက် တစ်ရပ်ကွက်ပြီးတစ်ရပ်ကွက်၊ တစ်ရွာပြီးတစ်ရွာ အလှူခံထွက်ကြသည်။

နွေတစ်နွေလည်း ကုန်ဆုံးတော့မည်။

အလှူငွေများလည်း အတော်များများရသည်။ ဘုရားထီးဒကာလည်းပေါ်ပြီ။

အလယ်ရပ်မှာ ဦးညိုစိမ့်၊ ဒေါ်မယ်စိမ့်တို့၏သမီး အပျိုကြီးဒေါ်မြသိန်းကလှူသည်။ ဒေါ်မြသိန်းက အလှူအတန်းရက်ရောသည်ချမ်းသာ၍လှူသည်။ လှူ၍ချမ်းသာဟန်ရှိသည်။ ထီးတော်အတွက်ပူစရာမလိုတော့ပြီ။

နွေနှောင်းပိုင်း နေ့တစ်နေ့။

ကျောင်းဆရာနှင့်လူငယ်လေးဦးတို့ အစည်းအဝေးလုပ်ကြသည်။ ရပ်ကွက်အတွင်းမှ စိတ်ဝင်စားသူ လူကြီးများလည်း လာရောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အစည်းအဝေးတွင် ကျောင်းဆရာကစ၍ စကားပြောသည်။ အလှူငွေကောက်ခံရရှိမှုကို ရှင်းပြသည်။ ဘုရားပြုပြင်ရန် အစီအစဉ်များကို တင်ပြသည်။

ပထမ သန့်ရှင်းရေးကိုလုပ်၍ စေတီကိုပြုပြင်ရန်ဖြစ်သည်။ ဒုတိယထုံးသက်န်းကပ်ပြီးနောက် ထီးတင်ပွဲကျင်းပရန် ဆွေးနွေးကြသည်။ စိတ်ဝင်စားသူလူကြီးအချို့က အကြံပေးသည်။

အဓိကလုပ်ငန်းရပ်ကြီးများအပြင် ဓမ္မာရုံဆောက်လုပ်ရန်၊တံတိုင်းပြုပြင်ရန်၊ စေတီကို မှန်စီရွှေချရန်နှင့် နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ဘုရားပွဲကျင်းပရန်ဆုံးဖြတ်ကြသည်။ ထို့နောက် ကျောင်းဆရာက ဘုရားအား အမည်သမုဒ်ရန်တင်ပြသည်။

ရှေးဘုရားတစ်ဆူဖြစ်သဖြင့် မည်သို့ခေါ်သည်မသိကြ။

စေတီတော်အရပ်လေးမျက်နှာတွင် မုခ်လေးမုခ်ပါရှိပါသဖြင့် လေးမျက်နှာဘုရားဟု ခေါ်ဝေါ်သမုတ်ရန်တင်ပြသည်။

အောင်စိုးနှင့်အောင်ဌေးဝင်းကဆွမ်းတော်ကြီးခံထွက်ရန် တင်ပြသည်။ အားလုံးသဘောတူကြသည်။ လူအင်အားများလိုအပ်သည့်အတွက် ကျောင်းဆရာက သူ့တပည့်များရှိသဖြင့် တာဝန်ယူသည်။

ဆွမ်းတော်ကြီးခံရန်အတွက် လိုအပ်သည့်ပစ္စည်းများ ရပ်ကွက်လူမှုရေးအသင်းမှ ငှားကြမည်။

လေးမျက်နှာဘုရားပြုပြင်ရန်အတွက် တိုင်ပင်ညှိနှိုင်းသည့် အစည်းအဝေး အောင်မြင်စွာနှင့် ပြီးဆုံးသွားသည်။

အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း နောက်တစ်နေ့တွင် ရပ်ကွက်လူမှုရေးအသင်းမှ ပစ္စည်းများ ငှားကြသည်။

အလှူခံရန်အတွက် ငွေဖလားနှစ်လုံး၊ဆန်နှင့်မုန့်များ၊ သစ်သီးများလောင်းလှူရန် ဗျပ်ဆိုင်းတန်းသုံးစုံကို ငှားသည်။ ဆွမ်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com


ဆိုင်းတီးရန် ပုံထောင်၊ လင်းကွင်း၊ မောင်းကြီး၊ ဒိုးပတ်၊ စည်းနှင့် ဝါးများကိုငှားသည်။

ဆွမ်းတော်ကြီးခံဆိုင်းများရောက်ရှိလာသော်လည်းကျွမ်းကျွမ်းကျင်ကျင် တီးတတ်သူမရှိ။

ကိုကြီးမြ၊ ကိုအောင်သန်း၊ ကိုဖျော့တို့က အကူအညီပေးသည်။

ကျောင်းဆရာ၏တပည့်များဖြစ်သည့် အောင်ကျော်ဦး၊ ညိုဦး၊ ဇော်ဝမ်း၊ တင်ထွန်းနိုင်၊ အောင်သိန်းနိုင်၊ မော်စီတို့ကို သင်ကြားပေးသည်။

ပွဲမဝင်ခင်အပြင်က လေ့ကျင့်ကြသည်။

ညဘက်တွင် လေးမျက်နှာဘုရားအတွင်း၌ ဆွမ်းတော်ကြီးဆိုင်းသံကား သာယာနာပျော်ဖွယ် အလွန်ကောင်းသည်။ ကိုကြီးမြက ပုံထောင်တီးသည်။ ဦးဝဗိုလ်က စည်းနှင့်ဝါး၊ ကိုအောင်သန်းက ဒိုးပတ်၊ ကိုပျော့က ပုလွေမှုတ်၍ လင်းကွင်းကို စိုးဦးကတီးသည်။

ကျွမ်းကျင်သူများဖြစ်သဖြင့်ဆိုင်းသံသည်နားထောင်၍ကောင်းသည်။ ရုံဖန်ရုံခါ တူရိယာသံတစ်မျိုးစီကို ကြားရသည်။

"တုံ . . တုံ . . တုံ . . တုံ . . တုံတုံတုံ . . တပ်"

ကိုကြီးမြက ပုံထောင်ကို ခေါ်တီးတီးပြသည်။ ပုံထောင်သံအဆုံးတွင် မောင်းသမားက တစ်ချက်ထုသည်။

"ဒါက ပုံထောင်ကို ခေါ်တီး တီးလိုက်တာ။ ပတပ်ဆို ရပ်သွားတာနဲ့မောင်းသမားက တစ်ချက်ထု၊ ပုံထောင်ကို ခေါ်နေတုန်း စည်းသမားက ပုံထောင်နဲ့ လိုက်အောင်ချွင် . . ချွင် . . ချွင် . . လို့တီးပေး၊ ပတပ်ဆိုတာနဲ့ ဝါးကထောက်ခနဲချ ဟုတ်လား . . လင်းကွင်းသမားကလဲ ချမ်း . . ချမ်း . ဆိုပြီး လင်းကွင်းကို ဖွင့်တီးပေး ဟုတ်လား။ပုံထောင်ကပတပ်လို့ တီးမယ်။ စည်းက ချပ်ဆိုတီးမယ်။ ဝါးက ထောက်ခနဲမြည်

www.burmeseclassic.com

www.burmeseclassic.com


အောင်တီးမယ်။ အဲ . . လင်းကွင်းကလဲ ချပ်ဆိုမြည်အောင်တီးကွ။ ဒိုးသမားကတော့ ပုံ . . ပုံ . . ပုံ နဲ့ ဗုံထောင်နဲ့ အတူ ပထပ်သို့ ဆုံရုံပေါ့ကွာ . . ဟုတ်လား ”

“ဟော့ကောင်တွေ . . သေသေချာချာနားထောင်ထား။ အားလုံးတီးတတ်အောင်သင်ကြ။ နောက်ကျမှ ဘယ်သူမရှိလို့ မတီးတတ်ဘူး၊ ဘာမတီးတတ်ဘူး၊ ညာမတီးတတ်ဘူး မလုပ်နဲ့ ”

ကိုကြီးမြကဗုံထောင်ခေါ် တီးနည်းကိုသင်နေစဉ်ကျောင်းဆရာက သူ့တပည့်များကိုလှမ်းပြောသည်။ ကျောင်းဆရာ၏တပည့်များသည် သုံးတန်းနှင့်လေးတန်းမှ ကျောင်းသားကလေးများဖြစ်ကြသည်။ကျောင်းသားကလေးများ ဂရုစိုက်၍ သင်ကြသည်။

ဗုံထောင်၊ လင်းကွင်း၊ ဒိုးပတ်၊ စည်း၊ ဝါး၊ မောင်းတို့ဖြင့် အုပ်စုံတီးပြသည်။ တစ်မျိုးစီခွဲ၍ တီးပြသည်။

နေ့စဉ် ဆယ့်လေးငါးရက်ခန့် လက်တွေ့သင်ပေးသည်။

ကျောင်းသားကလေးများ ကျွမ်းကျွမ်းကျင်ကျင် တီးတတ်လာကြသည်။ ဆွမ်းတော်ကြီးဆိုင်းသံ မကြားရသည်မှာ ကြာပြီဖြစ်သဖြင့် သက်ကြီးရွယ်အိုအချို့ကမူ အလွမ်းပြေ လာ၍နားထောင်ကြသည်။

ဝါဆိုလပြည့်နေ့လည်း နီးပြီ . . ။

ဆွမ်းတော်ကြီးခံ စ၍ထွက်ရပေတော့မည်။

သည်နေ့ အဖိတ်နေ့ . . ။

မနက်ဖြန်ဆို ဝါဆိုလပြည့်နေ့ ရောက်တော့မည်။ ဝါဆိုလပြည့်နေ့ဆွမ်းကပ်နိုင်ရန် အဖိတ်နေ့ကစ၍ ဆွမ်းတော်ကြီးခံထွက်ကြသည်။ မနက်ပိုင်းအလင်းရောင်နှင့်အတူ ဆွမ်းတော်ကြီးခံ ဆိုင်းသံကြားနေရသည်။

လေးမျက်နှာဘုရားထဲမှ ပုဆိုးအဖြူ အင်္ကျီအဖြူဆင်တူဝတ်

www.burmeseclassic.com

www.burmeseclassic.com


ဆင်ထားသည့် ကလေးငယ်များ တန်းစီ၍ထွက်လာကြသည်။

ရှေ့ဆုံးမှ ကြေးစည်၊ဆွမ်းတော်ဗျပ်ဆိုင်းထမ်းသုံးခု၊ နောက်တွင် ဆွမ်းတော်ကြီးခံဆိုင်းအဖွဲ့ ဖြစ်သည်။ ဘေးတစ်ဖက်တစ်ချက်စီမှ ငွေဖလားကိုင် လူငယ်နှစ်ဦးပါသည်။

ရှေ့ဆုံးမှ ကြေးစည်၊ ဆွမ်းတော်ကြီးဗျပ်ဆိုင်းကိုင်လူငယ်တို့၏ စိတ်သည်ကြည်လင်နေသည်။ ဖြူစင်နေသည်။ဝတ်ဆင်ထားသည့် အဖြူ ရောင်ဝတ်စုံနှင့်လိုက်ဖက်လှပေသည်။

"တူ . . ဝေ . . ဝေ . . ဝေ"

"တူ့ . . ဝေ . . ဝေ . . "

"တူ . . ဝေ . . ဝေ . . ဝေ"

ကြေးစည်သံပထမကြားရသည်။ ထို့နောက် ဆိုင်းသံကိုကြားရသည်။ ကြိုတင်လေ့ကျင့်ထားသဖြင့် အမှားအယွင်းမရှိ။ ဆိုင်းအဖွဲ့တွင် နှဲနှင့်မောင်းဆိုင်းဆရာတို့ကို အကူအညီတောင်း၍ တွဲဖက်တီးမှုတ်စေသည်။

ရောင်ခြည်တော်ဘွဲ့သီချင်းကိုတီးမှုတ်သည်မှာ အလွန်သာယာဖွယ်ရှိသည်။

"မြောင်မြို့အလယ်ရပ်လေးမျက်နှာဘုရားပြုပြင်ရန်နှင့်အရုဏ်ဆွမ်းကပ်လှူရန် သဒ္ဓါတပ်အား နည်းများမဆို ပါဝင်လှူဒါန်းနိုင်ကြပါတယ်ခင်ဗျား"

"ချပ် . . ချပ် . . ချပ်"

အောင်ကျော်ဦး၏ အလှူတော်ငွေအတွက် ဖိတ်ခေါ်သံ၊ ငွေဖလားအတွင်းမှ ငွေအကြွေများကို ထက်အောက်လှုတ်ပေးသံဖြင့် ကြားရသည့်အသံ . . ။

မြို့တစ်ဝက်စီကို နံနက်ပိုင်း၊ ညနေပိုင်းခွဲ၍ အလှူခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com


နံနက်ပိုင်းတွင် ဈေးအတွင်းသို့ အလှူခံဝင်ကြသည်။ မြို့သူမြို့သား၊ ဈေးသူဈေးသားများ စိတ်အားထက်သန်စွာ လောင်းလှူကြသည်။

ညနေပိုင်းအချိန်၌ တစ်ကြိမ် ဆွမ်းတော်ကြီးခံထွက်ပြန်သည်။

သစ်သီးများ၊ မုန့်များ၊ ငွေများ၊ ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။ နင့်နေအောင် ရကြသည်။

လပြည့်နေ့ နံနက်အရုဏ်ဆွမ်းကပ်ရန် လူငယ်များကျောင်းဆရာအိမ်တွင် အိပ်ကြသည်။

မအိပ်မီ ကျောင်းဆရာက ပုံဝတ္ထုများ ပြောသည်။

ဘုရားအို၊ ကျောင်းအို၊ ရေတွင်းပျက်များ ပြုပြင်ခြင်းကြောင့် ကုသိုလ်ရပုံ၊ နတ်သိကြားဖြစ်ရပုံများကို ပြောပြသည်။

လူငယ်များစိတ်ဝင်စားစွာဖြင့် နားထောင်ကြသည်။ နှစ်ချိုက်စွာဖြင့် အိပ်ပျော်သွားကြသည်။

နံနက်သုံးနာရီခန့်တွင် ကျောင်းဆရာကသူ့တပည့်များကို နှိုးသည်။ အရန်သင့်ချက်ထားသော ဆွမ်းများကို ဘုရားသို့ယူသည်။

ဆွမ်းတော်ကြီးအုပ်ထဲသို့ ပြောင်းထည့်သည်။

မုန့်များ၊ သစ်သီးများဖြင့် ဆွမ်းတော်ကပ်ရန် ထွက်ခဲ့ကြသည်။

ရောင်ခြည်တော်ဘွဲ့သီချင်းအလိုက်နှင့်တီးသည့် ဆွမ်းတော်ကြီးခံဆိုင်းသံသည် အလွန်သာယာနာပျော်ဖွယ်ကောင်းသည်။

ပထမဦးဘုရား(ရွှေပေါ်ကျွန်းဘုရား)၊ ဒုတိယဝင်းလှိုင်ဘုရား၊ တတိယပဲ့ဘုရားတို့ကို အစဉ်လိုက် ဆွမ်းတော်ကပ်ကြသည်။ နောက်ဆုံးလေးမျက်နှာဘုရားကို ဆွမ်းတော်ကပ်သည်။

"သပုရိသန္တယ်ဝင် သူတော်စင်အပေါင်းတို့ခင်ဗျာ . . အများပြည်သူလောင်းလှူဒါနပြုသည့် ဆွမ်းခဲဘွယ်ဘောဇဉ်အရသာတို့ကို ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com


ရှင်တော်မြတ်ဘုရားနှင့်တကွ တပည့်သားသံဃာတော်မြတ်အပေါင်းတို့ကိုရည်မှန်း၍ ဆွမ်းကပ်လှူဒါန်းပြီးမြောက်ပါသဖြင့် အားလုံးကြား . . ကြားသမျှ . . . အမျှ . . . အမျှ . . . အမျှ . . ယူတော်မူကြပါခင်ဗျား"

ချိုဝမ်းကဆွမ်းတော်ကပ်ပြီးအပြန် ဘုရားအဝင်ဝရောက်တိုင်း အမျှပေးသည်။

"သာဓု . . . သာဓု . . . သာဓု"

"တူဝေဝေ . . . ဝေ . . . ဝေ"

လူငယ်များ သံပြိုင်သာဓုခေါ်ကြသည်။ ချိုသာအေးမြသည့်ကြေးစည်သံကိုပါ တစ်ပြိုင်တည်း ကြားလိုက်ရသည်။ အရှုဏ်ဦးပီတိအဖြစ် ခံစားကြရပေသည်။

* * * * *

"သူငယ်ချင်း . . . သူငယ်ချင်း . . . အောင်ဒွေးဝင်း"

"အောင်စိုး . . ငါမနေရတော့ဘူးကွာ . . ငါသေသွားရင် ငါ့အတွက် ကရုဏာကြေးရတဲ့အခါ . . ရတဲ့ပိုက်ဆံအားလုံးကို လေးမျက်နှာဘုရား ဓမ္မာရုံဆောက်ဖို့ လှူပေးပါကွာ . . အဖေနဲ့အမေတို့ကိုလဲ ပြောလိုက် . . . "

အောင်ဒွေးဝင်းစကားပြောရင်း ဇတ်စောင်းကျသွားသည်။ဆုံးပြီ။

ရဲစခန်းရှေ့တစ်နေရာတွင် ရင်နင့်ဖွယ်ရာမြင်ကွင်းကိုတွေ့ရသည်။ကြက်ခြေနီရဲဘော်အောင်ဒွေးဝင်း၊မီးသတ်ရဲဘော်အောင်ဒွေးဝင်း ဆုံးရှာပြီ။

www.burmeseclassic.com

www.burmeseclassic.com


အောင်ငွေးဝင်းသည်လေးမျက်နှာဘုရားဂေါပကအဖွဲ့ဝင် ဖြစ်သည်။

လူမှုရေးကိစ္စများကိုရှေ့တန်းမှဆောင်ရွက်သည်။ဦးသိန်းထွန်း အလှူအတွက် ပစ္စည်းများ ကားနှင့်ပို့ရင်း ကားပေါ်မှလိမ့်ကြသည်။

အောင်ငွေးဝင်းတွင် ဒဏ်ရာမတွေ့ရ။

ဆေးရုံရောက်တော့ ဦးခေါင်းနောက်တွင် ဒဏ်ရာရသည်ကို သိရသည်။ သူငယ်ချင်းများဖြစ်သည့် အောင်စိုး၊ ကြည်ဝင်း၊ ဆယ်သိန်းတို့ ငိုကြသည်။ ယူကြုံးမရ ဖြစ်ကြသည်။

နောက်ဆုံးထွက်သက်အထိ ဘုရားပေါ် သံယောဇဉ်ရှိသော အောင်ငွေးဝင်းမှာ သူသေလို့ ကရုဏာကြေးရရင် ဘုရားဓမ္မာရုံအတွက် လှူဖို့ပြောခဲ့သည်။

လေးမျက်နှာဘုရားဓမ္မာရုံအတွက် အသက်နှင့်ရင်း၍ လှူဒါန်းသကဲ့သို့ ထင်မှတ်ရသည်။

ကိုအောင်ငွေးဝင်း၏ စျာပနတွင် မီးသတ်ရဲဘော်များ၊ကျောင်းသားကျောင်းသူများ၊ ကြက်ခြေနီရဲဘော်များဖြင့် စည်ကားလှသည်။ အောင်ငွေးဝင်းအတွက် အားလုံးမျက်ရည်ကျရသည်။ မြို့သူမြို့သားအားလုံး ဝမ်းနည်းပက်လက်ဖြစ်ရသည်။ စိတ်မကောင်းဖြစ်ကြရသည်။

လေးမျက်နှာဘုရားဂေါပကအဖွဲ့ဝင် တစ်ယောက်လျော့သွားသည်။

အဖိတ်နေ့ ဆွမ်းတော်ကြီးခံထွက်တိုင်းအောင်ငွေးဝင်းကိုသတိရကြသည်။ အောင်ငွေးဝင်းအတွက် ကားပိုင်ရှင်က ကရုဏာကြေးများပေးသည်။ အောင်ငွေးဝင်း၏ ဆန္ဒအတိုင်းပင် သီတင်းကျွတ်အမီ ဓမ္မာရုံဆောက်ကြသည်။

အလှူခံရရှိငွေဖြင့် ထုံးသင်္ကန်းကပ်ကြသည်။ ဘုရားကို ပြုပြင်

www.burmeseclassic.com

www.burmeseclassic.com


ကြသည်။ ဆွမ်းတော်ကြီးခံအဖွဲ့သားဖြစ်သည့် လူငယ်များ၏ စွမ်းပကား ထက်မြက်လှပေသည်။စုပေါင်းလုပ်ဆောင်ခြင်း၏ အကျိုးကိုလည်း သိလာကြသည်။

ရပ်ကွက်အတွင်းရှိလူငယ်များလေးမျက်နှာဘုရားပြုပြင်ရေးကို အားတက်သရော လုပ်ဆောင်ကြသည်။

ဘုရားဝင်းအတွင်း အမှိုက်သရိုက်များကို ရှင်းကြသည်။

အထီးကျန်နေသူမှာဝင်းဦးဖြစ်သည်။

ကျောင်းပိတ်လျှင် လေးခွတစ်ချောင်းဖြင့် ငှက်ပစ်နေသည်။ ဆွမ်းတော်ကြီးခံလည်းမလိုက်၊ သူငယ်ချင်းများလုပ်လျှင်လည်းမကြိုက်။

"အောင်သိန်းနိုင်မင်းတို့ဆွမ်းတော်ကြီးခံထွက်တာလဲရှက်စရာကြီးကွာ။ အပိုအလုပ်တွေလုပ်မနေစမ်းပါနဲ့ "

"ဘာဖြစ်လို့လဲကွ"

"အဖြူဝမ်းဆက်နဲ့ ထောင်သားတွေကျနေတာပဲ။ ဟိုလျှောက်တောင်း ဒီလျှောက်တောင်းနဲ့"

"ဝင်းဦး. . မင်းအဲလိုတော့. . မပြောနဲ့ကွာ . . တောင်းတာက သူတောင်းစားကွ။ ငါတို့က ဘုရားအတွက် အလှူခံတာ"

ဦးဘမောင်အိမ်နားက ရေတွင်းအနီးတွင်အောင်သိန်းနိုင်နှင့် ဝင်းဦးတို့ အခြေအတင်စကားပြောနေသည်။ ကျောင်းဆရာက ရေချိုးနေ၏။

ဝင်းဦးနှင့်အောင်သိန်းနိုင်တို့နှစ်ဦးပြောစကားများကိုကြားနေရသည်။ကျောင်းဆရာရေချိုးပြီးမျက်နှာသုတ်ပဝါဖြင့် ဆံပင်များကို သုတ်ရင်းကလေးနှစ်ဦးစကားပြောနေသည့်နေရာသို့ ရောက်လာသည်။

"မောင်ဝင်းဦး"

"ဗျာ . . . ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com


"မောင်ဝင်းဦးပြောတာဆရာကြားပါတယ်ကွာ။ဆွမ်းတော်ကြီးခံတဲ့လူတွေ အဖြူဝတ်စုံနဲ့မို့ ထောင်သားတွေနဲ့ တူတယ်လို့ . . . "

ဝင်းဦးခေါင်းငုံ့နေသည်။

အောင်သိန်းနိုင်ကသူမဖြေနိုင်သည့်စကားကိုကျောင်းဆရာကဝင်ဖြေပေးသည်မို့ ဝမ်းသာနေသည။

"ထောင်သားတွေဝတ်တဲ့ အဖြူဝတ်စုံဟာ ပြစ်ဒဏ်တွေစင်အောင်လုပ်နေတယ်။ပေးဆပ်နေတယ်လို့သရုပ်ဆောင်တယ်. . မောင်ဝင်ဦး။ အဲ. . . ဆွမ်းတော်ကြီးခံတဲ့သူတွေ ဝတ်တဲ့ဝတ်စုံအဖြူကြတော့ သူတော်ကောင်းတွေဝတ်တယ် သီလသမာဓိစင်ကြယ်တဲ့စိတ်ရှိတယ်လို့ အဓိပ္ပာယ်ရတယ်ကွ။ အဖြူတော့ အဖြူပဲပေ့ါကွာ. . . အဖြူချင်းမတူတဲ့အဖြူပေ့ါ. . . "

ကျောင်းဆရာ၏စကားကို ဝင်းဦးငြိမ်၍ နားထောင်နေသည်။ ကျောင်းဆရာက မောင်ဝင်းဦးကို ဆုံးမစကား ဆက်တိုက်ပြောလိုက်သည်။

"မောင်ဝင်းဦး လေးခွနဲ့ငှက်ပစ်နေတော့ ငရဲကြီးတာပေ့ါကွာ။ သူ့အသက်ကို သတ်သလိုကိုယ့်အသက်လဲ အသတ်ခံရတတ်တယ်။ ဝင်္ခလိုက်တတ်တယ် မောင်ဝင်းဦးရဲ့ . . . ငှက်ကလေးတွေ အဖေအမေနဲ့ ကွဲသလို ကိုယ်လဲ အဖေနဲ့အမေ ကွဲတတ်တယ်။ ဆွမ်းတော်ကြီးခံတာ ရှက်စရာမဟုတ်ပါဘူးကွာ. . . ငှက်ပစ်တာ၊လေးခွကိုင်တာကရှက်စရာကြီးပါ။ မင်းလဲ မင်းသူငယ်ချင်းတွေနဲ့ ဆွမ်းတော်ကြီးခံ လိုက်ကြည့်ပေ့ါ။ ပျော်စရာကောင်းပါတယ်"

"ကျွန်တော်မှ ဆိုမတီးတတ်တာ"

"မင်းသူငယ်ချင်းတွေက သင်ပေးမှာပေ့ါကွ"

"ဟုတ်တယ် ဝင်းဦး။ မင်းလိုက်မယ်ဆိုရင် တို့သင်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com


အောင်သိန်းနိုင်က ကြားဖြတ်ဝင်ပြောသည်။ ဝင်းဦးက ဆွမ်းတော်ကြီးခံ လိုက်ချင်ဟန်မတူ။ ဆင်ခြေထပ်ပေးသည်။

"အိမ်မှာက နွားချေးကျုံးရသေးတယ်။ အဖေတို့ကလဲ လိုက်ရမှာမဟုတ်ပါဘူး. . . ဆရာကြီးရယ်"

"မင်းအဖေကို ဆရာကြီးလာပြောပေးမယ်။နွားချေးကျုံးဖို့ မင်းသူငယ်ချင်းတွေက ကူလုပ်ပေးလိမ့်မယ်။ မင်း ဆွမ်းတော်ကြီးခံလိုက်ဖို့သာပြင်ထားလိုက်. . . ဟုတ်လား မောင်ဝင်းဦး"

ကျောင်းဆရာက ဝင်းဦးက စည်းရုံးသည်။

နောက်ရက်တွင် ဝင်းဦးမိဘများကို ဝင်ပြောသည်။မိဘများကလည်း ခွင့်ပြုသည်။ ဝင်းဦး ဆွမ်းတော်ကြီးခံ မလိုက်ချင်လိုက်ချင်နှင့် လိုက်ရသည်။

တဖြည်းဖြည်း ဝင်းဦးပျော်လာသည်။

ဆွမ်းတော်ကြီးခံ တစ်ပတ်ပြီးတစ်ပတ်ကြာလာသည်နှင့် ဝင်းဦး ဆွမ်းတော်ကြီးခံဆိုင်း တီးတတ်သွားသည်။

ကျောင်းဆရာက ဆွမ်တော်ကြီးခံသည့်မူလတန်းကျောင်းသားကလေးများကို သူ့အိမ်တွင်အိပ်စေ၍ အချိန်ပိုစာသင်ပေးသည်။

ဆွမ်းတော်ကြီးခံ၍ စာမေးပွဲကျသည်။ စာညံ့သည်ဟု မိဘများက အပြောမခံရအောင် တပည့်များကို ကြိုးစားစေသည်။

စတုတ္ထတန်းနှင့်တတိယတန်းမှ ကျောင်းသူများအတွက် ဓမ္မစကြာအသင်းဖွဲ့ပေးသည်။

မအေးလွင်ကို အဖွဲ့ခေါင်းဆောင်ခန့်သည်။ ညစဉ် ဓမ္မစကြာရွတ်ကြသည်။ မြို့လယ်မှ ဒေါ်သန်းစိန်က သံနေသံထားချပေးသည်။

ကလေးငယ်များ သံပြိုင်ဓမ္မစကြာရွတ်ဆိုသံသည်အလွန်သာယာနာပျော်ဖွယ်ကောင်းသည်။ ကြည်ညိုဖွယ်ရာကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကဲ တပည့်တို့ ဓမ္မစကြာတော့ အတော်လေးရပြီ။ ဘုရားပင့် နဲ့တရားပင့်အတွက် သင်ဖို့လိုသေးတယ်။ မနက်ဖြန်ကျရင် ဒေါ်ချစ်စိန်က သင်ပေးလိမ့်မယ် ဟုတ်လား"

"ဆရာကြီး အညက်က မနက်ဖြန်တောပြန်မှာမို့ ခွင့်နှစ်ရက်ပေးပါတဲ့"

"ဟုတ်လား အညက်. . ."

"ဟုတ်ပါတယ် ဆရာကြီး"

ကျောင်းဆရာက တပည့်များကိုဓမ္မစကြာ မှတစ်ဆင့်ဘုရားပင့်၊ တရားပင့်စာများကို ဒေါ်ချစ်စိန်အကူအညီဖြင့် သင်ပေးသည်။အညက်ခွင့်ယူမည့်အကြောင်း မဌေးကထပြောသည်။ အညက်ကို ခွင့်နှစ်ရက်ပေးသည်။

"ရွာကပြန်လာရင် မပျက်စေနဲ့ ဟုတ်လား"

"စိတ်ချပါ ဆရာကြီး"

"အေးလွင်တို့၊ စိုးစိုးမာတို့၊ တင်မြင့်တို့ ဓမ္မစကြာရအောင် ကျက်ခဲ့ကြနော်။ လပြည့်နေ့ကျရင် အထစ်. . . အထစ် လုပ်မနေနဲ့။ တရားပင့်နဲ့ ဘုရားပင့်အတွက် စာရွက်တွေ မနက်ဖြန်ကျမှ ဝေမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

သီတင်းကျွတ်လပြည့်နေ့နီးပြီ။ ဓမ္မာရုံလည်း ဆောက်၍ပြီးပြီ။ ထီးတင်ရန်ပြင်ဆင်မှုများဆင်နေသည်။ လပြည့်နေ့နံနက်တွင် ထီးတင်မည်။ နေ့လယ်တစ်နာရီတွင် ဆွမ်းဆန်စိမ်းလောင်းပွဲလုပ်မည်။ လူငယ်များ၏ကြိုးစားမှု အဖြေပေါ်တော့မည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်လပြည့်နေ့ . . . ။

လေးမျက်နှာဘုရားမှာ အလွန်ကြည်ညိုစရာကောင်းနေသည်။

ထုံးသင်္ကန်းကပ်လျှပ်ထားသဖြင့် စေတီမှာ ဖြူဖွေးနေသည်။

ထီးတင်ရန် ပန်းရထားငယ်ကလေး အသင့်ပြုလုပ်ထားသည်။

ဓမ္မာရုံအသစ်ကလေးအတွင်းရောင်စုံစက္ကူများနှင့်လှပစွာဆင်ယင်ထားသည်။

လူငယ်များ ကိုယ့်တာဝန်နှင့်ကိုယ် အလုပ်ရှုပ်နေကြသည်။

ကျောင်းဆရာက လူငယ်များကို သန့်ရှင်းရေးနှင့် သောက်ရေအိုးများ ရေဖြည့်ရန် တာဝန်ပေးထားသည်။ အချို့လူငယ်များကို ကန်တော့ပွဲများ ပြင်ရန် ခိုင်းထားသည်။

နံနက်ဆယ်နာရီတွင် အားလုံးတာဝန်ကျေအောင် လုပ်ပြီးပြီ။

ဆိုင်းသံဗုံသံများဖြင့် ဆူညံနေပြီ။

အောင်သိန်းနိုင်တို့ ညိုဦးတို့ အောင်ကျော်ဦးတို့အဖွဲ့ကလည်း ဆွမ်းတော်ကြီးခံဆိုင်းကို မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်နေကြသည်။

ဇော်ဝင်းနှင့် မျိုးမင်းတို့အဖွဲ့က ပန်းရထားကြီး ဆွဲရမည်။

အေးလွင်တို့ မိန်းကလေးအဖွဲ့ကကန်တော့ပွဲစောင့်တာဝန်ကျသည်။

ဆန်းလင်းတို့အဖွဲ့က စေတီပေါ်က ပိုက်ဆံကြသည်။

လေးမျက်နှာဘုရားအတွင်းရော အပြင်ပါ ပရိသတ်များ ကြိတ်ကြိတ်တိုးနေသေည်။ လူငယ်များ၏ မိဘဆွေမျိုးများ၊ မြို့မိမြို့ဖများလည်း ရောက်နေကြသည်။

“ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ခင်ဗျား။ မကြာမီအချိန်အတွင်းမှာ လေးမျက်နှာဘုရား ထီးတော်တင်ပွဲကို စတင်ပါတော့မယ်။ပထမအစီအစဉ်အနေနဲ့ ထီးတော်ကိုဘုရားသုံးပတ်ပတ်ပြီး ပူဇော်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြစ်တဲ့အတွက် ဆွမ်းတော်ကြီးအဖွဲ့ အသင့်ပြင်ထားပါ။ ရှေ့ဆုံးက နာယကဆရာတော်ကြီးများ ကြွပါတယ်။ ထီးတော်ကိုင်အဖွဲ့က ဆရာတော်ကြီးများနောက်က လိုက်ပါမယ်။ အဲဒီနောက်က ဆွမ်းတော်ကြီးအဖွဲ့ဖြစ်ပါတယ်”

မွန်းတည့်၁၂နာရီတွင် အသံချဲ့စက်မှ အောင်စိုးက အစီအစဉ်များကိုကြေညာပေးသည်။ အစီအစဉ်အတိုင်း ကျောင်းဆရာက ဆရာတော်ကြီးများကို ပင့်သည်။ ထီးတော်ကို ဝတ်ဖြူစင်ကြယ်ဖြင့် လူငယ်များက ပင့်ဆောင်သည်။ ဆွမ်းတော်ကြီးအဖွဲ့သားများကလည်း ဝတ်စုံအဖြူကို ဝတ်ဆင်လျက် ရောင်ခြည်တော်ဘွဲ့ကို တီးမှုတ်လျက် လက်ယာရစ်သုံးပတ်ပတ်၍ ပူဇော်ကြသည်။

ထီးတော်ကို တစ်ဆင့်ပြီးတစ်ဆင့်ပန်းရထားဖြင့် တင်ကြသည်။ ထီးတင်နေစဉ် ဦးခင်အောင်စည်တော်အဖွဲ့ တီးမှုတ်ပေးသည်။ ရတုများ ရွတ်ဆိုသည်။

မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။ ပိုက်ဆံများကြဲကြသည်။

ပရိသတ်များအားလုံး ထီးတော်ကိုကြည်ညိုကြသည်။ထီးတော်တင်ပွဲ အောင်မြင်စွာဖြင့် ပြီးဆုံးသွားသည်။

တစ်ဆက်တည်းမြို့ပေါ်မှ သံဃာတော်အရှင်သူမြတ်များအားလုံးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူသည်။

ကန်တော့ပွဲများကို မဲဖောက်၍လှူသည်။ အလှူရှင်များက သံဃာတော်များကို ကိုယ်တိုင်လှူဒါန်းကြသည်။ ကြည်ညိုကြသည်။

ဆင်ရှင်ကျောင်းဆရာတော် ဦးပဏ္ဍိတက ရေစက်ချတရားတော်ဟောသည်။

ညနေသုံးနာရီတွင် ထီးတော်တင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲစည်းကားသိုက်မြိုက်စွာ ကျင်းပပြီးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


အောင်ပွဲအထိမ်းအမှတ်အဖြစ် ညပိုင်းတွင် ဆီမီးတစ်ထောင် ပူဇော်ပွဲကျင်းပကြသည်။

လူငယ်များသည် သူတို့၏အောင်မြင်မှုအတွက် ဝမ်းသာနေကြသည်။ ညနေစာထမင်းပင် မစားနိုင်ကြ။

ညနေပိုင်းတွင်အချို့ပစ္စည်းများသိမ်းကြသည်။ အချို့ကစေတီပတ်လည်တွင် ဖယောင်းတိုင်များ စိုက်ထူထားကြသည်။

ညခုနစ်နာရီတွင် ဆီမီးတစ်ထောင်စတင်ပူဇော်ကြသည်။မီးရှူးမီးပန်းများလွှတ်တင်ကြသည်။ ရောင်စုံမီးပန်းများ ကောင်းကင်သို့တက်သွားသည်။ တစ်ဆက်တည်းမှာပင် ဓမ္မစကြာအဖွဲ့က မီးပူဇော်သည်။

အမျှပေးဝေကြသည်။

ကြေးစည်သံနှင့်အတူစိန်ဖူးတော်မှ ရောင်ခြည်တော်များလွှတ်သည်။ ပရိသတ်များအားလုံး ဖူးမြော်ကြည်ညိုကြသည်။

ပရိသတ်များလည်း အံ့သြမဆုံးဖြစ်ကြသည်။

လူငယ်တို့၏ စွမ်းအားက ထက်မြက်လှသည်။

ထူးခြားလှသည်။

သန့်ရှင်းစင်ကြယ်သော စေတနာ၏ တန်ခိုးအာနိသင်ကို မျက်ဝါးထင်ထင်တွေ့ထိ ခံစားကြရလေတော့သည်။

**မောင်နိုင်ခန့်**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com